ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်း မရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင် ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်းမပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

၁၃၇၉ ခုနှစ် ဝါခေါင်လပြည့်၊ တနင်္လာနေ့။ | Monday, 7 August 2017 | (၉၀၀၉)

# မောင်တောတွင် ဖြစ်ပွားခဲ့သည့် ကိစ္စရပ်များအား စုံစမ်းစစ်ဆေးရေးကော်မရှင်က လေးကြိမ်ကွင်းဆင်းစစ်ဆေးကာ အသေးစိတ်စုံစမ်းခဲ့ ဒေသ၏ အတိတ်နောက်ခံအခြေအနေနှင့် လက်ငင်းဖြစ်ပျက်အခြေအနေများကိုသုံးသပ်ပြီး ဆောင်ရွက်သင့်သည်များကို အကြံပြုထား

## ရခိုင်ပြည်နယ် မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင် သတင်းစာရှင်းလင်း

ရန်ကုန် ဩဂုတ် ၆

ဒုတိယသမ္မတ ဦးမြင့်ဆွေခေါင်းဆောင်သော မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ နိုင်ငံတော်ဧည့်ဂေဟာ ကျောက်စိမ်းခန်းမ၌ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ စုံစမ်းစစ်ဆေးတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအား သတင်းစာရှင်းလင်းပွဲ ပြုလုပ်သည်။ (အောက်ပုံ)

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖




**မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အဓိကတွေ့ရှိချက်များ**

- ✻ မောင်တောဒေသဖြစ်စဉ်သည် လူသားမျိုးနွယ်အား ဆန့်ကျင်သည့် ရာဇဝတ်မှု (Crimes against humanity) လုံးဝမဟုတ်။
- ✻ မောင်တောဒေသဖြစ်စဉ်တွင် လူမျိုးတုံးသတ်ဖြတ်သန့်စင်ခြင်း(Ethnic cleansing)ဟု ယူဆနိုင်သည့်အနေအထား လုံးဝမတွေ့ရှိ။
- ✻ လူမျိုး/ဘာသာ အုပ်စုတစ်အုပ်စုအား ပထဝီနယ်မြေတစ်ခုမှ ဖယ်ရှားရန်အတွက် ရည်ရွယ်ချက်ရှိစွာ မူဝါဒရေးဆွဲချမှတ်၍ ကျင့်သုံးဆောင်ရွက်ခြင်းမျိုး လုံးဝမရှိ။
- ✻ မောင်တောဒေသဖြစ်စဉ်တွင် လူမျိုးတုံးသတ်ဖြတ်ခြင်း(Genocide) ဖြစ်ရပ်မျိုး လုံးဝမတွေ့ရှိ။

YOKOHAMA
မြန်မာပြည် တစ်ဦးတည်း ကိုယ်စားလှယ် -
အနော်ရထာ တာယာအရောင်းပြခန်း
အမှတ် - ၂၆၉၊ ဗားဂရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
မြေနီကုန်း - 01-501901, 09-421167021, 535837, 09-420237009, 539539
ဘုရင့်နောင် - 01-682562, 683665,683200, 686419, 527149, 523766, 532174


ကြေးမုံ

# အသိပညာ ဆည်းပူးလေ့လာ

မျက်မှောက်ကာလမှာ နည်းပညာခေတ်ဖြစ်၍ ပညာဗဟုသုတများ လေ့လာဆည်းပူးစရာပေါများလှသည်။ အသိပညာမျှဝေသော စာနယ်ဇင်းမျိုးစုံတို့နှင့်အတူ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင်လည်း သိစရာမှတ်စရာ အဖြာဖြာတို့ကို ဝေဝေဆာဆာမြင်တွေ့ဖတ်ရှုရပေလိမ့်မည်။ ယင်းတို့အထဲမှ အကောင်းထုတ်၊ အဆိုးနုတ်ပြီး မိမိတို့အတွက် အကျိုးရှိရာရှိကြောင်းတို့ကို ဖတ်မှတ်လေ့လာဆည်းပူးအပ်သည်။

ပညာဗဟုသုတများကို လေ့လာလိုက်စားဆည်းပူးသည်ဆိုရာ၌ မြတ်စွာဘုရားရှင်က "မမေ့မလျော့ အမြော်အမြင်ရှိသူသည် ကြားနာမှတ်သားခြင်းဖြင့် ပညာရနိုင်သည်" ဟု ဟောကြားထားသည်။ မြန်မာတို့၏ ရှေးရိုးအစဉ်အလာတွင်လည်း "ပညာရှာ ပမာသူဖုန်းစား" ဟူသော စကားပုံရှိသည်။ ပညာကို သူတောင်းစားများကဲ့သို့ တွေ့သမျှလူကို ပေးသမျှတောင်းယူရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ စတုရင်္ဂဗလအမတ်ကြီးက "ကြားနာ မှတ်သားခြင်းဖြင့် ဗဟုသုတအကြားအမြင်များခြင်း ဖြစ်နိုင်သည်။ ဗဟုသုတအကြားအမြင်များခြင်းကြောင့် ပညာဉာဏ်ကြီးမားပွားများနိုင်သည်"ဟု ရေးသားထားသည်။

ပညာရှာရာ၌ မြင်မြင်သမျှ၊ ကြားကြားသမျှ မှတ်သားရမည်ဟု ဆိုလိုရင်းတော့ မဖြစ်တန်ချေ။ ပညာရှိတို့ ပြောသောစကားများအား မှတ်သားနာယူ၊ မေးမြန်းဆည်းပူးခြင်းသာဖြစ်သင့်သည်။ ပညာရှိတို့သည် တစ်လမ်းသွားမသွားဘဲ အပြန်အလှန် မေးမြန်းဖြေကြား မှတ်သားနာယူကြသည်။ ငါပညာရှိဟူ၍လည်း ပညာမာန်တက်ခြင်းလည်းမရှိ၊ ငါ့ပညာသာ အမှန်၊ သူ့ပညာကအမှားဟူ၍ စွပ်စွဲဝေဖန်ခြင်းလည်းမရှိချေ။ မိမိဆည်းပူးလေ့လာထားသော ဉာဏ်ပညာစွမ်းအားဖြင့် ချင့်ချိန်သုံးသပ်ခြင်းသာပြုသည်။ မြန်မာစာပေသမိုင်း၌ ပညာရှိတစ်ဦးက အမေးပုစ္ဆာထုတ်၍ အခြားပညာရှိတစ်ဦးက ဖြေဆိုလေ့ရှိသည့် အမေးအဖြေစာပေမှာ ရှားပါးသွားပြီဖြစ်သည်။

ပညာရှိတစ်ဦးတည်းက မိမိသဘောအတိုင်း အမေးပုစ္ဆာထုတ်၍ မိမိဘာသာဖြေသော တစ်ဦးတည်း အမေးအဖြေစာပေမျိုးများ ပေါ်များလာသည်။ တစ်ဦးတည်းအမြင်၊ တစ်ဦးတည်းအသိဖြင့် ပြောကြားထားသော စကားများ၊ စာများသာပေါ်ထွက်နေသည်ဟုဆိုရမည်။ အမေးအဖြေ ပညာစမ်း၊ ဉာဏ်စမ်းပုစ္ဆာတို့ကို လူပညာရှိတို့ထက် ရဟန်းပညာရှိတို့က ပြုလုပ်ကြသည်မှာ မှတ်သားစရာဖြစ်သည်။

ပညာရှာရာတွင် ဒေါင်းသဏ္ဌာန်ကဲ့သို့အားထုတ်အပ်၏။ ဒေါင်းပေါက်စသည် ငယ်စဉ်က အမွေးအတောင်မရှိ၊ အသားအရေ နီစုတ်စုတ်နှင့် ရှုချင်စဖွယ်မရှိချေ။ ဒေါင်းပေါက်စသည် တဖြည်းဖြည်းကြီးပြင်းလာလေလေ အမွေးအတောင်များစုံလာပြီး အရောင်တလက်လက်နှင့် ကြည့်၍ရှု၍မဝအောင် လှပ၏။ ဒေါင်းကဲ့သို့ပင် ငယ်စဉ်က ပညာအလှမပြည့်ဝသော်လည်း အသက်အရွယ်ကြီးလာလေလေ ပညာပြည့်ဝနှလုံးလှအောင် အားထုတ်သင့်၏။

ပညာရှာခြင်းနှင့်ပတ်သက်၍ ရဟန်းပညာရှိ ရှင်မဟာရဋ္ဌသာရက "စာသင်ဟူက၊ ကျမ်းထိုမျှကို၊ တွေ့က မရှောင်၊ ကြောင်ပုစွန်စား၊ ကျွတ်ကျွတ်ဝါးသို့၊ လွှသွားပမာ၊ ကျောက်ထက်စာသို့၊ လိုရာရအောင်၊ ကြံဆောင်လေ့ကျက်၊ အနက်အဓိပ္ပာယ်၊ နှုတ်ဝယ်ရွရွ၊ ထားချေမှတည့်" စသည်တို့ဖြင့် ဆုံးမထား၏။ ကြောင်သည် ပုစွန်ကို အခြားအစာများထက်ကြိုက်သဖြင့် အားရစွာဖြင့် ကျွတ်ကျွတ်မြည်အောင်စားသကဲ့သို့ ပညာကိုလည်း အားရစွာဖြင့် ကြိုးစား၍သင်ကြားပါဟု ဆိုလိုခြင်းဖြစ်သည်။

လောကနီတိကျမ်း ဂါထာနံပါတ်(၂၁)၌ ပညာဖြင့် အကောင်းအဆိုး၊ အကြောင်းအကျိုး၊ အနက်အဓိပ္ပာယ် သဘောတရားကို သိမြင်နိုင်သည်။ ယင်းသို့သိမြင်သော အနက်အဓိပ္ပာယ်သဘောတရားသည် ချမ်းသာခြင်းကို ဆောင်မည်ဖြစ်သည်။ ပညာရှိသူသည် ယခုပစ္စက္ခ မျက်မှောက်ဘဝနှင့် နောင်တမလွန်လောက အနာဂတ်ဘဝတို့အတွက် အကျိုးစီးပွားမဲ့ကိုဖြစ်စေတတ်သည့် ယုတ်မာသော အကုသိုလ်အလုပ်များကို ရှောင်ကြဉ်နိုင်သည်။ အကျိုးစီးပွားချမ်းသာများသော အလုပ်များကို ဆောင်ရွက်ပြုလုပ်နိုင်သည်ဟု မြတ်စွာဘုရားဟောကြားထား၏။

ထို့ကြောင့် ပစ္စုပ္ပန်သံသရာ၌ ဆင်းရဲကင်းစွာ ချမ်းသာခြင်းကို ရစေနိုင်သော ကောင်းမြတ်သော ပညာဟူသမျှတို့ကို လေ့လာဆည်းပူးကြရန် အကြံပြုပါသည်။ ။

## အသား၊ ငါးများရောင်းချမှုစစ်ဆေး

**သိန္နီ ဩဂုတ် ၆**

သိန္နီမြို့ မြို့မဈေးကြီးတွင် ဩဂုတ် ၂ရက် နံနက်ပိုင်းက အသား၊ငါးရောင်းချနေသည့် ဈေးသည်များအား အသား၊ငါးများကို ကျန်းမာရေးနှင့် ညီညွတ်စွာ စနစ်တကျရောင်းချသွားရေး မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးညီညီမောင်နှင့်ဝန်ထမ်းများက စစ်ဆေးကြပ်မတ်ခဲ့ကြသည်။

စစ်ဆေးရာတွင် ဝယ်ယူစားသုံးသူများအား စေတနာထား၍ သန့်ရှင်းလတ်ဆတ်သော အသား၊ငါးများကိုသာ ရောင်းချရန်၊ ယင်လုံဆန်ခါဖြင့် စနစ်တကျဖုံးအုပ်ထားရှိရန်၊ ဘေးဥပဒ်အန္တရာယ်ဖြစ်စေမည့် အသား၊ငါး၊ သန့်ရှင်းလတ်ဆတ်မှုမရှိသော အသား၊ငါးများနှင့် ကူးစက်ရောဂါများ ဖြစ်ပွားစေနိုင်မည့် အသား၊ငါးများ လုံးဝရောင်းချခြင်းမပြုရန်တို့ကို သတိပေးမှာကြားခဲ့ကြောင်း သိရသည်။ **(ကိုကိုလတ်)**




## ဘာသာရေးခေါင်းဆောင်ကြီးများ ငြိမ်းချမ်းရေးညီလာခံ၏ ကြေညာစာတမ်း ထုတ်ပြန်ကြေညာခဲ့




**ရန်ကုန် ဩဂုတ် ၆**

ကမ္ဘာ့ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဘာသာပေါင်းစုံ ညီလာခံ ဒုတိယအကြိမ်မြောက် သံပဒ် အစည်းအဝေးကြီးကို သီတဂူကမ္ဘာ့ဗုဒ္ဓသာသနာပြုအဖွဲ့၊ အိန္ဒိယနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဝိဝေကာနန္ဒဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့တို့သည် ဂျပန်ဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ ရန်ကုန်မြို့ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တွင် ၂၀၁၇ ခုနှစ် ဩဂုတ် ၅ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သည်။ ယင်းဘာသာပေါင်းစုံညီလာခံသို့ ကမ္ဘာ့နိုင်ငံ ၃၀ တို့မှ ဗုဒ္ဓဘာသာ၊ ဟိန္ဒူ၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဆစ်ခ်နှင့် ဂျိမ်းဘာသာ ခေါင်းဆောင်အသီးသီးနှင့် ကျွမ်းကျင်သူပညာရှင် ၁၀၀ ကျော် တက်ရောက်ခဲ့သည်။

အဆိုပါ ဘာသာပေါင်းစုံညီလာခံကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ပြီး သီတဂူဆရာတော်ကြီး ဒေါက်တာ အရှင်ဉာဏိဿရနှင့် အိန္ဒိယနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဝိဝေကာနန္ဒဖောင်ဒေးရှင်း၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကြီးအင်န်စီဗီတို့က အဖွင့်မိန့်ခွန်းများ ပြောကြားသည်။ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် သျှရီနရိန္ဒြာမိုဒီနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဆိုအာဘေးတို့က ညီလာခံဖွင့်ပွဲသို့ ဗီဒီယိုဖြင့် သဝဏ်လွှာများပေးပို့ခဲ့ကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများက မိန့်ခွန်းများ မြွက်ကြားကြသည်။

အခမ်းအနားတွင် ပထမအကြိမ် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဘာသာပေါင်းစုံ ညီလာခံစာအုပ်ကို မိတ်ဆက်ထုတ်ဝေဖြန့်ချိခဲ့ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက အဖွင့်အမှာစကား ပြောကြားကာ ဂျပန်ဖောင်ဒေးရှင်း အမှုဆောင်ဒုတိယဥက္ကဋ္ဌ မစ္စဟီရိုကိုဆုကာက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဘာသာပေါင်းစုံ ညီလာခံတွင် "ပဋိပက္ခရှောင်ရှားရေး၊ ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးအတွက် ပဋိပက္ခအသွင်မဆောင်သည့် အတွေးအခေါ် ပုံစံသစ်ထွန်းကားရေး" နှင့် "စဉ်ဆက်မပြတ်တိုးတက်သော ကမ္ဘာကြီးအတွက် ပတ်ဝန်းကျင်အသိတရား" ခေါင်းစဉ်များဖြင့် ဘာသာရေးခေါင်းဆောင်ကြီးများက ဆွေးနွေးကြပြီး "ငြိမ်းချမ်းရေးညီလာခံ၏ ကြေညာစာတမ်း"ကို ထုတ်ပြန်ကြေညာခဲ့သည်။

ဘာသာပေါင်းစုံညီလာခံပိတ်ပွဲ အခမ်းအနားကို ဩဂုတ် ၆ ရက် ညနေပိုင်းတွင် ပြုလုပ်ခဲ့ပြီး "ငြိမ်းချမ်းရေးညီလာခံ၏ ကြေညာစာတမ်း"ကို ရန်ကုန်မြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ ပါမောက္ခ ဦးကျော်စိုးလွင်က ဖတ်ကြားကာ ကမ္ဘာ့ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဘာသာပေါင်းစုံ ညီလာခံကြီးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။ **(သတင်းစဉ်)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မွန်ပြည်နယ် သထုံမြို့တွင်ကျင်းပသည့် ရွှေပါရမီပညာရေးဖောင်ဒေးရှင်း၏ မျှဝေခြင်းအစီအစဉ်သို့ တက်ရောက်

**သထုံ ဩဂုတ် ၆**

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်သည့် ရွှေပါရမီပညာရေးဖောင်ဒေးရှင်း၏ တက္ကသိုလ်ပညာသင်ဆုရ ကျောင်းသား ကျောင်းသူများ၏ ထည့်ဝင်ငွေများဖြင့် သထုံမြို့နယ်ရှိ ကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းနေကလေးများအတွက် ကျောင်းဝတ်စုံများ မျှဝေခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် သထုံမြို့ ရွှေစာရံစေတီဝင်းအတွင်းရှိ သုဝဏ္ဏဘူမိ သာသနာ့ဗိမာန်တွင် ကျင်းပသည်။

မျှဝေခြင်းအခမ်းအနားသို့ ရွှေပါရမီဖောင်ဒေးရှင်း ဦးဆောင်ဆရာတော် အရှင်ဆန္ဒာဓိက၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ရွှေပါရမီဖောင်ဒေးရှင်း ပညာသင်ဆုရ ကျောင်းသား ကျောင်းသူများနှင့် သထုံမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ရွှေပါရမီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းက မျှဝေခြင်းအစီအစဉ် ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ်တို့က ဂုဏ်ပြုစကားများပြောကြားခဲ့ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက မျှဝေခြင်းအစီအစဉ်မှာ ရွှေပါရမီပညာရေးဖောင်ဒေးရှင်း၏ ပညာသင်ဆုရ ကျောင်းသား ကျောင်းသူများက ၎င်းတို့ရရှိသည့် ထောက်ပံ့ငွေများမှ တစ်လလျှင် ငွေကျပ် ၁၀၀၀ စီ မျှဝေထည့်ဝင်စုဆောင်းကာ အမှန်တကယ်လိုအပ်သည့် ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သည့်ပစ္စည်းများကို မျှဝေပေးသည်ဟု သိရပါကြောင်း၊ ယင်းအစီအစဉ်မှာ တာဝန်သိသည့် ပြည်သူများအနေဖြင့် အစိုးရအား ကူညီလိုက်သည်ဟု ခံယူမိပါကြောင်း၊ မျှဝေခြင်းဆိုသည်မှာ မိမိစားဝတ်နေရေးအတွက် အသုံးပြုရမည့် ငွေကြေးပစ္စည်းများကို မိမိထက်ချို့တဲ့သူများအား ဖွဲ့ဝေပေးခြင်းဖြစ်သောကြောင့် အလွန်မွန်မြတ်ပါကြောင်းဖြင့် အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ယင်းနောက် ရွှေပါရမီပညာရေး ဖောင်ဒေးရှင်း၏ တက္ကသိုလ်ပညာသင်ဆုရ ကျောင်းသား ကျောင်းသူများက သထုံမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၁၅ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၅၇၃ ဦးအတွက် ကျောင်းဝတ်စုံ ၅၇၃ စုံ၊ ပုံပြင်စာအုပ် ၆၀၀၊ ဗလာစာအုပ် ဒါဇင် ၁၀၀၊ စက်ဘီး ၁၄၃ စီးတို့ကို ပေးအပ်လှူဒါန်းခဲ့ကြပြီး တက်ရောက်လာသူများက ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကထံမှ အနုမောဒနာတရား နာကြားခဲ့ကြကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# မွန်ပြည်နယ်၏ ပထမဦးဆုံး အဆင့်မြင့်ရုပ်ရှင်ရုံသစ် ဖွင့်လှစ်

**သထုံ ဩဂုတ် ၆**

မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင်ရုံမရှိသော နယ်မြို့များတွင် သုတ၊ ရသ၊ ဟာသ စုံလင်စွာ အနုပညာရှင်များ၏ ပုံဖော်ဖန်တီးမှုများကို ရုပ်ရှင်ချစ်ပရိသတ်များ အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုခံစားရင်း ဘဝအမောတွေပြေစေရန် ရည်ရွယ်၍ PARADISO CINEMAS CO.,LTD. မှ မြန်မာနိုင်ငံအတွင်း ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါ ရုံ ၁၀၀ စီမံကိန်းတွင် အပါအဝင်ဖြစ်သော PARADISO(သထုံ) အဆင့်မြင့် 3D ရုပ်ရှင်ရုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက သထုံမြို့ မြကျွန်းသာပန်းခြံအတွင်းရှိ အဆိုပါရုပ်ရှင်ရုံ၌ ကျင်းပသည်။

ရုပ်ရှင်ရုံသစ်ဖွင့်ပွဲသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အဖွင့်အမှာစကားပြောကြားရာတွင် မွန်ပြည်နယ်အတွင်း မြို့ကြီးများတွင် ယခင်ကရုပ်ရှင်ရုံများရှိခဲ့ပြီး ယခုဆိုလျှင် မြို့တော်တော်များများမှာ ရုပ်ရှင်ပြသမှုမရှိတော့သည်မှာ နှစ်ကာလ အတော်ကြာခဲ့ပြီဖြစ်ကြောင်း၊ မည်သည့်ဖျော်ဖြေရေးများရှိရှိ ရုပ်ရှင်ရုံထဲတွင် ကြည့်ရှုရတဲ့အရသာကိုတော့ ရုပ်ရှင်ရုံရှိမှသာ ကြည့်ရှုခံစားနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ ဖွင့်လှစ်သည့် သထုံရုပ်ရှင်ရုံမှာ အသစ်တစ်ဖန်ပြန်လည်ပေါ်ပေါက်လာသော အဆင့်မီရုပ်ရှင်ရုံတစ်ရုံ ဖြစ်ခြင်းကြောင့် ဒေသခံများအနေဖြင့်ရော မိမိတို့ တာဝန်ရှိသူများ အနေဖြင့်ပါ တည်ဆောက်ဖွင့်လှစ်ပေးတဲ့ PARADISO CINEMAS CO., LTD. မှ တာဝန်ရှိသူများကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

PARADISO 3D အဆင့်မြင့် ရုပ်ရှင်ရုံကြီးများကို မော်ဘီ၊ မုံရွာ၊ ဖျာပုံ၊ အောင်ပန်းနှင့် ကျောက်ပန်းတောင်းမြို့တို့တွင် အောင်မြင်စွာ ဖွင့်လှစ်ခဲ့ရာ ယခုဖွင့်လှစ်လိုက်သော PARADISO(သထုံ) အဆင့်မြင့် 3D ရုပ်ရှင်ရုံသစ်မှာ ဆဋ္ဌမမြောက်ဖွင့်လှစ်ခြင်းဖြစ်ပြီး ရွှေဘို၊ ဘိုကလေး၊ မအူပင် အစရှိသည့် မြို့များတွင် မကြာမီ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ရုပ်ရှင်ရုံမရှိသေးတဲ့မြို့တွေမှာ ရုပ်ရှင်ရုံတွေ ပေါ်ပေါက်လာတာ အခုလို အဆင့်မြင့်ရုပ်ရှင်ရုံကြီးတစ်ခု သထုံမြို့မှာ ဖြစ်ပေါ်လာတာကို ကျွန်တော့်အနေနဲ့ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။ အရင်တုန်းကတော့ ရုပ်ရှင်ရုံနှစ်ရုံရှိခဲ့ဖူးတယ်။ နောက်ပိုင်း တိမ်ကောသွားတယ်။ ရုပ်ရှင်ရုံတွေ အဆင့်မြင့်လာတာနဲ့အမျှ ရုပ်ရှင်ချစ်ပရိသတ်တွေအတွက်လည်း သက်သောင့်သက်သာ အပန်းဖြေအနားယူကြည့်ရှုနိုင်မှာဖြစ်ပါတယ်"ဟု အဆိုပါ ရုပ်ရှင်ရုံ မန်နေဂျာက ပြောသည်။

အဆိုပါ ရုပ်ရှင်ရုံတွင် ပြသမည့် ပွဲချိန်ဇယားများကို တနင်္လာနေ့မှ သောကြာနေ့အထိ နေ့လယ်- ၁၂း၃၀၊ ညနေ- ၃း၃၀၊ ည- ၆း၃၀ ပွဲချိန် သုံးပွဲပြသလျက်ရှိပြီး စနေ၊ တနင်္ဂနွေနှင့်အစိုးရရုံးပိတ်ရက်များတွင် နံနက်- ၉း၃၀ တစ်ချိန်တိုး ပြသသွားမည်ဖြစ်သည်။

ရုပ်ရှင်ရုံဖွင့်ပွဲတွင် "ကြောက်ကြောက်ကြောက်"ရုပ်ရှင်ဇာတ်ကားကို ရုံတင်ပြသခဲ့သည်။

"ကျွန်တော်တို့ မြို့မှာ ဒီလို အဆင့်မြင့်ရုပ်ရှင်ရုံကြီး ဖွင့်လှစ်လိုက်တာ ဝမ်းသာပါတယ်။ အရင်တုန်းက ရုပ်ရှင်ကားသစ် တစ်ကားကြည့်ဖို့ဆိုရင် နယ်မြို့တွေဆိုတော့ အကြာကြီးစောင့်ခဲ့ရတယ်။ အခုတော့ ဒီလိုအဆင့်မြင့် ရုပ်ရှင်ရုံကြီး ရှိလာတဲ့အတွက် ရုပ်ရှင်ကားတွေကို မြို့ကြီးတွေနဲ့အပြိုင် ကျွန်တော်တို့ ကြည့်ရှုနိုင်တော့မှာပါ"ဟု ဒေသခံတစ်ဦးက ပြောသည်။

**သတင်း- အေးမင်းသူ**
**ဓာတ်ပုံ- ပေါက်ကြီး**







**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းတို့ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)အစည်းအဝေးခန်းမ၌ ဆွေးနွေးပြောကြားစဉ်။**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ဦးကျော်ဝင်း အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းတို့သည် ဩဂုတ် ၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)သို့ ရောက်ရှိကြသည်။

အစည်းအဝေးခန်းမ၌ နိုင်ငံတော်အတွက် "အကျိုးရှိစွာ စီးပွားဖြစ်ထုတ်လုပ်နိုင်ရန်" လက်တွေ့ကျသော အစီအစဉ်များချမှတ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကာ စက်ရုံအတွင်းရှိ စက်ကိရိယာများ၊ ဆက်လက်တပ်ဆင်ရန် အသင့်ရှိနေသော စက်ကိရိယာများကို အမြန်ဆုံးပြန်လည်လည်ပတ်၍ ပြည်သူအတွက် အလိုအပ်ဆုံးသော ဆောက်လုပ်ရေး လုပ်ငန်းသုံး သံချောင်း၊ သံရက်မနှင့် သံပြားအမျိုးမျိုးတို့ကို ဈေးနှုန်းချိုသာပြီး အရည်အသွေးစံချိန်စံညွှန်း ကိုက်ညီစွာ ထုတ်လုပ်နိုင်ရေးကို လက်တွေ့ကျသည့် ဦးစားပေးအစီအစဉ်များချမှတ်၍ အသင့်ပြင်ဆင်ထားရန်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေကို အလေအလွင့်မရှိစေရေး စည်းမျဉ်းနှင့်အညီ တိတိကျကျ ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)မှ ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့်ရှိသော ဦးစားပေး သံမဏိထုတ်ကုန်များကို ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ နိုင်ငံတော်အတွက် အကျိုးရှိစွာ ထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက လတ်တလော ရပ်ဆိုင်းထားရသည့် စက်ရုံ ၂၈ ခုအနက် တစ်ခုအပါအဝင်ဖြစ်သော အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ) စက်ရုံစီမံကိန်းသည် အရင်းအနှီးကြီးမားစွာ မြှုပ်နှံထားရသည့် စီမံကိန်းဖြစ်သည့်အားလျော်စွာ နိုင်ငံတော်အတွက် ရေရှည်အကျိုးဖြစ်ထွန်းပြီး ထိရောက်စွာ တာဝန်ယူလုပ်ဆောင်နိုင်ရန် အရေးကြီးကြောင်း၊ စက်ရုံတစ်ရုံ တည်ဆောက်ရာတွင် စက်ရုံတစ်ရုံတည်း၏ ကိစ္စရပ်ဟု မှတ်ယူ၍မရဘဲ နိုင်ငံတော်၏ အကျိုးစီးပွားနှင့် ပြည်သူများအတွက်ပါ အကျိုးရှိပြီး အလုပ်အကိုင် အခွင့်အလမ်းရရှိစေရေးတို့မှာ အလွန်အရေးကြီးကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် မြင်းခြံမြို့ရှိ အထည်စက်ရုံခွဲ(မြင်းခြံ)မှ ကျန်းမာရေးကုသမှု လုပ်ငန်းများအတွက် အောင်မြင်စွာ ထုတ်လုပ်ပေးလျက်ရှိသည့် "ဆေးဂွမ်း၊ ပတ်တီး"စက်ရုံတွင် လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ အမှတ်(၅)အထည်စက်ရုံ(ပခုက္ကူ)သို့ ရောက်ရှိပြီး အရည်အသွေးတိုးမြှင့် ထုတ်လုပ်ထားသော ချည်မျှင်၊ အထည်အလိပ်နှင့် ခြင်ထောင်များ၊ အိန္ဒိယနည်းပညာဖြင့် အရည်အသွေးတိုးမြှင့် ထုတ်လုပ်အောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဩဂုတ် ၄ ရက် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ ရောက်ရှိပြီး စက်ရုံအတွက် သံမဏိကုန်ကြမ်း (Steel Scrap)များ စုဆောင်းရရှိမှုနှင့် ထပ်မံရရှိနိုင်မှု၊ ကုန်ကြမ်းတင်ပို့မည့် မီးရထားလမ်း အခြေအနေ၊ ကတ္တားများ မှန်ကန်တိကျမှုတို့ကို စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အဏုမြူဗုံးကြဲတိုက်ခိုက်ခံခဲ့ရမှု (၇၂) နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ဟီရိုရှီးမား ဩဂုတ် ၆**

ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ အဏုမြူဗုံးကြဲတိုက်ခိုက်ခံခဲ့ရမှု (၇၂)နှစ်ပြည့် နှစ်ပတ်လည်နေ့ဖြစ်သော ဩဂုတ် ၆ ရက်တွင် ယင်းမြို့ရှိ ငြိမ်းချမ်းရေးအထိမ်းအမှတ်ဥယျာဉ်၌ အမှတ်တရအခမ်းအနားပြုလုပ်ခဲ့ကြောင်း၊ ဂျပန်အစိုးရအဖွဲ့အနေဖြင့် နျူကလီးယားလက်နက် ပိတ်ပင်ရေးစာချုပ်တစ်ရပ် အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် ဟီရိုရှီးမားမြို့တော်ဝန် ကာဇုမိမတ်စုအိက တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကုလသမဂ္ဂအဖွဲ့ဝင် ၁၂၂ နိုင်ငံက နျူကလီးယားလက်နက်များ အလုံးစုံဖျက်သိမ်းရေးဆိုင်ရာ ကမ္ဘာ့ပထမဆုံးစာချုပ်ကို အတည်ပြုချမှတ်ခဲ့ပြီးနောက် တစ်လအကြာတွင် ဟီရိုရှီးမားအဏုမြူဗုံးဒဏ်ခံရမှု နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ကျင်းပခြင်းဖြစ်သည်။

ဟီရိုရှီးမားမြို့သည် ဂျပန်နိုင်ငံ ဟွန်းရှုးကျွန်းတောင်ဘက် ကမ်းခြေပေါ်တွင်တည်ရှိပြီး ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်တပ်ဖွဲ့၏ ဗုံးကြဲတိုက်ခိုက်ခြင်းကို အနည်းငယ်မျှလောက်သာ ခံခဲ့ရသည်။ သို့ရာတွင် ၁၉၄၅ ခုနှစ် ဩဂုတ် ၆ ရက်တွင် အမေရိကန်လေတပ်က ဟီရိုရှီးမားမြို့ပေါ်သို့ အဏုမြူဗုံးတစ်လုံးကို ပထမဦးဆုံးအကြိမ် ကြဲချခဲ့သည်။

အဆိုပါအဏုမြူဗုံးသည် မြို့လယ်အထက် ပေ ၁၀၀၀ ခန့်အမြင့်တွင် ပေါက်ကွဲခဲ့ပြီး ဗုံးပေါက်ကွဲမှုဒဏ်ကြောင့် တစ်မြို့လုံးနီးပါး မီးလောင်ပျက်စီးခဲ့ရသည်။ လူဦးရေ ၃၄၀၀၀၀ ခန့်ကျော်အနက် လူပေါင်း ၇၈၀၀၀ ကျော် သေဆုံးခဲ့ရပြီး ၅၉၀၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်။

ဇူလိုင် ၈ ရက်ကကျင်းပသော ကုလသမဂ္ဂညီလာခံတွင် နျူကလီးယားလက်နက်များ ပိတ်ပင်ရေးဆိုင်ရာ ကမ္ဘာ့ပထမဆုံးသောစာချုပ်ကိုအတည်ပြုချမှတ်ခဲ့သည်။ သို့ရာတွင် ယင်းညီလာခံကို နျူကလီးယားလက်နက်ပိုင်ဆိုင်သော နိုင်ငံများအားလုံးက သပိတ်မှောက်ခဲ့ကြသည်။

ဂျပန်နိုင်ငံသည် နျူကလီးယားလက်နက်ပိုင်ဆိုင်သောနိုင်ငံများနှင့် အမေရိကန်၏ နျူကလီးယားထီးရိပ်အောက်၌ ခိုလှုံနေသော နိုင်ငံများနှင့်အတူ အဆိုပါစာချုပ်တွင်ပါဝင်ရန် ငြင်းဆိုခဲ့သည်။

နျူကလီးယားလက်နက်များ အလုံးစုံဖျက်သိမ်းရေးဆိုင်ရာ ကမ္ဘာ့ပထမဆုံးစာချုပ်တွင် ဂျပန်ပါဝင်ရန် ဟီရိုရှီးမားမြို့တော်ဝန်က တောင်းဆိုခြင်းမရှိသော်လည်း ယင်းစာချုပ်အကောင်အထည်ဖော်နိုင်ရေးအတွက် နျူကလီးယားလက်နက်ပိုင်ဆိုင်သောနိုင်ငံများနှင့် နျူကလီးယားလက်နက် ပိုင်ဆိုင်ခြင်းမရှိသည့်နိုင်ငံများအကြား ဂျပန်နိုင်ငံက ပေါင်းကူးပေးခြင်းဖြင့် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ငြိမ်းချမ်းသောနိုင်ငံအဖြစ် ရပ်တည်ရန် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည်။ **ကျော်ဒိုး**





# ဒါကာရှိလေဆိပ်၌ ရွှေချောင်းများသိမ်းဆည်းရမိ

**ဒါကာ ဩဂုတ် ၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပင်မလေဆိပ်ဖြစ်သော မြို့တော်ဒါကာရှိလေဆိပ်၌ အလေးချိန် ၂၅ ကီလိုဂရမ်ရှိ ရွှေချောင်းအချောင်း ၂၅၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ စင်ကာပူလေကြောင်းမှ လေယာဉ်တစ်စင်းဖြင့် လိုက်ပါလာသော ခရီးသည်တစ်ဦးထံမှ ရွှေချောင်းများကို အကောက်ခွန်ဌာနက သိမ်းဆည်းရမိခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၆ ရက်တွင် ပြောကြားသည်။

ဩဂုတ် ၅ ရက် ညက မြို့တော်ဒါကာရှိ ဟာဇရက်ရှာလာလား နိုင်ငံတကာလေဆိပ်သို့ ဆိုက်ရောက်လာသော လေယာဉ်မှ ခရီးသည်တစ်ဦးကို အကောက်ခွန်ဌာနက သတင်းအရ ရှာဖွေစစ်ဆေးခဲ့ရာတွင် ကာလပေါက်စျေး တာကာ ၁၂၅ သန်းခန့် (အမေရိကန် ဒေါ်လာ ၁ ဒသမ ၅၄ သန်းခန့်) တန်ဖိုးရှိ ရွှေချောင်းများကို သိမ်းဆည်းရမိခဲ့သည်။ အဆိုပါခရီးသည်သည် နာမကျန်းနေသူတစ်ဦးအဖြစ် ဟန်ဆောင်ထားပြီး အကောက်ခွန်စစ်ဆေးရေးဂိတ်၏ အစိမ်းရောင်ချန်နယ်ကို ဘီးတပ်ကုလားထိုင်ဖြင့် ဖြတ်ကျော်ခဲ့သည်။ **ဆင်ဟွာ**

# ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြုံယမ်းအား စီးပွားရေးထပ်မံပိတ်ဆို့မှုအဆိုကို ထောက်ခံအတည်ပြု

**နယူးယောက် ဩဂုတ် ၆**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများက မြောက်ကိုရီးယားနိုင်ငံအပေါ် စီးပွားရေးထပ်မံပိတ်ဆို့သည့် မူကြမ်းကို တစ်စိတ်တစ်ဝမ်းတည်း ထောက်ခံကာ အတည်ပြုချမှတ်လိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဩဂုတ် ၆ ရက်တွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်၌ အမေရိကန်ဦးဆောင်တင်သွင်းသည့် ပြုံယမ်းအပေါ် စီးပွားရေးထပ်မံပိတ်ဆို့သည့် မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံက ထောက်ခံခဲ့ကြသည်။ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ဇူလိုင်လအတွင်းက တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုကို နှစ်ကြိမ်တိတိပြုလုပ်ခဲ့သည့်အတွက် ယခုကဲ့သို့ စီးပွားရေးပိတ်ဆို့မှု ထပ်မံချမှတ်ခံရခြင်းဖြစ်သည်။

ယခုပိတ်ဆို့သည့် စီးပွားရေးဆိုင်ရာ ကုန်သွယ်မှုကဏ္ဍများတွင် မြောက်ကိုရီးယားနိုင်ငံ၏ စီးပွားရေးအတွက် အားထားနေရသည့် ကျောက်မီးသွေး၊ သံ၊ သံရိုင်းနှင့် ပင်လယ်စာများပါဝင်သည်။ ယင်းပစ္စည်းများနှင့်ဆက်စပ်သည့် ကုန်သွယ်မှုများကို အလုံးစုံပိတ်ဆို့လိုက်ပြီဖြစ်ကြောင်း သိရသည်။

ယခင်စီးပွားရေးပိတ်ဆို့မှုတွင် ကျောက်မီးသွေးတင်ပို့ရောင်းချမှုကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ခန့် တင်ပို့ရောင်းချခွင့်ပြုထားသည်။ ထို့ပြင် နိုင်ငံ၏ နျူကလီးယားဖွံ့ဖြိုးမှုအစီအစဉ်နှင့် ဆက်စပ်မှုမရှိသော သံနှင့် သံရိုင်းများရောင်းချမှုကိုလည်း ခွင့်ပြုထားသည်။

ယခုချမှတ်ခဲ့သည့် စီးပွားရေးပိတ်ဆို့မှုတွင် အထက်ဖော်ပြပါပစ္စည်းများကုန်သွယ်မှုကို အလုံးစုံပိတ်ဆို့လိုက်ခြင်းဖြစ်သည်။

ထိုကဲ့သို့ စီးပွားရေးပိတ်ဆို့မှုဒဏ်ကြောင့် မြောက်ကိုရီးယားသည် ဒေါ်လာ ၃ ဘီလီယံ နှစ်စဉ် ဆုံးရှုံးမည်ဖြစ်ကြောင်း ကုလသမဂ္ဂသံတမန်အရင်းအမြစ်များကဆိုသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် စီးပွားရေးပိတ်ဆို့မှုဒဏ်ကို မည်သို့တုံ့ပြန်ဖြေရှင်းမလဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများကဆိုသည်။

**အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံရှိ ထိပ်တန်းအင်တာနက်ကုမ္ပဏီ ၁၀၀ ၂၀၁၆ ခုနှစ်တွင် ဝင်ငွေ ယွမ် ၁ ထရီလီယံကိုကျော်လွန်

**ပေကျင်း ဩဂုတ် ၆**

တရုတ်နိုင်ငံ၏ထိပ်တန်းအင်တာနက်ကုမ္ပဏီ ၁၀၀ ၏ဝင်ငွေသည် ၂၀၁၆ ခုနှစ်တွင် ယွမ် ၁ ဒသမ ၁ ထရီလီယံ (အမေရိကန်ဒေါ်လာ ဘီလီယံ ၁၆၀) ရှိကြောင်း အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

အင်တာနက်ကုမ္ပဏီများ၏ဝင်ငွေသည် ပထမဆုံးအကြိမ် ယွမ် တစ်ထရီလီယံကိုကျော်လွန်သွားခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံစက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့်တရုတ်အင်တာနက်အသင်းတို့က ပူးတွဲထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။ တရုတ်နိုင်ငံရှိ အင်တာနက်ကုမ္ပဏီများ၏ ပျမ်းမျှအမြတ်ဝင်ငွေသည် ၉ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ သတင်းအချက်အလက်သုံးစွဲသူများ ဦးရေအရ ၈ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

ထိပ်တန်းအင်တာနက် ကုမ္ပဏီများစာရင်းကို ၂၀၁၃ ခုနှစ်မှစတင်၍ နှစ်စဉ်ထုတ်ပြန်ခဲ့သည်။ ၂၀၁၆ ခုနှစ်အတွက် ထိပ်တန်းအင်တာနက်ကုမ္ပဏီ ၁၀ ခုမှာ Tencent,Alibaba, Baidu, JD.com, NetEase, Sina, Sohn, Meituan-Dainping, Ctrip နှင့် Quhoo 360 တို့ဖြစ်ကြသည်။ အင်တာနက် ကုမ္ပဏီ ၁၀၀ သည် ၂၀၁၆ ခုနှစ်တွင် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ငွေကြေးသုံးစွဲမှု ၂၉ ဒသမ ၇ ရာခိုင်နှုန်းမြှင့်တင်ခဲ့သည်။

Tencent နှင့် Alibaba ကုမ္ပဏီနှစ်ခု၏ ဝင်ငွေမှာ ထိပ်တန်းအင်တာနက်ကုမ္ပဏီ ၁၀၀ အမြတ်ငွေ၏ ၇၃ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး ယင်းကုမ္ပဏီများရရှိသော စုစုပေါင်းဝင်ငွေ၏ ၂၈ ရာခိုင်နှုန်းရှိသည်။ **ဆင်ဟွာ**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျပန်နိုင်ငံ ကျိုတိုမြို့အတွင်း လှည့်လည်ကြည့်ရှု



**နေပြည်တော် ဩဂုတ် ၆**

ဂျပန်နိုင်ငံ ကျိုတိုမြို့၌ အလုပ်သဘောချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်ဧည့်ဂေဟာ (State Guest House) အတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Kinkaku-ji (Golden Pavilion) ရွှေဘုရားကျောင်းကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။**(ယာပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုတိုဘူတာမှနေ၍ Shinkansen ကျည်ဆန်ရထားဖြင့် ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် တိုကျိုမြို့သို့ ရောက်ရှိခဲ့ကြသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သည် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံးမိသားစုများအား သွားရောက်တွေ့ဆုံသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား နိပ္ပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ Mr. Yohei SA-SAKAWA က Smida Gawa မြစ်အတွင်း မြစ်တွင်းသွားရေယာဉ်ပေါ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးမျိုးမြင့်နှင့်အဖွဲ့ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၆**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးမျိုးမြင့်နှင့်အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆိုလိုမြို့၌ ဩဂုတ် ၇ ရက်မှ ၁၁ ရက်အထိကျင်းပမည့် အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူ တရားရုံးများအဖွဲ့ (AACC) အစည်းအဝေးများနှင့် အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ရန် ယမန်နေ့ ည ၇ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့မှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆိုလိုမြို့သို့ လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင်ကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးမျိုးမြင့်နှင့်အတူ အဖွဲ့ဝင်အဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဦးခင်မောင်ချိုနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးတို့ လိုက်ပါသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဩဂုတ် ၅ ရက်မှ ၆ ရက်အထိ သံသယလူနာ ၃၁ ဦးအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ H1N1 ပိုးတွေ့လူနာ ၁၀ ဦး ရှိ လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူစုစုပေါင်းလူနာ ၃၈၇ ဦး အနက် H1N1 ပိုးတွေ့လူနာစုစုပေါင်း ၁၄၆ ဦး၊ သေဆုံးသူ ၁၅ ဦးရှိ၊ သေဆုံးသူအရေအတွက် ထပ်မံတိုးလာခြင်းမရှိကြောင်း သတင်းထုတ်ပြန်ထား

**နေပြည်တော် ဩဂုတ် ၆**

ဩဂုတ် ၅ ရက် မွန်းလွဲ ၂ နာရီမှ ၆ ရက် မွန်းလွဲ ၂ နာရီအထိ သံသယလူနာ ၃၁ ဦးအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ H1N1 ပိုးတွေ့လူနာ ၁၀ ဦး တွေ့ရှိခဲ့ကြောင်း၊ ဇူလိုင် ၂၀ ရက်မှ ယနေ့မွန်းလွဲ ၂ နာရီအထိ လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၃၈၇ ဦး အနက် H1N1 ပိုးတွေ့လူနာစုစုပေါင်း ၁၄၆ ဦးရှိပြီး သေဆုံးသူစုစုပေါင်း ၁၅ ဦး တွေ့ရှိရကြောင်း။

လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြစ်ပွားသူ ၃၈၇ ဦး၌ အသက်အပိုင်းအခြားအရအသက် (၅) နှစ်အောက်တွင် ဖြစ်ပွား ၈၇ ဦး၊ သေဆုံး ၂ ဦး၊ အသက် (၅) နှစ်မှ (၁၂) နှစ်ကြားတွင် ဖြစ်ပွား ၂၆ ဦး၊ သေဆုံး ၂ ဦး၊ အသက် (၁၃) နှစ်မှ (၆၅) နှစ်ကြားတွင် ဖြစ်ပွား ၂၄၈ ဦး၊ သေဆုံး ၁၁ ဦးနှင့် အသက် (၆၅) နှစ်အထက် ဖြစ်ပွား၂၆ ဦးတွင် သေဆုံးသူမရှိကြောင်း၊ ထို့ကြောင့် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူများတွင် သေဆုံးမှုနှုန်းမှာ ၃ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ ထုတ်ပြန်ချက်အရ သိရသည်။

ယင်းထုတ်ပြန်ချက်တွင် H1N1 ရောဂါပိုးစစ်ဆေးတွေ့ရှိခဲ့သော်လည်း ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများကြောင့် သေဆုံးရခြင်း မဟုတ်ဘဲ အခြားရောဂါဖြင့် သေဆုံးသူ ယနေ့အထိ ၁၃ ဦး ရှိကြောင်း။

ယနေ့ မွန်းလွဲ ၂ နာရီအထိ အထူးကုဆေးရုံကြီး (ဝေဘာဂီ)တွင် H1N1 ပိုးတွေ့အတွင်းလူနာ ၂၅ ဦးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်ဆေးရုံကြီးများတွင် H1N1 ပိုးတွေ့ အတွင်းလူနာ ၃၉ ဦး စုစုပေါင်း ၆၄ ဦး ဆက်လက်ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း၊ အများစုမှာ သက်သာလျက်ရှိပြီး မကြာခင် ဆေးရုံဆင်းနိုင်မည့် အခြေအနေရှိကြောင်း၊ ရောဂါဖြစ်ပွားမှုနှုန်းအများဆုံး တိုင်းဒေသကြီး/ ပြည်နယ်များဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) တို့ ပူးပေါင်း၍ ရန်ကုန်မြို့၌ ရာသီတုပ်ကွေးရောဂါအကြောင်း ဆွေးနွေးပွဲကျင်းပခဲ့ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြီး ညွှန်ကြားရေးမှူးချုပ် (ကုသရေးဦးစီးဌာန)၊ ညွှန်ကြားရေးမှူးချုပ်(ပြည်သူ့ကျန်းမာရေး ဦးစီးဌာန) နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးပညာရှင်အသင်းဥက္ကဋ္ဌ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အထွေထွေရောဂါကုဆရာဝန်များ အသင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆေးကောင်စီနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းအောက်ရှိ ဘာသာရပ်ဆိုင်ရာအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အခြားတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲတွင် ယခုလက်ရှိဖြစ်ပွားနေသော ရာသီတုပ်ကွေးရောဂါ H1N1 နှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ရှုထောင့်မှလည်းကောင်း၊ ဆေးပညာကုသမှုဆိုင်ရာ ရှုထောင့်မှလည်းကောင်း အသေးစိတ်မေးမြန်းဆွေးနွေးခြင်းများကို ပြုလုပ်ခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်း။

အစည်းအဝေးတွင် ပြည်သူများအကြား ရာသီတုပ်ကွေးရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းကို အားဖြည့်ဆောင်ရွက်ရန်နှင့် အထွေထွေရောဂါကုဆေးခန်းများအနေဖြင့် တုပ်ကွေးရောဂါဖြင့် လာရောက်ပြသသူများကို သက်ဆိုင်ရာ ကျန်းမာရေးဌာနနှင့်ချိတ်ဆက်၍ သတင်းပေးပို့ခြင်း၊ ထိရောက်သော ကုသမှုနှင့် အချိန်မီလွှဲပြောင်းပေးပို့ခြင်း စသည့်လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြပါရန် အဓိကဆွေးနွေးခဲ့သည့်အပြင် ဗဟိုမှထုတ်ဝေထားသော စံပြုလုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းလမ်းညွှန်များ၊ ဆေးကုသမှုဆိုင်ရာ လုပ်ငန်းလမ်းညွှန်များကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆေးရုံများနှင့် အထွေထွေရောဂါကုဆရာဝန်များထံသို့ အမြန်ဆုံးနည်းနှင့် ဖြန့်ဝေပေးသွားရန်နှင့် ဆေးရုံများ၏ ရောဂါထိန်းချုပ်ခြင်းလုပ်ငန်းများကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း။

တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (Rapid Response Team) များသည် ဇူလိုင်၂၄ ရက်နေ့မှစ၍ ပိုးတွေ့လူနာများနေထိုင်ရာရပ်ကွက်/ ကျေးရွာများအတွင်းရှိ အိမ်များသို့သွားရောက်ပြီး ကျန်းမာရေးပညာပေးခြင်း၊ အတူနေထိုင်သူများ၏ ကျန်းမာရေးအခြေအနေကိုမေးမြန်းစစ်ဆေးခြင်း၊ လူနာအိမ်နှင့်အနီးပတ်ဝန်းကျင်အိမ်များတွင် ဖျားနာ လူနာများ ရှိ/မရှိစုံစမ်းထောက်လှမ်းခြင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးတို့ကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင် ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသ လူနာ ၁၇၈ ဦး၊ ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ၅၆ ဦးနှင့် ဓာတ်ခွဲအတည်ပြုသေဆုံးသူ ၇ ဦးရှိ

**ရန်ကုန် ဩဂုတ် ၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာ ၁၇၈ ဦး၊ ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ၅၆ ဦးနှင့် ဓာတ်ခွဲအတည်ပြုသေဆုံးသူ ခုနစ်ဦးရှိကြောင်း၊ ယမန်နေ့ နံနက် ၇ နာရီသတင်းအရ အထူးကုဆေးရုံကြီး (ဝေဘာဂီ) တွင် ဆေးရုံတက်ရောက်ကုသနေသော လူနာ ၂၉ ဦးရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

❂ **ရိုးရာလက်ဝှေ့မှ**

ဆာလာဒွိုက်ချုပ်ကိုင်ဖို့ကြိုးစားသည်။ သို့သော် စိုးလင်းဦးအချုပ်မခံ။ တတိယအချီတွင် နှစ်ဦးစလုံးမျက်နှာသွေးချင်းချင်းနီလာသည်။ အမှတ်ဖြင့်ဆုံးဖြတ်ရခြင်းမဟုတ်ဘဲ ကွဲရှုံးလဲရှုံးဖြစ်သဖြင့် အလဲထိုးသတ်နိုင်မှသာ စိုးလင်းဦး ရှုံးကြွေးပြန်ဆပ်နိုင်မည်ဖြစ်သော်လည်း ပြိုင်ဘက်ကလည်းမခေ သမ္မာရင့်သည်။ သက်လုံကနှစ်ဦးစလုံးကောင်းနေသည်။ ဆာလာဒွိုက်ကလည်း ဒုတိယအကြိမ်နိုင်ပွဲရချင်သလို စိုးလင်းဦးကလည်း ရှုံးကြွေးပြန်ဆပ်နိုင်ရေး အားကုန်ထုတ်ကြိုးပမ်းသည်။ သို့သော် စိုးလင်းဦးရည်ရွယ်ချက်မပြည့်။ ငါးချီပြည့်ယှဉ်ပြိုင်နိုင်ခဲ့သော်လည်း ရှုံးကြွေးပြန်မဆပ်နိုင်ခဲ့ဘဲ သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရသည်။

ပြည်တွင်း ငါးချီစိန်ခေါ်ပွဲ ဟိန်းထွန်းအောင်(T&T သထုံ)နှင့် ကျော်စွာဝင်း (ယူနိုက်တက်)တို့ ပွဲစဉ် ငါးချီပြည့်ယှဉ်ပြိုင်ပြီး အရှုံးအနိုင်မပေါ် ပူးတွဲသရေ ဖြစ်ခဲ့သည်။ ရွှေကျောင်းသား(T&T သထုံ)နှင့် သက်ပိုင်အောင် (တောင်ကလေး)တို့ ပွဲစဉ် ပထမအချီမှာပင် သက်ပိုင်အောင် ခြေကန်ချက်ကြောင့် အနားတောင်းလိုက်ရသည့် ရွှေကျောင်းသားကို တတိယအချီမှာပင် သက်ပိုင်အောင်က အလဲထိုးအနိုင်ရခဲ့သည်။ ပိုက်ထွေး(T&T သထုံ)နှင့် အောင်ပိုင်(နဂါးမာန်)တို့ တွဲဆိုင်း ဒုတိယအချီမှာပင် အောင်ပိုင်၏ ဘယ်ညာပါဝါပြင်း လက်သီးတွဲလုံးများက ပိုက်ထွေးကို ပွဲသိမ်းပေးနိုင်ခဲ့သည်။

ဇာမဏီသွေး(ဧရာသား)နှင့် သွေးသစ်မောင်(အဖြူရောင်သွေးသစ်)၊ ဇွဲရွှေကို(T&T သထုံ)နှင့် ဆလိုင်းချမ်းမြေ့ကို(ထွန်းသွင်ကလပ်)၊ စောအယ်လေး (Adventure)နှင့် စိန်မျိုးအောင်(မန္တလေး)တို့တွဲဆိုင်းများမှာ ငါးချီပြည့် ရေကုန်ရေခန်း ယှဉ်ပြိုင်ခဲ့ပြီး အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေဖြစ်ခဲ့သည်။

တက်သစ်စလက်ဝှေ့သမားများဖြစ်သည့် ချစ်မောင်မောင်(တောင်ကလေး) နှင့် ချစ်ဦး(ခ)စောမင်းခိုင်(ရွှေသောင်ရင်း)၊ လက်သီးမိုး(T&Tသထုံ)နှင့် စောဖိုးထွန်း(သတ္တိ)တို့ လေးချီတွဲဆိုင်းများ ပူးတွဲသရေဖြစ်ခဲ့သော်လည်း ငယ်ရွယ်သူများပီပီ အားကုန်မညှာစတမ်း ရေကုန်ရေခန်း ထိုးသတ်နိုင်ခဲ့သည့်အတွက် ပရိသတ်အကြိုက်ပွဲကောင်းများဖြစ်ခဲ့သည်။

**သတင်း-အောင်ကျော်ဦး၊ ဓာတ်ပုံ-ဇာဏီ**

# ရာသီတုပ်ကွေးရောဂါ ကာကွယ်ရေး အသိပညာပေး

**သီပေါ ဩဂုတ် ၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်စည်ပင်သာယာရေးဌာနနှင့် မြို့နယ်ကျန်းမာရေးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီက သီပေါမြို့မရဲစခန်းအတွင်းရှိ ဓမ္မာရုံ၌ ရာသီတုပ်ကွေးရောဂါအသိပညာပေး ဟောပြောပွဲကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝင်းက အသိပညာပေး ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြား၍ မြို့နယ်ကျန်းမာရေးဌာနမှ ဒေါက်တာစိုင်းအောင်ထွန်းက ရာသီတုပ်ကွေးရောဂါ H1N1 အန္တရာယ်နှင့် ပတ်သက်သည့်အကြောင်းအရာများကို ဟောပြောပြီး ပရိုဂျက်တာဖြင့် ရှင်းလင်းပြသကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**စိုင်း(သီပေါ)**

# မောင်တောမြို့နယ်၌ ရာအိမ်မှူးဟောင်းတစ်ဦး အသတ်ခံရ

**နေပြည်တော် ဩဂုတ် ၆**

မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု ရွှေဇားကပ္ပကောင်းကျေးရွာတွင် ရာအိမ်မှူးဟောင်းတစ်ဦး ယနေ့နံနက်ပိုင်းက အသတ်ခံခဲ့ရကြောင်းသိရသည်။

ရွှေဇားကျေးရွာအုပ်စု ရွှေဇားကပ္ပကောင်းကျေးရွာလမ်းဆုံအနီး၌ ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က လူသေအလောင်းတစ်လောင်းတွေ့ရှိကြောင်း လာရောက်သတင်းပို့ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကသွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ရွှေဇားကပ္ပကောင်းကျေးရွာနေ ရာအိမ်မှူးဟောင်း ဟူဆောင်းဖြစ်ပြီး လည်ပင်းပြတ်ရှဒဏ်ရာ၊ ဦးခေါင်းထိပ်တည့်တည့် ပြတ်ရှဒဏ်ရာ၊ ဦးချိုစောင်း ဝဲ/ယာ ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့သည်။

အဆိုပါ သေဆုံးသူသည် ယနေ့နံနက်ပိုင်းက တစ်ဦးတည်း ဈေးဝယ်ထွက်လာစဉ် သတ်ဖြတ်ခံခဲ့ရခြင်းဖြစ်ပြီး တရားခံအားဖမ်းဆီးရမိနိုင်ရေး စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# မင်းသုဝဏ်၏ငှက်ကဗျာများ

**မြင့်ဆွေဦး**

ဆရာကြီးမင်းသုဝဏ်သည် ကဗျာအပုဒ်ပေါင်း ၁၀၀၀ နီးပါးရေးဖွဲ့ခဲ့ရာ ကလေးကဗျာများမှာ အပုဒ် ၂၀၀ ကျော်ရှိပြီး ငှက်ကဗျာများမှာလည်း ၅၀ နီးပါးရှိခဲ့သည်။ ဆရာကြီးမင်းသုဝဏ် ရေးဖွဲ့ခဲ့သောငှက်ကဗျာများကို River Bank Art Centre မှ နေ၍ ၂၀၁၅ ခုနှစ်တွင် "လုမ္ဗိနီအင်ကြင်းမြိုင်သို့နှင့် အခြားငှက်ကဗျာများ"၊ ၂၀၁၆ ခုနှစ်တွင် "အောက်ချင်းငှက်နှင့်အခြားငှက်ကဗျာများ"ကို စာအုပ်ထုတ်ဝေခဲ့သည်။ ဆရာကြီးမင်းသုဝဏ်ရေးသားဖွဲ့ဆိုခဲ့သော ကဗျာပေါင်းများစွာထဲမှ ငှက်နှင့်ပတ်သက်သည့် ကဗျာများကို ရွေးထုတ်ကာ ငှက်တို့၏ သဘာဝအချက်အလက်များ၊ ဓာတ်ပုံများနှင့်တွဲဖက်ဖော်ပြကာထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ယခုဤစာအုပ်မှာ ဆရာကြီးမင်းသုဝဏ်၏ ငှက်ကဗျာများအားလုံးကို စုစည်းရာ၌ ယခင်ဖော်ပြနိုင်ခဲ့သော ကဗျာအပုဒ် ၄၁ ပုဒ်အပြင် "ရွှေခါညို"နှင့် "ခြံထဲကစာဝတီ"နှစ်ပုဒ်ထပ်မံဖြည့်စွက်နိုင်ခဲ့သဖြင့် ကဗျာအပုဒ်ပေါင်း ၄၃ ပုဒ်ကို ဖော်ပြနိုင်ခဲ့သည်။
ဤစာအုပ်စီစဉ်သူဆရာကျော်မျိုးနိုင် (Wild Wings Group)က ကဗျာပုံရိပ်၊ ငှက်ပုံရိပ်ဟူ၍ အမှာစာရေးထားသည်။

ဆရာကြီးမင်းသုဝဏ်၏ ငှက်ကဗျာများကို ကျွန်တော်ငယ်စဉ်ကတည်းကပင် အကြိမ်ပေါင်းများစွာနှစ်သက်စွာဖတ်ရှု ရွတ်ဆိုခဲ့ဖူးပါသည်။ ကင်မရာကိုင်၍ ငှက်များ၏အလေ့အထ၊ လှုပ်ရှားမှုမျိုးစုံကိုနေရာစုံ၊ ရှုထောင့်စုံက ရိုက်ကူးခွင့်ကြုံကြိုက်လာသောအခါ ဆရာကြီးမင်းသုဝဏ်၏ ငှက်ကဗျာများကို မက်မက်မောမောပြန်လည်ရွတ်ဆိုမိပြန်ပါသည်။

ပျံသန်းနေသော သို့မဟုတ် ရပ်နားနေသော သို့မဟုတ် ဘာသာဘာဝ တေးသီကြွေးနေသော ငှက်လေးများကို ဓာတ်ပုံရိုက်သည်လည်းရိုက်၊ ဆရာကြီး၏ ကဗျာများကို ရွက်ဆိုသည်လည်း ရွက်ဆိုရင်း ငှက်ကဗျာများနှင့် ဓာတ်ပုံများကို ယှဉ်တွဲဖော်ပြထားသော စာအုပ်တစ်အုပ်ဖန်တီးနိုင်ရန် စိတ်ရင်းဖြစ်ပေါ်လာပါသည်။

ထိုစိတ်ကူးကြောင့်ပင်လျှင် ကျွန်တော်ကိုယ်တိုင်ရိုက်ကူးခဲ့သော ငှက်ကလေးများ၏ ဓာတ်ပုံများ၊ မိတ်ဆွေအပေါင်းအသင်းများ ရိုက်ကူးထားသော ငှက်ဓာတ်ပုံများကို ဆရာကြီး၏ ငှက်ကဗျာများနှင့်ယှဉ်တွဲ၍ ဖော်ပြထုတ်ဝေဖြစ်ပါသည်။

ထိုသို့ ထုတ်ဝေရာတွင် ကဗျာများကပေးသောရသကို ခံစားရင်း ဓာတ်ပုံဖြင့် မျက်မြင်တွေ့နေရသော ထိုထိုသော ကဗျာပါ ငှက်ကလေးများ၏ အကြောင်းအရာကိုလည်း တစ်ပါတည်း ဖော်ပြဖြစ်ပါသည်။ သုတ၊ ရသ၊ ပသာဒမျိုးစုံ ခံစားနိုင်ရန် ရည်ရွယ်ပါသည်။

ဆရာကြီး၏ ငှက်ကဗျာများနှင့်အတူ ဖော်ပြထားသော ငှက်တို့၏ အကြောင်းအရာများကို မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း(စာပေဗိမာန်)က ၁၉၅၀ ပြည့်နှစ်က ထုတ်ဝေခဲ့သည့် ဦးမောင်မောင်လေး(ဘီအေ၊ ဘီအယ်) ပြုစုပြီး ဦးမောင်မောင်ကလေး(ဘီအေ) တည်းဖြတ်သော ငှက်သဘင်စာအုပ်မှ ဆိုင်ရာဆိုင်ရာအလိုက် ကောက်နုတ်၍ ခေတ်နှင့်လျော်ညီအောင် တည်းဖြတ်ဖော်ပြထားခြင်းဖြစ်ပါသည်။ ငှက်သဘင်စာအုပ်တွင် မပါဝင်သော အချို့အကြောင်းအရာများကို မြန်မာနိုင်ငံ ငှက်အသင်းမှ ကျွမ်းကျင်သူ ပညာရှင်များက ကူညီရေးသားပေးပါသည်။

ဤစာအုပ်တွင် ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)ကလည်း သုံးဖက်မြင်အခင်းအကျင်းအမည်ဖြင့် အမှာစာရေးဖွဲ့ပေးထားသည်။

ဆရာကြီးမင်းသုဝဏ် ကဗျာထဲက ငှက်ကလေးများကို ဆရာ ကျော်မျိုးနိုင်က သုံးဖက်မြင်အခင်းအကျင်းဖြင့် လှလှပပ စီစဉ်ထုတ်ဝေလိုက်သည်။ ကဗျာမြင်ကွင်း၊ ဓာတ်ပုံမြင်ကွင်းနှင့် သုတမြင်ကွင်းဆိုပါစို့။

စာရှုသူသည် ကဗျာမြင်ကွင်းကို အာရုံပြုလိုက်ပါက ဆရာကြီးမင်းသုဝဏ်၏ ချစ်စရာငှက်ကလေးများကို ပျော်ရွှင်နှစ်သက်စွာ ဖတ်ချင်စိတ်၊ ဆိုချင်စိတ် ပေါ်ပေါက်လာပါလိမ့်မည်။ ကလေးများကို ချစ်တတ်၍ ငှက်များကိုလည်း ချစ်တတ်သော ဆရာကြီးသည် ငှက်လောကကို ချစ်တတ်သောမျက်စိဖြင့်ရှုမြင်ပြီး ငှက်ကဗျာပေါင်းများစွာကို ရေးဖွဲ့ခဲ့သည်။ ငှက်ကလေးများ၏ ပုံပန်းသွင်ပြင်၊ အသွေးအရောင်၊ အမူအရာ၊ ဓလေ့စရိုက်တို့ကို စိတ်ထဲမှာ မြင်ယောင်လာအောင်ရင်းနှီးပျော်ရွှင်သော ပြောဟန်ဖြင့် သရုပ်ဖော်ခဲ့သည်။ ငှက်ကလေးများ၏ အလှကို မြင်အောင်ပြသည်။ ပျော်ရွှင်နှစ်သက်စိတ် ပေါ်လာအောင် နှိုးဆော်သည်။

စာရှုသူသည် ဓာတ်ပုံမြင်ကွင်းကို အာရုံပြုလိုက်ပါက ကဗျာပါငှက်ကလေးများကို အနီးကပ်ရှုမြင်ရသည့် အတွေ့အကြုံမျိုးကို ရပါလိမ့်မည်။ အပြင်လောကတွင် အနီးကပ်ရှုမြင်ရဖို့ ခဲယဉ်းသော ငှက်တစ်မျိုးချင်း၊ တစ်ကောင်ချင်းကို ဓာတ်ပုံပညာရှင်၏ လက်စွမ်းကြောင့် အနားကပ်ကြည့်နေရသလို မြင်ခွင့်ရပါလိမ့်မည်။ ထိုအတွေ့အကြုံသည်လည်း နှစ်သက်ကြည်နူးစရာကောင်းပါသည်။




စာရှုသူသည် သုတမြင်ကွင်းကို အာရုံပြုလိုက်ပါက ကဗျာပါ၊ ဓာတ်ပုံပါ ငှက်ကလေးများအကြောင်းကို အသေးစိတ် သိမှတ်ခွင့်ရပါလိမ့်မည်။ ငှက်ကလေးများ၏ အမည်၊ အမှတ်အသား၊ အသံ၊ အလေ့အကျင့်နှင့် အစာ၊ အသိုက်နှင့် ဥများ၊ တွေ့နိုင်သည့် ဒေသတို့အကြောင်း တိတိကျကျ သိမှတ်ရပြီး အသိအမြင်တိုးပွားလာပါလိမ့်မည်။ ထိုအတွေ့အကြုံသည်လည်း လိုလားနှစ်သက်ဖွယ်ဖြစ်ပါသည်။

**စာရှုသူသည် သုတမြင်ကွင်းကို အာရုံပြုလိုက်ပါက ကဗျာပါ၊ ဓာတ်ပုံပါ ငှက်ကလေးများ အကြောင်းကို အသေးစိတ်သိမှတ်ခွင့်ရပါလိမ့်မည်။ ငှက်ကလေးများ၏ အမည်၊ အမှတ်အသား၊ အသံ၊ အလေ့အကျင့်နှင့် အစာ၊ အသိုက်နှင့် ဥများ၊ တွေ့နိုင်သည့်ဒေသတို့အကြောင်း တိတိကျကျသိမှတ်ရပြီး အသိအမြင်တိုးပွားလာပါလိမ့်မည်။ ထိုအတွေ့အကြုံသည်လည်း လိုလားနှစ်သက်ဖွယ်ဖြစ်ပါသည်။**

ဆရာကြီးမင်းသုဝဏ်၏ အဆိုအမိန့်တစ်ခုဖြင့် ဤအမှာစာကို နိဂုံးချုပ်လိုက်ပါသည်။ ဆရာကြီးမင်းသုဝဏ်၏ အဆိုအမိန့်မှာ "သိပ္ပံပညာရှိသည် အချက်အလက်ကို အခြေပြု၍ အမှန်တရားကို ရှာသည်။ စာဆိုသည် အလှကို အခြေပြု၍ အမှန်တရားကိုရှာသည်။ ပန်းတိုင်ချင်းတူသော်လည်း လုပ်နည်းချင်း မတူကြပေ" ဟူ၍ ဖြစ်ပါသည်။

ဆရာကြီးမင်းသုဝဏ်၏သားလတ်ဖြစ်သူ ဆရာဒလဘန်း (ဦးထင်ကျော်)က ဥယျောဇဉ်ရေးပေးထားသည်။

"ဆရာကျော်မျိုးနိုင်က ကြိုတင်အသိပေး အကြောင်းကြားထားသည့် "ငှက်ကဗျာ" မူကြမ်းချောစာမူများ ရောက်နေသည်မှာ ရက်အတော်ပင်ညောင်းခဲ့ပြီ။ မူကြမ်းချောလေးကိုဖတ်ပြီး အမှာစာလေး ရေးပေးစေလိုကြောင်း ဆရာက ပြောထားသည်။ ကဗျာတွေကလည်း တခြားမဟုတ် ကလေးတွေအတွက် အဘရေးခဲ့သည့် ငှက်ကဗျာတွေဖြစ်နေသည်။

အိမ်ပြန်အရောက် ပါလာသည့်အလုပ်လေးတွေ စားပွဲပေါ်တင်လိုက်ပြီး ဆရာ့စာမူထုပ်ကိုယူကာ ထုံးစံအတိုင်း အိပ်ရာပေါ်ကျောခင်းလိုက်သည်။ စာမူထုပ်ကို အလယ်လောက်က စဖွင့်လိုက်သည်။ တိုက်တိုက်ဆိုင်ဆိုင် မိမိ ကလေးဘဝကပင် ရင်းနှီးခဲ့သော (မြီးညှောင့်ကောင်)ကို ပုံလေးများ ဝေဝေဆာဆာ လှလှပပစိတ်ဝင်စားဖွယ်တွေ့ရသည်။

ကလေးဘဝတွင် တက္ကသိုလ်နယ်မြေ ပုဂံလမ်း အိမ်အမှတ် (၅) မှာ နှစ် ၂၀ ခန့် နေခဲ့ရသည်။ ဧည့်ခန်းပြတင်းပေါက်မှ လှမ်းကြည့်သော် အိမ်နောက်ရှိ တင်းနစ်ကွင်းကို မြင်ရသည်။ ဆောင်းအခါ နံနက်စောစော ကွင်းပြင်ပေါ် အမည်နှင့်လိုက်ဖက်အောင် အမြီးကလေး အထက်အောက် တလှုပ်လှုပ်နှင့် ဟိုပြေးသည်ပြေး ငြိမ်ငြိမ်မနေတတ်သည့် ငှက်ကလေးများကို အဘလှမ်းပြရင်း စိတ်ဝင်စားစရာ မှတ်သားစရာလေးတွေ ပြောပြခဲ့ဖူးသည်။

ငှက်ကလေးတွေက မြန်မာပြည်မျိုးရင်းမဟုတ်ကြ။ ဆောင်းခိုရန်ရောက်လာသည့် ငှက်ဧည့်သည်လေးများ ဖြစ်ကြသည်။ မြီးညှောင့်ကောင် (သို့) ရေညှောင့်ကောင်ဟူ၍လည်း အမည်ကွဲရှိကြောင်း အဘမှတ်တမ်းများအရ သိရသည်။ သူတို့ဇာတိက အာသံ၊ ယူနန်၊ ဆိုက်ဘေးရီးယားတို့ဖြစ်သည်။ ရေခဲလောက်အောင်အေးသည့် ဆောင်းရာသီရောက်လာသည့်အခါ လွန်ကဲသော အအေးဒဏ်၊ ရေခဲမှတ်အောက်ရောက်သော အအေးဒဏ်ကို ရှောင်ရန် အအေးပေ့ါသော ဒေသများသို့ ငှက်ကလေးများအတောင်ဖြန့် ခရီးဆန့်ကြသည်။

အံ့ဖွယ်ကောင်းလောက်အောင် မိုင်ရာထောင်ချီဝေးလှသည့်နိုင်ငံများသို့ အုပ်စုဖွဲ့ပျံသန်းရောက်ရှိလာကြသည်။ ရန်ကုန်မြို့၌ အောက်တိုဘာလဆန်းပိုင်းလောက်ဆိုလျှင် မြီးညှောင့်ငှက်ကလေးများကို စတင်တွေ့ရှိရတတ်သည်။ ဧပြီ၊ မေလလောက်ရောက်လျှင် မွေးရပ်ဌာနေခရီးဝေးကြီးကို ပြန်ကြသည်။ ကမ္ဘာ့ရာသီဥတုက တစ်နေ့တခြား ဖောက်ပြန်လာသည်မို့ ငှက်ကလေးများ ရောက်ချိန်စော၊ ပြန်ချိန်စောလာသည်ကို သတိပြုမိသည်။

ငှက်ငယ်များ၏ ချစ်စဖွယ်အမူအကျင့်၊ အရောင်အသွေး၊ လှုပ်ရှားဟန်သွင်ပြင်မူရာ၊ နှစ်သက်ခုံမင်ရာ အစားအစာစသည်တို့ကို အဘက ကာရန်အားကိုးနှင့် ကလေးများရွတ်ဆိုရလွယ်အောင် စိတ်ဝင်စား၊ ဗဟုသုတ ရအောင် တွေးတောကြံဆကာ ကဗျာလေးများ ရေးဖွဲ့ပေးခဲ့သည်။

ယခုတော့ ဆရာကျော်မျိုးနိုင်က သူ့ဓာတ်ပုံပညာဖြင့် ငှက်ကလေးများ သဘာဝအလျောက် နေထိုင်လှုပ်ရှားဟန်၊ စားသောက်ဟန်တို့ကို သူတို့ကျက်စားနေထိုင်ရာလွင်ပြင်၊ တောတောင်ဒေသများသို့ ပင်ပန်းကြီးစွာ သွားရောက်မှတ်တမ်းတင်ပြီး အဘ၏ ကဗျာများနှင့် ဆီလျော်စွာ ယှဉ်တွဲဖော်ပြပေးနိုင်ခဲ့ပြီဖြစ်သည်။ ကလေးများကို အဘပေးလိုသည့်ဗဟုသုတ မျှော်မှန်းသည်ထက် ခရီးပေါက်ခဲ့ပါပြီ။ အဘများ သက်ရှိထင်ရှားရှိသေးပါက ဆရာ့ကို မည်မျှခင်မင် ကျေးဇူးစကားပြောလိမ့်မည်ကို မခန့်မှန်းနိုင်ပါ။

ဆရာကျော်မျိုးနိုင်၏ "ငှက်ကဗျာ"စာအုပ်ကို ဖတ်ရှုမိသူတိုင်း သဘာဝအလှ၊ ငှက်တို့အကြောင်း ဗဟုသုတ၊ ကဗျာအရသာတို့ကို ရရှိခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ ကလေး၊ လူကြီး မိမိပတ်ဝန်းကျင်ရှိ ချစ်စဖွယ် ငှက်သတ္တဝါများကို ပိုမိုအလေးပြုမိကြပါလိမ့်မည်။ အကျိုးအမြတ်မမျှော်ကိုး မိမိလူမျိုးကို ဗဟုသုတမျှစေလိုသည့် စိတ်ဓာတ်ဖြင့် ထုတ်ဝေသည့် ဆရာ့စာအုပ်များတွင် အရည်အသွေး၊ ဆေးရောင်၊ စာရွက်အမျိုးအစားကြောင့် သားစဉ်မြေးဆက် လက်ဝယ်သိမ်းဆည်း လက်ဆင့်ကမ်းသည့် စာအုပ်များဖြစ်ကြပါသည်။"

မင်းသုဝဏ်၏ ငှက်ကဗျာစာအုပ်မှာ မြန်မာစာအုပ်လောကတွင် မရှိဖူးသေးသည့် စာအုပ်ဖြစ်သည်။ ဆရာကြီး မင်းသုဝဏ်၏ ငှက်ကဗျာများကို ဓာတ်ပုံပညာဖြင့် သရုပ်ဖော်သည်။ ထိုငှက်များအကြောင်းကို ဗဟုသုတရဖွယ် မှတ်တမ်းမှတ်ရာနှင့် တင်ပြထားသည်။

ဆရာကြီးမင်းသုဝဏ်(လုမ္ဗိနီအင်ကြင်းမြိုင်သို့) ကဗျာကို ဖော်ပြပြီး ဥဒေါင်းငှက်အကြောင်းကို ဓာတ်ပုံမှာ ဝေဝေဆာဆာနှင့် တင်ပြထားသည်။

**လုမ္ဗိနီအင်ကြင်းမြိုင်သို့**

**ခက်ချင်းယှက်လို့ ပင်ချင်းဆိုင်**
**ရှေးက အင်ကြင်းမြိုင်။**
**ပန်းတွေလှိုင်လို့ ငှက်တွေမြူး**
**ဥဒေါင်းတွန်သံကျူး။**
**အင်ကြင်းခူးဖို့ မယ်တော်ပြင်**
**လောင်းတော်ဖွားသန့်စင်။**
**လောကတစ်ခွင် ကြည်ရွှင်လန်း**
**လူလေးမျှော်ရှုမှန်း။ ။**

ဆရာကြီးမင်းသုဝဏ်၏ ကဗျာကို ဖော်ပြပြီး ဥဒေါင်းငှက်၏အကြောင်းကို သိမှတ်စဖွယ်ရေးသားတင်ပြထားသည်။

ဥဒေါင်းသည် မြန်မာနိုင်ငံတွင် အထူးပင်ပေါ်လွင်ထင်ရှား၍ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည်ဟု လူတိုင်းက ယူဆကြသည်။ ကိုယ့်မင်းကိုယ့်ချင်းဘဝဖြင့် လွတ်လပ်ခဲ့စဉ်ကပင် မြန်မာ့ကျက်သရေဆောင်အဖြစ်ဖြင့် ဒေါင်းတံဆိပ်များကို ဒင်္ဂါးများပေါ်တွင် ခတ်နှိပ်ထုတ်ဝေခဲ့သည်။

မြန်မာဘုရင်များလက်ထက်တော်က မြန်မာနိုင်ငံ၏အလံတော်တွင် ဒေါင်းတံဆိပ်အမှတ်အသားထားရှိ၍ ဒေါင်းအလံကို တလူလူလွင့်ထူခဲ့သည်။ ယခုခေတ်တွင် တက္ကသိုလ်ကျောင်းသားသမဂ္ဂက ခွပ်ဒေါင်းပုံကို အလံတွင် ရွေးချယ်သုံးစွဲနေပေသည်။

တောငှက်များတွင် ဥဒေါင်းသည် မျက်စိအရှင်ဆုံးဖြစ်၍ လူအကပ်မခံချေ။ လူ သို့မဟုတ် ရန်သူ အနားကပ်လာ၍ မပြေးသာလျှင် ပြန်ခွပ်တတ်သည်။

ထို့ကြောင့် မန္တလေးခေတ်ကဗျာတစ်ပုဒ်တွင်-

**မိုးချုပ်လို့ ပြန်ချိန်တော်**
**မြတ်လေးစွယ်တော်ဆိုတဲ့ ချောင်းမှာ**
**ဒေါင်းတွေကအော်။**
**ဒေါင်းအော်ရင် ကြိုလူလွှတ်ပါ့**
**ပျိုတို့မောင် ဝါဝါဝတ်ကို**
**ဒေါင်းခွပ်မည်စိုး။ ။**

ဥဒေါင်းငှက်ကို မြန်မာနိုင်ငံတွင် အနည်းငယ်သာ တွေ့ရသည်။ ဥဒေါင်းကို ကျက်သရေရှိသည်၊ မြင့်မြတ်သည်ဟု ယူဆသော်လည်း မုဆိုးတို့လက်ချက်ဖြင့် ဥဒေါင်းဦးရေမှာ တစ်နေ့တခြား နည်းပါး၍ ကွယ်ပျောက်လုမတတ်ရှိသည်ကို ကာကွယ်သင့်ပေသည်။ ။

# မေတ္တာဓာတ်တို့ဖြင့် လောကဓာတ်ကမ္ဘာကို အအေးဓာတ်လွှမ်းပတ်နိုင်စေသောဝ်

**ဓမ္မဒူတ အရှင်ဆေကိန္ဒ**




**အိပ်ချင်ငိုက်မျဉ်းမှုကင်း၍ ရပ်နေသမျှ၊ သွားနေသမျှ၊ ထိုင်နေသမျှ၊ လဲလျောင်းနေသမျှ ကာလပတ်လုံး ဤမေတ္တာဓာတ်နှင့်ယှဉ်သော သတိကို ဖြစ်စေလျက်နေရမည်။ ဤသာသနာတော်၌ မေတ္တာနှင့်ယှဉ်သော သတိဖြင့်နေခြင်းကို ဗြဟ္မဝိဟာရ မြတ်သောနေခြင်းဟူ၍ မြတ်စွာဘုရားရှင်တို့သည် ဟောတော်မူကုန်၏။**

ဗုဒ္ဓဘာသာဝင်တို့သည် နှစ်စဉ်နှစ်တိုင်း မြန်မာသက္ကရာဇ်အားဖြင့် ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့အဖြစ် သတ်မှတ်ထားကြပါသည်။ မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူစဉ် ရုက္ခစိုးနတ်တို့ ခြောက်လှန့်ခံရသော ရဟန်းအပါးငါးရာတို့ကို အကြောင်းပြု၍ မေတ္တသုတ်တရားတော်ကို ဟောကြားတော်မူခဲ့ပါသည်။ မေတ္တသုတ်ဟောတော်မူရာကာလ ဝါခေါင်လပြည့်နေ့ကို မြန်မာနိုင်ငံသူ နိုင်ငံသား ဗုဒ္ဓဘာသာဝင်အများတို့က မေတ္တာအခါတော်နေ့ဟု သတ်မှတ်ထားခြင်း ဖြစ်ပါသည်။

ဝါတွင်းကာလ ဝါဆိုဝါကပ်တော်မူကြမည့် ရဟန်းတော်တို့သည် မြတ်စွာဘုရားရှင်၏ အထံတော်မှ ကမ္မဋ္ဌာန်းအားထုတ်နည်းတို့ကို ခံယူလေ့ရှိကြကုန်၏။ မြတ်စွာဘုရားရှင်ဟောကြားသော စရိုက်တို့နှင့် ကိုက်ညီသော ကမ္မဋ္ဌာန်းနည်းတို့ကို အသီးသီးခံယူကြလျက် မိမိတို့နှင့် သင့်တော်လျောက်ပတ်သော အရပ်ဒေသ အသီးသီးသို့ ကြွရောက်ဝါဆိုလျက် ရဟန်းတော်တို့သည် တရားအားထုတ်ကြလေ၏။

ထိုကဲ့သို့လျှင် အပါးငါးရာသော ရဟန်းတော်တို့သည် ကမ္မဋ္ဌာန်းနည်းနာခံယူပြီး ဟိမဝန္တာတောင်အနီး တောအုပ်ကြီးတစ်ခုအတွင်း သီတင်းသုံးလျက် ကမ္မဋ္ဌာန်းတရား အားထုတ်ကြလေ၏။ ထိုတောအုပ်၌ နေထိုင်ကြသော ရုက္ခစိုးနတ်တို့သည် ရဟန်းတော်တို့၏ တန်ခိုးအရှိန်ကြောင့် သစ်ပင်ထက်ဗိမာန်မှ သမီးသားတို့နှင့် အတူတကွ မြေပြင်သို့ သက်ဆင်းနေထိုင်ကြလေ၏။ နှစ်ရက်၊ သုံးရက်မျှ ကြာလာသောအခါ မိမိတို့ဗိမာန်၌သာ ပြန်လည်နေထိုင်ကြလိုသည်ဖြစ်၍ ရဟန်းတော်တို့အား သီတင်းမသုံးနိုင်စေရန် အမျိုးမျိုးသော ကြောက်မက်ဖွယ် အဆင်း၊ အသံ၊ အနံ့တို့ဖြင့် အနှောင့်အယှက်ပေး ခြောက်လှန့်ကြလေကုန်၏။ ထိုအခါ ရဟန်းတော်တို့သည် ကမ္မဋ္ဌာန်းတရားအားထုတ်ခြင်း၌ အဆင်မပြေကြသည် ဖြစ်၍ မြတ်စွာဘုရားရှင်၏အထံသို့ ပြန်ကြွကုန်ပြီး အကြောင်းအကျိုးတို့ကို လျှောက်ထားကြလေ၏။

ထိုသို့ လျှောက်ထားသောအခါ မြတ်စွာဘုရားရှင်သည် "ရဟန်းတို့ သင်တို့အတွက် တရားထူးရရှိရန် သင့်လျော်သောနေရာသည် ဤနေရာမှတစ်ပါး အခြားနေရာမရှိပါချေ။ သို့အတွက် သင်ရဟန်းတို့သည် ထိုနေရာ အရပ်သို့သာ ပြန်သွားနေထိုင်ကြလျက် ရဟန္တာအဖြစ်ကို ဖြစ်စေကြပါကုန်လော့။ ရဟန်းတို့ ထိုနေရာသို့သာ ပြန်သွားကြလျက် ထိုနေရာကို အမှီပြုပြီး တရားအားထုတ်ကြပါလော့။ ထို့အပြင် သင်တို့သည် ရုက္ခစိုးနတ်တို့၏ နှောင့်ယှက်မှုကင်းလိုကြလျှင် ဤမေတ္တသုတ်ပရိတ်တရားတော်ကို သင်ယူမှတ်သားရွတ်ဖတ်ပွားများ အားထုတ်ကြကုန်လော့။ ဤမေတ္တသုတ် တရားတော်သည် သင်တို့အတွက် အနှောင့်အယှက်ရန်အားလုံးကို ကာကွယ်တားမြစ်ဖို့ရန်၊ နိဗ္ဗာန်ရောက်ကြောင်း ကမ္မဋ္ဌာန်းကျင့်နိုင်ဖို့ရန် အမှန်ဖြစ်၏ဟု မြတ်စွာဘုရားရှင်သည် မိန့်လျက် မေတ္တသုတ်ကို ဟောတော်မူပါသည်။

မေတ္တသုတ်တရားတော်သည်ကား ဗုဒ္ဓဘာသာဝင်တို့အတွက် ပါဠိစကားဖြင့် နေ့စဉ်ရွတ်ဆိုပွားများလေ့ရှိသော သုတ္တန်တရားဖြစ်ပါသည်။ မြန်မာစကားဖြင့် မေတ္တသုတ်၏ ဆိုလိုရင်းအဓိပ္ပာယ်ကိုသိသူများ နည်းပါးနိုင်သေး၏။ မြန်မာစကားဖြင့် နားလည်သဘောသိလျှင် ကမ္မဋ္ဌာန်းတရားအားထုတ်ရာ၌ ပို၍လွယ်ကူအောင်မြင်နိုင်ပါသည်။

"ငြိမ်းအေးသော နိဗ္ဗာန်သို့ ရရောက်လိုသော အကျိုးစီးပွားဖြစ်ခြင်း၌ ကျွမ်းကျင်လိမ္မာသောသူသည် ဤမေတ္တသုတ်လာ နည်းမှန်၊ လမ်းမှန်၊ အကျင့်မှန်တို့ကို လက်တွေ့ကျင့်ကြံအားထုတ်သင့်၏။ ကျင့်နိုင်သောအစွမ်း ရှိရမည်။ ကိုယ်နှုတ်အကျင့် ဖြောင့်မတ်ရမည်။ စိတ်နေစိတ်ထား ကောင်းစွာဖြောင့်မတ်ရမည်။ ဆိုဆုံးမခံယူလွယ်ရမည်။ စိတ်ထားနူးညံ့သိမ်မွေ့ရမည်။ အထင်ကြီးမာနမထားရ။

ရသမျှသော အကျိုးပေးဖြင့်သာ ရောင့်ရဲလွယ်ရမည်။ အများနှင့် ဆက်ဆံရေးအဆင်ပြေစေရမည်။ အကျိုးမဲ့သော အမှုကိစ္စကို ရှောင်ရမည်။ စိတ်ဖိစီးမှုကင်းသော အသက်မွေးမှုရှိရမည်။ တည်ကြည်ငြိမ်သက်သော ဣန္ဒြေရှိရမည်။ ရင့်ကျက်သော အသိစိတ်ဓာတ်ရှိရမည်။ ကိုယ်နှုတ်နှလုံးစိတ်တို့ အမူအယာမကြမ်းတမ်းရ၊ ပုဂ္ဂိုလ်ရေး အဂတိ ကင်းရမည်။

ပညာရှိတို့ကဲ့ရဲ့အပြစ်မြင်သည့် ဒုစရိုက်တို့ကို မပြုကျင့်ရ။

(မေတ္တာတရားထားလျက် နိဗ္ဗာန်ရောက်လိုသော ပုဂ္ဂိုလ်သည် ဤသို့သော အကျင့်တို့ကို လိုက်နာကျင့်သုံးရမည်ဖြစ်ပေသည်။)

ဤသို့သောအရည်အချင်းတို့ကို ပြည့်စုံအောင် ဖြည့်ကျင့်လျက် မေတ္တာစိတ်ထားကာ မေတ္တာဘာဝနာ ပွားများရပေမည်။

အားလုံးသောသတ္တဝါတို့သည် ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ၊ ဘေးရန်ကင်းဝေးကုန်သည် ဖြစ်ကြပါစေ၊ ချမ်းသာကိုယ်စိတ် ရှိကြပါစေ။

အလုံးစုံသော ထွက်သက်ဝင်သက်ရှိသော သတ္တဝါ၊ မရှိသောသတ္တဝါတို့သည် လည်းကောင်း၊

ထိတ်လန့်တတ်သော ပုဂ္ဂိုလ်၊ မထိတ်လန့်တတ်သော ပုဂ္ဂိုလ်တို့သည် လည်းကောင်း၊

ကိုယ်ခန္ဓာရှည်သော၊ ကိုယ်ခန္ဓာတိုသော၊ ကိုယ်ခန္ဓာ အလတ်ရှိသော သတ္တဝါတို့သည် လည်းကောင်း၊

ကိုယ်ခန္ဓာသေးငယ်သော၊ ကိုယ်ခန္ဓာဝဖြိုးသော သတ္တဝါတို့သည် လည်းကောင်း၊

မြင်ဖူးမြင်ရသော သတ္တဝါ၊ မမြင်ဖူး မမြင်ရသော သတ္တဝါတို့သည် လည်းကောင်း၊

အဝေး၌နေသော၊ အနီး၌နေသော သတ္တဝါတို့သည် လည်းကောင်း၊

ရဟန္တာပုဂ္ဂိုလ်၊ ပုထုဇဉ်သေက္ခကျင့်ဆဲ ပုဂ္ဂိုလ်တို့သည် လည်းကောင်း၊

ခပ်သိမ်းသော သတ္တဝါတို့သည် ချမ်းသာသော ကိုယ်စိတ်ရှိကြပါစေကုန်သတည်း။

တစ်ယောက်ကတစ်ယောက်ကို အမျက်ဒေါသ မဖြစ်ပါစေလင့်၊

ချုပ်ချယ်စော်ကားခြင်း မရှိပါစေလင့်၊ ရန်လိုသော စိတ် မရှိပါစေလင့်၊

မထီမဲ့မြင် မပြုပါစေလင့်၊ အချင်းချင်း ဆင်းရဲမှုကို အလိုမရှိပါစေလင့်၊

ဤသို့လျှင် တစ်ဦးတည်းသောသား၏ မိခင်သည် သားအပေါ် မေတ္တာဖြင့်စောင့်ရှောက်သကဲ့သို့ အားလုံးသော သတ္တဝါတို့အပေါ်၌ ကြီးမြတ်သော မေတ္တာစိတ်ထား ပွားများရာ၏။

အထက်အောက်ရပ် ဝန်းကျင်အလုံးစုံလောက၌ အတွင်းရန်၊ အပြင်ရန်တို့ ကင်းစေနိုင်သော အတိုင်းအရှည်မရှိ ကြီးမြတ်သောမေတ္တာစိတ်ထား ပွားများရာ၏။

အိပ်ချင်ငိုက်မျဉ်းမှုကင်း၍ ရပ်နေသမျှ၊ သွားနေသမျှ၊ ထိုင်နေသမျှ၊ လဲလျောင်းနေသမျှ ကာလပတ်လုံး ဤမေတ္တာဓာတ်နှင့်ယှဉ်သော သတိကိုဖြစ်စေလျက် နေရမည်။ ဤသာသနာတော်၌ မေတ္တာနှင့်ယှဉ်သော သတိဖြင့်နေခြင်းကို ဗြဟ္မဝိဟာရ မြတ်သောနေခြင်းဟူ၍ မြတ်စွာဘုရားရှင်တို့သည် ဟောတော်မူကုန်၏။

ထိုသို့လျှင် မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းသောသူသည် အစွဲမှားသော သက္ကာယဒိဋ္ဌိအယူသို့ မရောက်မူ၍သာလျှင် သီလရှိသူဖြစ်လျက် သောတာပတ္တိမဂ်ဉာဏ်အမြင်နှင့် ပြည့်စုံသည်ဖြစ်၍ ဝတ္ထုအာရုံကာမဂုဏ်တို့၌ တပ်မက်မှုကိုပယ်ဖျောက်သည်ရှိသော် တစ်ဖန် ပဋိသန္ဓေနေခြင်းသို့ မရောက်တော့ပေ"ဟု မြတ်စွာဘုရားရှင် မိန့်တော်မူ၏။

ထိုရဟန်းတော်ငါးရာတို့သည် မေတ္တသုတ်တရားကို နာယူမှတ်သားကြ၍ မိမိတို့သီတင်းသုံးခဲ့ရာ တောအုပ်၌ ရှိကြကုန်သော နတ်ဒေဝတာတို့အား မေတ္တာပို့သကြကုန်၏။ နတ်ဒေဝတာတို့သည် ဝမ်းမြောက်ကြကုန်လျက် ကြွလာသောရဟန်းတော်တို့အား ခရီးဦးကြိုဆိုခြင်း၊ နေရာထိုင်ခင်း စီမံခြင်းစသော အမှုတို့ကိုပြုခြင်းဖြင့် ပြန်လည်ကူညီစောင့်ရှောက်ကြလေကုန်၏။ ဤသို့လျှင် မြတ်စွာဘုရားရှင်၏ မေတ္တသုတ်ဒေသနာအရ အချင်းချင်းမေတ္တာဖြင့် ညီညွတ်ကြကုန်လျက် နေထိုင်ကြပြီးလျှင် ဝါကျွတ်တော်မူသောအခါ ရဟန်းအပါးငါးရာတို့သည် ရဟန္တာအဖြစ်သို့ ရောက်တော်မူကြကုန်လျက် စင်ကြယ်သော ပဝါရဏာပြုခြင်းကို ပြုတော်မူကြလေကုန်၏။

မေတ္တာအခါတော်နေ့ ဖြစ်ပေါ်လာသော ဤအကြောင်းအရာ၌ ရဟန်းတော်တို့နှင့် ရုက္ခစိုးနတ်တို့သည် ရှေးဦးစွာ အတူယှဉ်တွဲနေထိုင်ကြရာ၌ အဆင်မပြေမှုများ ဖြစ်ခဲ့ကြရပါသည်။ များသောအားဖြင့် အဆင်မပြေမှုများသည် တစ်ဦးနှင့်တစ်ဦး မေတ္တာမရှိ၊ မေတ္တာမထား၊ မေတ္တာနည်းကြ၍သာ ဖြစ်ပေါ်တတ်ကြပါသည်။ ဤယခုဖြစ်ရပ်၌ ရဟန်းတော်တို့က မိမိတို့၏ ကမ္မဋ္ဌာန်းအလုပ်ကိုသာ ပဓာနပြုမိလျက် အနီးဝန်းကျင်ရှိ ပုဂ္ဂိုလ်တို့အပေါ် မေတ္တာမထားမိခြင်းသည်လည်း အကြောင်းရင်းတစ်ချက် ဖြစ်ပေသည်။ ရုက္ခစိုးနတ်တို့သည်လည်း မိမိနှင့်သားသမီးတို့၏ ပင်ပန်းဆင်းရဲမှု၊ မိမိပိုင်ဆိုင်သော ဝတ္ထုပစ္စည်းတို့ကို မသုံးဆောင်ရမှုစသော မကျေနပ်မှု၊ မနှစ်သက်မှု အခြေခံသည်လည်း အကြောင်းရင်းတစ်ချက် ဖြစ်ပေသည်။ ထိုသူတို့၏ သန္တာန်၌ မေတ္တာဓာတ်ဖြစ်ပေါ်စေခြင်း၊ မေတ္တာဓာတ် ပျံ့နှံ့စေခြင်း၊ တစ်ဦးပေါ်တစ်ဦး မေတ္တာထားကြခြင်းသည် အဆင်မပြေမှု အခက်အခဲများကို ပြေပျောက်စေနိုင်ပါသည်။

မြတ်စွာဘုရားရှင်၏ တရားတော်တို့သည် သစ္စာလေးပါး၌သာ အကျုံးဝင်ကြလေကုန်၏။ သစ္စာလေးပါးဟူသည် ဒုက္ခဆင်းရဲအမှန်သစ္စာ၊ ဒုက္ခဆင်းရဲဖြစ်ကြောင်း အမှန်သစ္စာ၊ ဒုက္ခဆင်းရဲချုပ်ငြိမ်းခြင်းအမှန်သစ္စာနှင့် ထိုဒုက္ခဆင်းရဲချုပ်ငြိမ်းခြင်းကိုရကြောင်း အမှန်သစ္စာဟူ၍ပင် ဖြစ်ပေသည်။

အဆင်မပြေမှု၊ ခက်ခဲမှု၊ ဆင်းရဲမှုစသော ပြဿနာတို့သည် လောကသဘာဝတရားတို့ ဖြစ်ကြလေကုန်၏။ ထိုပြဿနာတို့သည် အကြောင်းမဲ့သက်သက် ဖြစ်ပေါ်သည်မဟုတ်၊ အကြောင်းကြောင့်သာ ဖြစ်ပေါ်လာကြလေကုန်၏။ ပြဿနာရှိလျှင် ပြဿနာမရှိခြင်းသည်လည်း အမှန်တရားအစစ်သာတည်း။ ပြဿနာ မဖြစ်လို၊ မရှိလိုလျှင် ပြဿနာမဖြစ်ကြောင်း၊ ပြဿနာမရှိစေသော အကြောင်းကို သိရှိနားလည်အောင် ရှာဖွေရမည်ဖြစ်ပါသည်။ ထိုပြဿနာမဖြစ်ကြောင်းသည်ကား အခြားမဟုတ်ပါချေ။ ပြဿနာဖြစ်ကြောင်း၏ ဆန့်ကျင်ဘက်သာဖြစ်ပေသည်။ ပြဿနာဖြစ်ပေါ်စေသော လောဘ၊ ဒေါသ၊ မောဟ၊ မာနစသော ကိလေသာတို့ကို အနိုင်ယူနိုင်သော အလောဘ၊ အဒေါသ၊ အမောဟ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာစသော သူတော်ကောင်းတရားတို့ပင် ဖြစ်ပေသည်။ ကိလေသာအားလုံးတို့ကို အနိုင်ယူနိုင်သော မဂ္ဂင်ရှစ်ပါးတရားတို့ပင် ဖြစ်ပေသည်။

မေတ္တာအခါတော်နေ့၌ ခိုက်ရန်ဖြစ်ခြင်းကို အနိုင်ယူနိုင်သော မေတ္တာဓာတ်တို့ဖြင့် လောကဓာတ်ကမ္ဘာကို လွှမ်းမိုးအနိုင်ယူလျက် မိမိတို့၏ အတွင်းသန္တာန်၌ တည်သော ကိလေသာအပူဓာတ်တို့ကို သမ္မာဒိဋ္ဌိ စသော မဂ္ဂင်ရေစင်မြတ်ဖြင့် အအေးဓာတ်လွှမ်းပတ်နိုင်ကြပါစေကုန်သတည်း။ ။

***(ယခုဆောင်းပါးအား ၇-၈-၂၀၁၇ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာတွင် အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရှုနိုင်ရန် ဖော်ပြထားပါသည်။)***



## မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် ဩဂုတ် ၆**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း(Myanmar Journalists Association-MJA)၏ ၂၀၁၇ နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းမ ကျောက်ဆည်ဓမ္မာရုံ၌ ကျင်းပရာ မြန်မာနိုင်ငံသတင်းစာဆရာအသင်း ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌ ဒါရိုက်တာ မောင်ယဉ်ကျော်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အသင်း၏ ၂၀၁၆-၂၀၁၇ နှစ်ပတ်လည် အစီရင်ခံစာကို အတွင်းရေးမှူး ဒေါ်ဂျူလိုင်မိုးက ဖတ်ကြားတင်သွင်းရာ တက်ရောက်ကြသူ အသင်းဝင်များက အတည်ပြုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံသတင်းစာဆရာအသင်း တောင်ဥက္ကလာပမြို့နယ်ဥက္ကဋ္ဌ ယဉ်မင်းဦး(ဆေးတက္ကသိုလ်)(ဒေါက်တာနိုက်တင်ဂေးလ်- မီးအိမ်ရှင်)က ရာသီတုပ်ကွေးရောဂါ H1N1 ကာကွယ်ရေး အသိပညာပေး ဟောပြောသည်။**(ဓါတ်ပုံ)**

ပြီးနောက် အသင်းနှစ်ပတ်လည် အစည်းအဝေးအတွက် ကူညီပံ့ပိုးပေးခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြကြောင်း သိရသည်။

**(ကြေးမုံ)**



ပွင့်ဖြူချောင်းကျေးရွာ မီးလောင်ထားသည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။



ပြောင်ပိုက်ကျေးရွာရှိ အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံမေးမြန်းနေစဉ်။

❖ **မောင်တောမှ**

အဆိုပါသတင်းစာရှင်းလင်းပွဲ၌ စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်ကို နိုင်ငံတော်သမ္မတရုံး၏ (၁-၁၂-၂၀၁၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၉/၂၀၁၆ ဖြင့် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ပေါင်း (၁၃) ဦးဖြင့် ဖွဲ့စည်းမိန့် ထုတ်ပြန်ခဲ့ပါကြောင်း။

စုံစမ်းစစ်ဆေးရေးကော်မရှင်သည် မောင်တောဒေသတွင်ဖြစ်ပွားခဲ့သည့် ကိစ္စရပ်များအပေါ် ဖြစ်စဉ်ဖြစ်ရပ်အမှန် ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရန်နှင့် ဒေသအတွင်းတည်ငြိမ်အေးချမ်းရေးအတွက် လေ့လာစိစစ်ပြီး သုံးသပ်ချက်၊ အကြံပြုချက်နှင့်အတူ-

(၁) မောင်တောဒေသ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်ခံရမှုများ ဖြစ်ပွားခဲ့သည့် နောက်ခံအခြေအနေ၊ ဖြစ်ပွားရသည့် အကြောင်းရင်းနှင့် အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်စဉ်များ။

(၂) အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိမှု၊ ပျက်စီးဆုံးရှုံးမှုနှင့် အခြားထိခိုက်မှုများ။

(၃) ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆောင်ရွက်ချက်များ။

(၄) နယ်မြေရှင်းလင်းစိုးမိုးရေး ဆောင်ရွက်ချက်များအပေါ် ပြင်ပမှစွပ်စွဲချက်များ မှန်ကန်မှု ရှိ၊ မရှိ။

(၅) ပြည်သူများ၏ လုံခြုံမှုနှင့် အခြေခံအခွင့်အရေးများအား အာမခံချက်ပေးနိုင်ရေး။

(၆) ပဋိပက္ခများ ကြိုတင်ကာကွယ်ရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးရေး။

(၇) စုံစမ်းစစ်ဆေးတွေ့ရှိချက်များအပေါ် အခြေခံ၍ နောင်အလားတူ ဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်သင့်သည့် အစီအမံများ အကြံပြုပေးရန်ဖြစ်ပြီး စုံစမ်းစစ်ဆေးမှု အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံသို့(၃၁-၁-၂၀၁၇)ရက်နေ့အရောက် တိုက်ရိုက်အစီရင်ခံစာတင်ပြရန် ဖြစ်ပါကြောင်း ပဏာမရှင်းလင်းပြောကြားသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင်များအား တစ်ဦးချင်း မိတ်ဆက်ပေးပြီး ဆက်လက်ပြောကြားရာတွင် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်တွင် တာဝန်ပေးထားသူများသည် နယ်ပယ်အသီးသီးမှ လေးစားယုံကြည်ရသည့် အတွေ့အကြုံရင့်ကျက်သော ပုဂ္ဂိုလ်ကြီးများဖြစ်ပါကြောင်း၊ မြန်မာ့အရေး၊ ကမ္ဘာ့အရေးများတွင် အတွေ့အကြုံပေါင်း မြောက်မြားစွာ ရှိသူများဖြစ်သည့်အပြင် ဌာနပေါင်းစုံ၊ ကဏ္ဍပေါင်းစုံနှင့် အလွှာအသီးသီးမှ ပုဂ္ဂိုလ်များဖြစ်ပြီး လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပေးထားသော အဖွဲ့အစည်းဖြစ်ပါကြောင်း။

ထို့ပြင် ကိုးကွယ်သည့်ဘာသာကို ကြည့်လျှင်လည်း ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာဝင်များ ပါဝင်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ကော်မရှင်သည် တာဝန်စပေးသည့် (၁-၁၂-၂၀၁၆)ရက်မှစပြီး မောင်တောဒေသသို့ (၄)ကြိမ် ကွင်းဆင်းစစ်ဆေးကာ အသေးစိတ်စုံစမ်းမေးမြန်းနိုင်ခဲ့ပါကြောင်း။

မောင်တောဒေသ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက် ဖြစ်စဉ်သည် ရခိုင်ပြည်နယ်အတွင်း ယခင်ကဖြစ်ပွားခဲ့သော ပဋိပက္ခများနှင့်မတူဘဲ နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေးအတွက် အဓိကတာဝန်ယူထားသော အမှတ်(၁)နယ်ခြားစောင့် ရဲကွက်ကဲမှုအဖွဲ့ဌာနချုပ် (ကျီးကန်းပြင်)၊ ငါးခူရနယ်မြေရဲစခန်းနှင့် ကိုးတန်ကောက် ရဲကင်းစခန်းများကို တိုက်ခိုက်ပြီး လက်နက်ခဲယမ်းမျိုးစုံတို့ကို ရယူသွားသည့် နိုင်ငံတော်ပုန်ကန်မှုဖြစ်စဉ်ဖြစ်သည့်အပြင် ပြည်ပနှင့်ဆက်စပ်နေသော ကွင်းဆက်များလည်း ပေါ်ပေါက်ခဲ့သည့်အတွက် ဖြစ်စဉ်သည် ပိုမိုရှုပ်ထွေး၊ နက်ရှိုင်းလျက်ရှိသည်ဟု သုံးသပ်ပြောကြားလိုပါကြောင်း။

မိမိတို့ကော်မရှင်ကို သတ်မှတ်ပေးသည့် (၃၁-၁-၂၀၁၇)ရက်တွင် အစီရင်ခံစာတင်ပြရန် စီစဉ်ခဲ့သော်လည်း ယင်းကာလမှာ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးကလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသော မောင်တောဒေသမှ မူဆလင်များအား တွေ့ဆုံမေးမြန်းမှုများပြုလုပ်ပြီး အစီရင်ခံစာ ထုတ်ပြန်ရန်ရှိကြောင်း ကြားသိရသည့်အတွက် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာကို စောင့်ဆိုင်းခဲ့ပါကြောင်း။

ထိုအစီရင်ခံစာထုတ်ပြန်လာသည့်အခါ အစီရင်ခံစာပါဖော်ပြချက်ဖြစ်ရပ်များ မှန်ကန်မှု ရှိ၊ မရှိ၊ ကိုက်ညီမှု ရှိ၊ မရှိ မောင်တောဒေသသို့ ထပ်မံသွားရောက် ကွင်းဆင်းကြည့်ရှုစစ်ဆေးမေးမြန်းရခြင်း၊ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးရောက်ရှိနေသော မောင်တောဒေသမှ မူဆလင်ကျေးရွာသူ ကျေးရွာသားများကို ၎င်းတို့နေထိုင်သည့် ဒုက္ခသည်စခန်းများအရောက် သွားရောက်စစ်ဆေးမေးမြန်းနေရခြင်း၊ ထို့ပြင် ၎င်းမူဆလင်များက သူတို့၏ နစ်နာဆုံးရှုံးမှုများအတွက် တရားရေးလမ်းကြောင်းအရ တရားရုံးတွင် တရားစွဲဆိုနိုင်ကြောင်း မိမိတို့ ကော်မရှင်က ကမ်းလှမ်းခဲ့မှုအပေါ် တုံ့ပြန်လာမည့် အခြေအနေများကို စိတ်ရှည်စွာ စောင့်ဆိုင်းနေရခြင်းတို့ကြောင့် မူလသတ်မှတ်ထားသည့်ရက်ထက် ခြောက်လကျော်ခန့် ပိုမိုကြာမြင့်ခဲ့ရပါကြောင်း။

ထို့ပြင် မောင်တောဒေသတွင် စိတ်ကြွရူးသွပ်ဆေးပြားအမြောက်အမြား ဖမ်းဆီးရရှိမှုများ ရှိနေသည့်အတွက် မူးယစ်ဆေးဝါးကုန်သွယ်မှု လမ်းကြောင်းသည် လက်နက်ကိုင်ပုန်ကန်မှုများ၊ စီးပွားရေးသမားများနှင့် ဆက်နွှယ်ပြီး ကြီးထွားလာနိုင်သော အခြေအနေများကို တွေ့ရှိနေရပါကြောင်း၊ ထိုအခြေအနေကို မိမိတို့ကော်မရှင်၏ အစီရင်ခံစာတွင် ပြည့်စုံစွာ ရေးသားပြုစုဖော်ပြထားပါကြောင်း။

မောင်တောဒေသ၌ နောင်အလားတူ ဖြစ်ရပ်မျိုး ထပ်မံမပေါ်ပေါက်စေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးနှင့် လုံခြုံရေးကဏ္ဍအလိုက် အဆက်အစပ်ရှိရှိ၊ ရည်မှန်းချက်ရှိစွာ မည်သို့ စီမံဆောင်ရွက်သွားသင့်ကြောင်း၊ မောင်တောဒေသ အနာဂတ်အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုရည်မျှော်၍ အကြံပြုချက်များကို တင်ပြထားပါကြောင်း။

ယခု သတင်းစာရှင်းလင်းပွဲတွင် ကော်မရှင်၏ အစီရင်ခံစာ အကျဉ်းချုပ်ကို မြန်မာ၊အင်္ဂလိပ် နှစ်ဘာသာဖြင့် ဖြန့်ဝေပြီးဖြစ်ပါကြောင်း၊ အစီရင်ခံစာ အပြည့်အစုံကို နိုင်ငံတော်သမ္မတထံ တင်သွင်းထားပြီးဖြစ်ပါကြောင်း၊ ကော်မရှင်၏ အစီရင်ခံစာပါ အကြောင်းအရာများ အပြည့်အစုံကို ကော်မရှင်အတွင်းရေးမှူး ဦးဇော်မြင့်ဖေက ရှင်းလင်းသွားမည်ဖြစ်သည့်အတွက် သိသင့်သိထိုက်သည်များကို ပိုမိုသိရှိသွားနိုင်ပါကြောင်း။

ကော်မရှင်သည် မောင်တောဒေသ၏ အတိတ်နောက်ခံအခြေအနေနှင့် လက်ငင်းဖြစ်ပျက်နေသော အခြေအနေများကို စုံလင်အောင်သုံးသပ်ပြီး ပြုပြင်ဆောင်ရွက်သင့်သည်များကို အုပ်ချုပ်ရေးဆိုင်ရာ၊ သတင်းမီဒီယာဆိုင်ရာ၊ UN အဖွဲ့အစည်းများနှင့် INGO အဖွဲ့အစည်းများဆိုင်ရာ၊ နိုင်ငံသားစိစစ်ရေးဆိုင်ရာ၊ ဘာသာ/သာသနာရေးဆိုင်ရာ၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ၊ အမျိုးသားလုံခြုံရေးနှင့် နယ်စပ်ဒေသလုံခြုံရေးဆိုင်ရာ၊ နိုင်ငံတကာ လုံခြုံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဆိုင်ရာနှင့် အထွေထွေဟူ၍ ခေါင်းစဉ်များ ခွဲခြားအကြံပြုထားပါကြောင်း။

သတင်းမီဒီယာများကို ကော်မရှင်၏ အဓိက စစ်ဆေးတွေ့ရှိချက်ကို ရှင်းလင်းပြောကြားလိုပါကြောင်း၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာသည် ၂၀၁၆ ခုနှစ် အောက်တိုဘာလ မောင်တောဒေသအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် စတင်ဖြစ်ပွားသော ပထမပိုင်းကာလအတွင်း လုံခြုံရေးရဲတပ်ဖွဲ့ဝင်များကို အကြမ်းဖက်အဖွဲ့ဝင်များက ရက်စက်စွာ တိုက်ခိုက်သတ်ဖြတ်မှု ဖြစ်စဉ်များကိုလည်းကောင်း၊ တတိယပိုင်းကာလတွင် အကြမ်းဖက်အဖွဲ့ဝင်များက ဒေသခံတိုင်းရင်းသားများကိုရော မူဆလင်ကျေးရွာသားများကိုပါ ရက်စက်စွာ သတ်ဖြတ်မှု၊ ကျေးရွာသားများကို ခြိမ်းခြောက်မှု၊ အကြမ်းဖက်သင်တန်းများပေးမှုများကို မဖော်ပြသည့်အပြင် နိုင်ငံတော်အစိုးရမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ မောင်တောဒေသရှိ ကျေးရွာများအား ပြည်တွင်း/ပြည်ပမှ ထောက်ပံ့ရေးပစ္စည်းများ ကူညီထောက်ပံ့မှုစသည့် အခြေအနေများကို နိုင်ငံတကာမှ သိအောင် အလေးထားဖော်ပြခြင်းမပြုခဲ့သည်ကို တွေ့ရှိရပါကြောင်း။

နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ကြိုးပမ်းဆောင်ရွက်ချိန်ဖြစ်သည့် ဒုတိယပိုင်းကာလ၌ အကြမ်းဖက်သမားများနှင့် အပြန်အလှန် ထိတွေ့တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် သေဆုံးထိခိုက်ဒဏ်ရာရရှိမှုများ၊ မီးလောင်မှုများ၊ နေအိမ်များမှ ရွာသူ ရွာသားများ စွန့်ခွာထွက်ပြေးမှုများ၊ ပစ္စည်းပျောက်ဆုံး၊ ပျက်စီးမှုများ စသည့်ဖြစ်ရပ်များနှင့် မောင်တောဒေသမှ ထွက်ပြေးလာသူများ၏ တစ်ဦးချင်းမေးမြန်းထွက်ဆိုချက်များအပေါ် နိုင်ငံတကာမှ အထင်အမြင်လွဲမှားအောင် ပုံကြီးချဲ့ပြီး ပုံဖော်မီးမောင်းထိုးခဲ့ကြောင်း။

ထို့ပြင်မောင်တောဒေသတွင်နေထိုင်သည့် လူနည်းစုဖြစ်သော ဒေသခံတိုင်းရင်းသားများကို မေးမြန်းပြီး ၎င်းတို့၏ သဘောထားများ၊ ဖြေဆိုချက်များကိုထည့်သွင်း စဉ်းစားဖော်ပြခြင်းမပြုခဲ့သည်ကို ဝမ်းနည်းစွာ တွေ့ရှိရပါကြောင်း။

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ အဖွဲ့ဝင်လေးဦးသည် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝင်ရောက်ခဲ့သည်ဟုဆိုသူ ၂၀၄ ဦးအား တွေ့ဆုံမေးမြန်းချက်များ ဖော်ပြပါရှိသည့် မဟာမင်းကြီးရုံး၏ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၃ ရက် ရက်စွဲပါ Report of OHCHR Mission to Bangladesh အစီရင်ခံစာ၏ သုံးသပ်ချက်အပိုင်းတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ မူဆလင်များအား တိုက်ခိုက်ခြင်းသည် လူသားမျိုးနွယ်အား ဆန့်ကျင်သည့် ရာဇဝတ်မှု(Crime against humanity)ဖြစ်နိုင်ခြေရှိကြောင်း၊ ၎င်းတို့အပေါ် ကျူးလွန်သည့်အကြမ်းဖက်မှုလုပ်ရပ်များသည် လူမျိုးတုံးသတ်ဖြတ်သန့်စင်ခြင်း (Ethnic cleansing) ဟု ဖော်ပြနိုင်ကြောင်း စွပ်စွဲထားသည်ကို တွေ့ရှိရပါကြောင်း။

**စာမျက်နှာ ၉ သို့** ❑



၉-၁၀-၂၀၁၆ ရက်နေ့ မျောတောင်(မြောက်)ရွာအနီး လျှိုများအတွင်းမှ ပြောက်ကျားအကျႌ ရှစ်ထည်၊ Car Piston (၁၂)ခုနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိမှုမှတ်တမ်းဓာတ်ပုံ။

## ပြည်တွင်းရေးရာ

❑ စာမျက်နှာ ၈ မှ

မိမိတို့ ကော်မရှင်သည် ယင်းအစီရင်ခံစာကို အသေးစိတ်လေ့လာဖတ်ရှုပြီး အစီရင်ခံစာတွင် ပါရှိသည့် ကျေးရွာပေါင်း ၂၀ ကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကာ စွပ်စွဲချက်များကို အချိန်ယူ၍ စုံစမ်းစစ်ဆေးသည့်အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းသုံးခုသို့ သွားရောက်ပြီး ဒုက္ခသည်များကို တွေ့ဆုံမေးမြန်းခဲ့ပါကြောင်း။

ကော်မရှင်၏ စုံစမ်းစစ်ဆေးချက်များကို အခြေခံပြီး သုံးသပ်ပြောကြားရမည်ဆိုပါက ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးက သုံးသပ်သည့် Crime against humanity ဖြစ်နိုင်ခြေလုံးဝမရှိပါကြောင်းနှင့် Ethnic cleansing ဟု ယူဆနိုင်သည့် အနေအထားလည်း လုံးဝမတွေ့ရှိပါဟု ပြောကြားလိုပါကြောင်း။

ထို့ပြင် အချို့သော ပြင်ပပုဂ္ဂိုလ်များက ၎င်းဒေသ၌ လူမျိုးတုံးအောင်သတ်ဖြတ်ခြင်း (Genocide) ရှိသယောင် စွပ်စွဲပြောဆိုခြင်း၊ မဟုတ်မမှန်သတင်းဖြန့်ခြင်းများကို တွေ့ရှိရပါကြောင်း၊ ကော်မရှင်၏ အချိန်ယူစုံစမ်းစစ်ဆေးချက်များအရ ထိုဖြစ်ရပ်မျိုးလုံးဝမရှိကြောင်း တွေ့ရှိရပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး ဦးဇော်မြင့်ဖေက ကော်မရှင်၏အစီရင်ခံစာတွင်ပါရှိသည့် ရခိုင်ပြည်နယ်၏အနေအထား၊ ရခိုင်ပြည်နယ်ပဋိပက္ခဖြစ်စဉ်များ၏ နောက်ခံအခြေအနေ၊ မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ၊ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ဦးဆောင်ပါဝင်သူများ၊ မောင်တောဖြစ်စဉ်၏ ထူးခြားချက်၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ၏လုံခြုံရေးနှင့် အခြေခံအခွင့်အရေးများ၊ အာမခံချက်ပေးနိုင်မှုအခြေအနေ၊ ပဋိပက္ခကြိုတင်ကာကွယ်ရေးနှင့် လူသားချင်း စာနာထောက်ထားမှုအကူအညီပေးရေး၊ ပြင်ပစွပ်စွဲပြောဆိုမှုများအပေါ် စိစစ်တွေ့ရှိချက်၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) ၏ အစီရင်ခံစာပါဖော်ပြချက်များအပေါ် ကော်မရှင်၏ သုံးသပ်ချက်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကော်မရှင်အဖွဲ့ သွားရောက်စုံစမ်းစစ်ဆေးချက်၊ ကော်မရှင်၏ အကြံပြုချက်များ စသည်တို့ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့အပြင် ကော်မရှင်က နိုင်ငံတကာတွင် ကျင့်သုံးသည့် စုံစမ်းစစ်ဆေးသောနည်းစနစ်များအတိုင်း လျှို့ဝှက်သိုသိပ်စွာ မေးမြန်းခဲ့မှု၊ ကော်မရှင်သည် မောင်တောဒေသအတွင်း လေးကြိမ်ကွင်းဆင်းစစ်ဆေး၍ မှုခင်းဖြစ်ပွားရာနေရာစခန်းနှင့် ကျေးရွာပေါင်း ၆၄ နေရာသို့ အရောက်သွား၍ စုံစမ်းစစ်ဆေးခဲ့မှု၊ အခါအားလျော်စွာသတင်းထုတ်ပြန်ခဲ့မှု၊ ထိုဒေသအတွင်း တစ်ဖက်နှင့်တစ်ဖက် နားလည်မှုမရှိ၊ ယုံကြည်မှုမရှိ၊ ရောယှက်ဆက်ဆံခြင်းမရှိသည့် လူ့အသိုင်းအဝိုင်းများအတွင်း သတင်းချဲ့ကားခြင်း၊ မဟုတ်မမှန်စွပ်စွဲခြင်း၊ ပြင်ပစွက်ဖက်မှုပယောဂများနှင့် ဆက်စပ်နေသည့် အခြေအနေများ၊ ထွက်ပေါ်လာသည့် သက်သေများနှင့် စွပ်စွဲပြောဆိုမှုများကို မှန်၊ မမှန် အလေးအနက်ဆင်ခြင်သုံးသပ်ဆောင်ရွက်မှုများအပြင် စုံစမ်းတွေ့ရှိချက်များအပေါ် အခြေခံ၍ လက်ငင်းဆောင်ရွက်ရမည့်အချက်များနှင့် ရေရှည်မဟာဗျူဟာချမှတ်ဆောင်ရွက်ရမည့် အကြံပြုချက် ၄၈ ချက်တို့ကို ထည့်သွင်းတင်ပြမှုများ၊ မောင်တောဒေသ၌ လူ့အခွင့်အရေးကိစ္စများကို ကြည့်ရှုစုံစမ်းနိုင်မည့် ယန္တရားတစ်ခုထားရှိသင့်သောကိစ္စတို့အား ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများမှ သိရှိလိုသည့်မေးမြန်းချက်များအပေါ် ကော်မရှင်အဖွဲ့ဝင်များက အသေးစိတ်ရှင်းလင်းဖြေကြားသည်။



ဦးရှည်ကျကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးမှု မှတ်တမ်းဓာတ်ပုံ။

ကော်မရှင်၏ သတင်းစာရှင်းလင်းပွဲတွင် ကဏ္ဍအလိုက် မှတ်တမ်းဓာတ်ပုံများ၊ မောင်တောဒေသဆိုင်ရာ အချက်အလက်များ၊ မြေပုံကားချပ်များ၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး(OHCHR)၏ စွပ်စွဲချက်များနှင့် ၎င်းစွပ်စွဲချက်များအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များ၊ ကော်မရှင်၏ သုံးသပ်ချက်တို့ကို ပြည့်စုံစွာ ခင်းကျင်းပြသထားသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်ကြည်၊ ဦးထွန်းမြတ်၊ ဒေါက်တာအောင်ထွန်းသက်၊ ဦးညွန့်ဆွေ၊ ဒေါက်တာဒေါ်သက်သက်ဇင်၊ ဒေါက်တာလှမောင်၊ ဦးဇော်ဝင်း (ရဲချုပ်ငြိမ်း)၊ ဦးစောသလေးစော၊ ဒေါ်ကျိန်ငိုက်မန်၊ ဦးအောင်နိုင်နှင့် ဒေါက်တာသာညဏ်တို့ စုံညီစွာ တက်ရောက်ကြသည်။

ထို့အပြင် ပြည်ပသတင်းမီဒီယာ ၁၄ ဌာနနှင့် ပြည်တွင်းသတင်းမီဒီယာ ၄၇ ဌာနတို့မှ သတင်းမီဒီယာသမား စုစုပေါင်း ၁၁၄ ဦး တက်ရောက်သတင်းရယူခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မောင်တောမြို့နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးအပ်မှု မှတ်တမ်းဓာတ်ပုံ။



မောင်တောခရိုင် အထူးတရားရုံး တရားခွင်(၃)။



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကူတူပါလောင် IDP စခန်း။



ရေတွင်းကျွန်းကျေးရွာမှ ဘူးသီးတောင်အကျဉ်းထောင်သို့ ထောင်ဝင်စာလာရောက်တွေ့ဆုံမှုမှတ်တမ်းဓာတ်ပုံ။

# မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ သတင်းစာရှင်းလင်းပွဲတွင် ကော်မရှင်အဖွဲ့ဝင်များ၏ ဖြေကြားချက်များ

## သတင်းအဖွဲ့

ဩဂုတ် ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပသည့် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ သတင်းစာရှင်းလင်းပွဲတွင် တက်ရောက်လာကြသူများ၏ မေးမြန်းမှုများအပေါ် ကော်မရှင်အဖွဲ့ဝင်များ၏ ဖြေကြားချက်များကို ဖော်ပြအပ်ပါသည်-

**မေး။ ။ အရာရာလူနေမှုအဆင့်နိမ့်ကျပြီး အရာရာ နွမ်းပါးမှုတွေကြုံနေတဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်း အပါအဝင် ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘယ်လို စီမံဆောင်ရွက်သင့်သလဲဆိုတာနဲ့ ပတ်သက်ပြီး ကော်မရှင်ရဲ့ အစီရင်ခံစာမှာ ထည့်သွင်းထားသလဲ သိချင်ပါတယ်။**

**ဒေါက်တာလှမောင်**
**သံအမတ်ကြီး(ငြိမ်း) ကော်မရှင်အဖွဲ့ဝင်**

ဖြေ။ ။ မောင်တောဒေသအပါအဝင် ရခိုင်ပြည်နယ်အတွင်း မကြာခဏ ပဋိပက္ခများဖြစ်ရခြင်းရဲ့ အကြောင်းအရင်းခံများကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် လူမှုစီးပွားရေးအခြေအနေများ အလွန်အမင်းနိမ့်ကျလျက်ရှိနေခြင်းက အကြောင်းအရင်းခံများထဲမှာ အရေးကြီးပြီးအဓိကကျတဲ့ အကြောင်းအရင်းခံတစ်ရပ်ဖြစ်နေကြောင်းတွေ့ရှိရမှာ ဖြစ်ပါတယ်။



ဒေါက်တာလှမောင် သံအမတ်ကြီး(ငြိမ်း) ကော်မရှင်အဖွဲ့ဝင်



ဦးဇော်ဝင်း (ရဲချုပ်-ငြိမ်း) ကော်မရှင်အဖွဲ့ဝင်



ဒေါက်တာသာညွှန့် (အထွေထွေအတွင်းရေးမှူး၊ ခရစ်ယာန်ကလျာဏယုဝအသင်း)ကော်မရှင်အဖွဲ့ဝင်



ဒေါက်တာဒေါ်သက်သက်ဇင်
(ဥက္ကဋ္ဌ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်)ကော်မရှင်အဖွဲ့ဝင်



ဦးအောင်ကြည် (ပြည်ထောင်စုဝန်ကြီး-ငြိမ်း) ကော်မရှင်အဖွဲ့ဝင်



ဦးဇော်မြင့်ဖေ
(ကော်မရှင်အတွင်းရေးမှူး)

ရခိုင်ပြည်နယ်ရဲ့ လူမှုစီးပွားရေးအခြေအနေကို ပြည်ထောင်စုတစ်ခုလုံးရဲ့ ပျမ်းမျှအခြေအနေနဲ့နှိုင်းယှဉ်ရင်သော်လည်းကောင်း၊ ကျန်တိုင်းနဲ့ပြည်နယ်များနဲ့ နှိုင်းယှဉ်ကြည့်ရှုမည်ဆိုရင်လည်းကောင်း လွန်စွာနိမ့်ကျလျက်ရှိနေကြောင်းတွေ့ရမှာဖြစ်ပါတယ်။ ချင်းပြည်နယ်ပြီးရင် ရခိုင်ပြည်နယ်က ဒုတိယဆင်းရဲနွမ်းပါးမှုအမြင့်ဆုံး ပြည်နယ်ဖြစ်နေပါတယ်။ ထိုနည်းတူစွာပဲ မောင်တောဒေသအပါအဝင် ရခိုင်ပြည်နယ်တစ်ခုလုံးရဲ့ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍတို့နဲ့တကွ အခြေခံစီးပွားရေးအဆောက်အအုံ (Economic Infrastructure)များဖြစ်ကြတဲ့ သယ်ယူပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ကျောင်းများနဲ့ ဆေးရုံများအပါအဝင်လူမှုရေးကဏ္ဍစသဖြင့် ကျန်တိုင်းဒေသကြီးနဲ့ ပြည်နယ်များနဲ့ နှိုင်းယှဉ်ကြည့်ရှုမည်ဆိုရင် လွန်စွာနိမ့်ကျလျက်ရှိနေတာ တွေ့ရှိရပါတယ်။

လက်ရှိမောင်တောဒေသအပါအဝင် ရခိုင်ပြည်နယ်တစ်ခုလုံးရဲ့ကုန်ထုတ်လုပ်မှုအခြေအနေကို ဆန်းစစ်ကြည့်မယ်ဆိုရင် လယ်ယာနဲ့သားငါးကဏ္ဍတို့ကအဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိနေပါတယ်။ အကယ်၍ငွေးစီးပွားရေးကဏ္ဍနှစ်ခုတို့ရဲ့ ကုန်ထုတ်လုပ်မှုစနစ်ကို လက်ရှိသမားရိုးကျကုန်ထုတ်လုပ်မှုစနစ်မှ သိပ္ပံနည်းကျခေတ်မီကုန်ထုတ်လုပ်မှုစနစ်အသွင်သို့ ကူးပြောင်းဆောင်ရွက်မယ်ဆိုရင် ကုန်ပစ္စည်းထုတ်လုပ်မှု နှစ်ဆ၊ သုံးဆခန့် တိုးမြင့်လာနိုင်တဲ့အပြင် နိုင်ငံရဲ့ပြည်ပပို့ကုန် တိုးချဲ့တင်ပို့နိုင်မှုကိုလည်း အကျိုးပြုပေးနိုင်မှာဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ မောင်တောဒေသအပါအဝင် ရခိုင်ပြည်နယ်တစ်ခုလုံးရဲ့ အခြေခံစီးပွားရေးအဆောက်အအုံများ(Economic Infrastructure)ဖြစ်ကြတဲ့ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ကျောင်းများနှင့် ဆေးရုံများအပါဝင် လူမှုရေးကဏ္ဍစတာတွေကို အထူးစီမံကိန်းများရေးဆွဲလျက် အလျင်အမြန် အကောင်အထည်ဖော်ဆောင်ပေးသင့်ပါတယ်။ ထို့အတူ မြန်မာနိုင်ငံရဲ့ လက်ရှိပျမ်းမျှလုပ်ခအခြေအနေက အိမ်နီးချင်းနိုင်ငံများနဲ့ နှိုင်းစာရင် များစွာနိမ့်ကျလျက်ရှိနေပြီး မောင်တောဒေသအပါအဝင် ရခိုင်ပြည်နယ်တစ်ခုလုံးရဲ့ ပျမ်းမျှလုပ်ခလစာက အနိမ့်ဆုံးအဆင့်မှာ ရှိနေပါတယ်။ အလုပ်သမားများရဲ့ လုပ်ခလစာနိမ့်ကျနေခြင်းက စက်မှုလုပ်ငန်းများ လာရောက်တည်ထောင်ရန်အတွက် များစွာဆွဲဆောင်ပေးနိုင်ပါတယ်။ ဒါကြောင့် မောင်တောဒေသအပါအဝင် ရခိုင်ပြည်နယ်အတွင်းရှိ ဆိပ်ကမ်းများနဲ့ နီးစပ်တဲ့ဒေသတစ်လျှောက်မှာ Export Processing Zone တွေအပါအဝင် အထူးစက်မှုဇုန်(Special Economic Zone)တွေ၊ အသေးစားနဲ့ အလတ်စား စက်မှုလက်မှုလုပ်ငန်းတွေ(SME) တည်ဆောက်ပေးနိုင်မယ်ဆိုရင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုတွေ များစွာဝင်ရောက်လာနိုင်ပါတယ်။ ဒီကမှ တစ်ဆင့် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး(GDP)နဲ့ ပြည်ပပို့ကုန်တန်ဖိုး(Export)တွေ အဆပေါင်းများစွာ တိုးတက်လာနိုင်ပြီး အလုပ်အကိုင်သစ်မြောက်မြားစွာ ပေါ်ထွန်းလာစေနိုင်ပြီး လူတစ်ဦးချင်းဝင်ငွေများ တိုးမြင့်လာမှာဖြစ်ပါတယ်။ ဒီလိုဆိုရင် မောင်တောဒေသအပါအဝင် ရခိုင်ပြည်နယ်တစ်ခုလုံးရဲ့ နိမ့်ကျလျက်ရှိနေတဲ့ လူမှုစီးပွားရေးအခြေအနေတိုးမြင့်လာပြီး ပဋိပက္ခဖြစ်ပွားမှုများ တုံ့ဆိုင်းသွားစေနိုင်ပါတယ်။

**မေး။ ။ မောင်တောဒေသမှာဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုတွေကို ဘယ်လိုမြင်ပါသလဲ။ နိုင်ငံတကာအကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ ဆက်စပ်မှုရှိနေပါသလား။ နိုင်ငံတော်အတွက် စိုးရိမ်စရာအခြေအနေတွေ ရှိနေပါသလား။**

**ဦးဇော်ဝင်း(ရဲချုပ်-ငြိမ်း) ကော်မရှင်အဖွဲ့ဝင်**

ဖြေ။ ။ ဒီနေ့ဖြစ်သွားခဲ့တဲ့ အကြမ်းဖက်ဖြစ်စဉ်တွေက မောင်တောဒေသနဲ့ ရခိုင်ဒေသတွေမှာဖြစ်ပွားခဲ့တဲ့ ယခင်ဖြစ်စဉ်တွေနဲ့ မတူပါဘူး။ ယခင်တုန်းကတော့ ဒေသခံပြည်သူတွေ အချင်းချင်းကြားမှာ ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်တွေလဲ ဖြစ်ခဲ့ပါတယ်။ အရင်ပဋိပက္ခတွေနဲ့ မတူပါဘူး။ အခုဖြစ်စဉ်က နိုင်ငံတော်မှာတရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတာဝန်ထမ်းဆောင်နေတဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ်လို့ နေရာမျိုးကို ဝင်ရောက်တိုက်ပြီးတော့ လက်နက်ခဲယမ်းတွေရယူတာဟာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိပါးအောင်လုပ်တဲ့ အကြမ်းဖက်ဖြစ်စဉ်ပါ။ သူတို့ရဲ့ ဗီဒီယိုကလစ်ကို ကျွန်တော်တို့ပြန်ကြည့်တော့ ဘာပြောလဲဆိုရင် နှစ်ပေါင်းများစွာကမျှော်လင့်ချက်တွေကို ပြည့်ဝအောင် လုပ်မယ်ဆိုတာကို ပြောထားတာပါပါတယ်။ လူအခွင့်အရေးကိစ္စ၊ လူသားချင်းစာနာထောက်ထားမှုကိစ္စတွေအပြင် ပိုမိုကျယ်ပြန့်တဲ့ လုံခြုံရေးဆိုင်ရာကဏ္ဍတွေ၊ နိုင်ငံရေးဆိုင်ရာကဏ္ဍတွေအထိ ဆက်စပ်ပါဝင်နေတဲ့ ဖြစ်စဉ်ဖြစ်တယ်ဆိုတာ တင်ပြလိုပါတယ်။

ပြည်ပနဲ့ဆက်စပ်မှုပြောရမယ်ဆိုရင် နောက်ဆုံးသူတို့ရဲ့ကြေညာချက်အရဆိုရင် Arakan Rohingya Salvation Army (ARSA)ဆိုပြီး ကြေညာပါတယ်။ ဦးဆောင်သူက ဟာဖတ်ဇူလာ၊ သူဟာမောင်တော၊ ကျောက်ပြင်ဆိတ်ရွာသားတစ်ဦးဖြစ်ပေမယ့် ကြီးပြင်းခဲ့တဲ့နေရာကတော့ ပြည်ပမှာ ကြီးပြင်းခဲ့တယ်။ ဆော်ဒီမှာ နေထိုင်ခဲ့ပြီးတော့ ပါကစ္စတန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေမှာ စစ်သွေးကြွလက်နက်ကိုင်တွေထဲမှာ စစ်ရေးပညာသင်ကြားခဲ့သူဖြစ်ပါတယ်။ စုဖွဲ့လေ့ကျင့်မှုနဲ့ အသုံးပြုခဲ့တဲ့ငွေတွေကိုလည်း မောင်တောကနေ အရှေ့အလယ်ပိုင်းဒေသ နိုင်ငံအချို့ကိုရောက်နေတဲ့သူတွေကနေ ငွေကြေးထောက်ပံ့မှုတွေရှိတယ်။ အဲဒီမှာပြန်ကြည့်ရင် ငွေကြေးစီမံခန့်ခွဲမှုအဖွဲ့ဆိုပြီးတော့ စနစ်တကျစီမံခန့်ခွဲမှုတွေလုပ်ထားတယ်လို့ သိရှိရပါတယ်။

စစ်ရေးလေ့ကျင့်မှုတွေ ကြည့်တဲ့အခါမှာလည်း တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံကနေ ဝင်ရောက်လာသူတွေက စစ်ရေးလေ့ကျင့်မှုတွေ လုပ်ပေးတာတွေ့ရပါတယ်။ ကျွန်တော်တို့ တိတိကျကျပြောလို့ရတာကတော့ ပြည်ပအဖွဲ့အစည်းများနဲ့ အဆက်အသွယ်ရှိနေပါတယ်ဆိုပြီး ပြောနိုင်ပါတယ်။ အဲဒီအဖွဲ့အစည်းတွေက အကြမ်းဖက်အဖွဲ့အစည်းတွေ ဟုတ်၊ မဟုတ်ဆိုတာကိုတော့ ကျွန်တော်တို့ တိတိကျကျ မပြောနိုင်သေးပါဘူး။ အခုဖြစ်စဉ်သည် ငွေကြေးထောက်ပံ့မှုတွေကော လေ့ကျင့်မှုတွေကော အားလုံးဟာ ပြည်ပနဲ့ ဆက်စပ်မှုရှိနေတယ်ဆိုတာကိုတော့ ရှင်းရှင်းလင်းလင်းတင်ပြလိုပါတယ်။

နိုင်ငံအတွက် စိုးရိမ်စရာရှိနေပြီလားဆိုတာကတော့ ကျွန်တော်တို့ ဘာကိုပြန်ကြည့်ရမလဲဆိုရင် သူတို့ရဲ့ Ideology(အတွေးအမြင်စနစ်)က လွန်ခဲ့တဲ့ ၁၉၄၂ ခုနှစ်လောက်ကတည်းက စတင်လာခဲ့တာပါ။ လက်ရှိသုံးနေတဲ့ သူတို့ရဲ့နည်းနာကို ကျွန်တော်တို့ကြည့်တဲ့အချိန်မှာ နည်းလမ်းလေးချက်နဲ့ လက်ရှိဆောင်ရွက်နေတာကို တွေ့ရပါတယ်။

ပထမတစ်ချက်က အခိုင်အမာအခြေပြုတပ်စွဲပြီးတော့မှ လှုပ်ရှားတာမဟုတ်ဘဲ ပြောက်ကျားစနစ်ကိုသုံးပြီး တိုက်တယ်။ နေရာသုံးခုကို ညမှာ တစ်ပြိုင်နက်တည်းဝင်တယ်။ တိုက်ခိုက်မှုတွေလုပ်တယ်။ လက်နက်တွေယူတယ်။ ပြီးတော့ချက်ချင်းပျောက်သွားတယ်။ အချို့ထိတွေ့မှုဖြစ်စဉ်တွေမှာ အင်အားစုများတာတွေ့ရပေမယ့် ကျန်တဲ့နေရာတော်တော်များများကတော့ ပြောက်ကျားစနစ်နဲ့ပဲရင်ဆိုင်နေရတယ်။

ဒုတိယအချက်ကတော့ ဘာသွားတွေ့လဲဆိုတော့ အကြမ်းဖက်အဖွဲ့အစည်းတွေ သုံးကြတဲ့အတိုင်းသုံးတယ်။ ကားအင်ဂျင်ကိုမိုင်းအဖြစ်သုံးတာတွေ့ပြီး သိမ်းဆည်းရမိမှုတွေရှိခဲ့ပါတယ်။ ၂၀၁၇ မေလတုန်းက တင်းမေကျေးရွာမှာ စစ်သွေးကြွအဖွဲ့တွေက မိုင်းတပ်ဆင်မှုလေ့ကျင့်ရေး စပ်းသပ်လှုပ်ရှားမှုတွေလုပ်ခဲ့တယ်။ နိုင်ငံတကာမှာ စစ်သွေးကြွတွေသုံးတဲ့နည်းအတိုင်း လက်လုပ်မိုင်းတွေ သုံးပြီး တိုက်ခိုက်မှုတွေ ဆောင်ရွက်လာတာတွေ့တယ်။

တတိယနည်းကတော့ သူတို့က အစိုးရအမာခံလို့ ယူဆရတဲ့သူတွေ၊ စစ်သွေးကြွကိုမထောက်ခံဘူးလို့ ယူဆတဲ့သူတွေကို အင်တာနက်အွန်လိုင်းပေါ်ကနေ ခြိမ်းခြောက်တယ်။ ပြီးရင် အဲဒီသူတွေကို တစ်ယောက်ပြီးတစ်ယောက် ရက်ခြားလိုလို သတ်ဖြတ်လာတယ်။ အခုကျွန်တော်တို့ ကော်မရှင်စာရင်းပိတ်တဲ့ ဇွန်လ ၃၀ ရက်နေ့ အထိဆိုရင် ၄၄ ယောက် အသတ်ခံရတယ်။ သေချာကြည့်တဲ့အခါမှာ ၂၇ ယောက်က ရက်ရက်စက်စက်လည်လှီးပြီးသတ်တာတွေ့ရတယ်။ ဒါကဘာကိုပြသလဲဆိုရင် ကျွန်တော်တို့ အုပ်ချုပ်မှုယန္တရားတွေ အားလျော့အောင်၊ စစ်သွေးကြွတွေကို ပိုပြီးကြောက်လာအောင် လုပ်တဲ့နည်းနဲ့ ဆွဲခေါ်ထားပြီး ရေရှည်မျှော်လင့်ချက်တွေရှိတယ်ဆိုတာ တွေ့ရတယ်။

စာမျက်နှာ ၁၁ သို့ »»

# ငြိမ်းချမ်းရေးဂီတပွဲတော် Level-II သို့ ယှဉ်ပြိုင်ရန် ပဏာမလက်ရွေးစင်ရွေးချယ်ပွဲများ ကျင်းပလျက်ရှိ

**ပုသိမ် ဩဂုတ် ၇**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထောက်ခံသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)က ငြိမ်းချမ်းရေးဂီတပွဲတော်-၂၀၁၇ သီချင်းဆိုပြိုင်ပွဲကို မြို့နေရာများသတ်မှတ်ပြီး ပြိုင်ပွဲများကျင်းပပေးလျက်ရှိသည်။

Level -I ပဏာမအသံစစ်ဆေးခြင်းကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်နှင့် လားရှိုးမြို့များတွင် ကျင်းပပေးခဲ့ပြီး Level-II သို့ ယှဉ်ပြိုင်ခွင့်ရသူများကိုလည်း ရွေးချယ်ထားပြီးဖြစ်ကြောင်း သိရသည်။ ယခုအခါ Level-I အသံစစ်ရာတွင် အောင်မြင်ခဲ့ပြီး Level-II သို့ ဆက်လက်ယှဉ်ပြိုင်ရမည့် လက်ရွေးစင်များ ပေါ်ထွက်လာရာ တောင်ကြီးမြို့ပြိုင်ပွဲမှ A ဒေး၊ နော်ရုဖဲရီ၊ စိုင်းမင်းဇော် တို့ကိုလည်းကောင်း၊ မြစ်ကြီးနားမြို့ပြိုင်ပွဲမှ မင်းဇိုင်းဂျုံးဇယ်၊ စလား၊ မွန်းရာ တို့ကိုလည်းကောင်း၊ မော်လမြိုင်မြို့ပြိုင်ပွဲမှ နောင်နောင်၊ စောစံထွေး၊ ဝင်းလဲ့လဲ့အောင် တို့ကိုလည်းကောင်း၊ လားရှိုးမြို့ပြိုင်ပွဲမှ ထွယ်ဆန်ရာ၊ စည်သူဘုန်းမြင့်၊ ရဲရင့်အောင်တို့ကို ရွေးချယ်ထားကြောင်း သိရသည်။





ဩဂုတ် ၆ ရက် ည ပုသိမ်မြို့ပြိုင်ပွဲတွင် ပထမ ဇင်သူဇာထွန်း၊ ဒုတိယ လင်းသစ်၊ တတိယ ဇင်မာမိုးစက်တို့က ရရှိသွားကြသည်။ အဆိုပါ ပြိုင်ပွဲ ကျင်းပရာသို့ ဝန်ကြီးချုပ် မန်းဂျော်နီ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့်ဇနီး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့်ဇနီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ဝါသနာရှင်များ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

ဩဂုတ် ၁၃ ရက်မှ ၂၀ ရက်အထိ Level-I ပွဲစဉ်များကို ရန်ကုန်မြို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့် ( iprd )**

■

---

»» စာမျက်နှာ ၁၀ မှ

နောက်စတုတ္ထနည်းလမ်းကတော့ လူမှုကွန်ရက်တွေသုံးပြီး ဝါဒဖြန့်တာ။ ဒီဝါဒဖြန့်မှုတွေကလည်း တော်တော်လေးကိုစိုးရိမ်စရာရှိပါတယ်။ လူမှုကွန်ရက်ပေါ်ကနေ ပေးပို့တဲ့ သဘောတရားတွေကိုဖတ်ပြီး ဘယ်သူနဲ့မှလည်း အဆက်အသွယ်မရှိ၊ မဆက်ဆံဘဲ တစ်ယောက်တည်း အစွန်းရောက်သွားတာတွေရှိနိုင်ပါတယ်။

မနေ့တစ်နေ့ကလို မြေပြင်ပေါ်မှာ ဖြစ်နေတဲ့ အဖြစ်တွေကိုကြည့်ရင် ကျွန်တော်တို့ရဲ့ အုပ်ချုပ်မှု ယန္တရားတွေကို ထိခိုက်အောင် ရည်ရွယ်ချက်ရှိရှိ လုပ်နေပါတယ်။ ဒါဟာ ရေရှည်မှာ နိုင်ငံတော်အတွက်တော့ စိုးရိမ်စရာအကြောင်း ပြချက်ပါပဲ။

**မေး။ ။ မောင်တောဒေသမှာဘာသာရေးနှိပ်ကွပ်မှုတွေ၊ လူမျိုးရေးခွဲခြားမှုတွေရှိနေတယ်ဆိုတဲ့ စွပ်စွဲမှုတွေအပေါ်မှာ ဘယ်လိုထင်မြင်ပါသလဲ။ ကော်မရှင်အနေနဲ့ကော ဒီလိုကိစ္စရပ်တွေ ကြုံတွေ့ခဲ့ရသလားဆိုတာ သိချင်ပါတယ်။**

**ဒေါက်တာသာညွှန့်**
**(အထွေထွေအတွင်းရေးမှူး၊ ခရစ်ယာန်ကလျာဏယုဝအသင်း) ကော်မရှင်အဖွဲ့ဝင်**

ဖြေ။ ။ မြန်မာနိုင်ငံဟာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ အခွင့်အရေးအရ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာနဲ့ နတ်ကိုးကွယ်မှုတို့ကို လွတ်လပ်စွာကိုးကွယ်ခွင့်ရှိပါတယ်။ လွတ်လပ်စွာ ဘုရားရှိခိုးခွင့်၊ လွတ်လပ်စွာ ဓမ္မဒေသနာ ဝေငှခွင့်တွေရှိပါတယ်။

မောင်တောဒေသမှာ ဘာသာရေးနှိပ်ကွပ်မှုအနေနဲ့တော့ မတွေ့ပါဘူး။ ဘယ်သူမှလည်း ဘာသာရေးနဲ့ပတ်သက်ပြီး စွပ်စွဲခဲ့ခြင်းမရှိပါဘူး။ ကျွန်တော်တို့ မောင်တောမှာ မြို့သူကြီးဆိုတဲ့ရွာကို ရောက်ခဲ့ပါတယ်။ ပညာဉာဏ်နည်းတာရယ်၊ ကြောက်တာရယ်၊ ဗဟုသုတနည်းတာရယ်ကြောင့် ပုဒ်မ ၁၄၄ ကို တလွဲမြင်ခဲ့တာတော့ရှိတယ်။ ကျွန်တော်တို့က ရှိခိုးဖို့ ခွင့်ပေးခဲ့ပါတယ်။ ပုဒ်မ ၁၄၄ ကာဖျူးထုတ်ထားလို့ မနက်စောစော တစ်ကြိမ်နဲ့ ညဘက် တစ်ကြိမ်ကလွဲပြီး ကျန်တဲ့အချိန်တွေမှာ လွတ်လပ်စွာရှိခိုးခွင့်ရခဲ့ပါတယ်။ ဘာသာရေးကျောင်း အာရဗီကျောင်းလည်းရှိပါတယ်။ မောင်တောဒေသတစ်ခုတည်းမှာတင် ဗလီဟာ ၁၂၇၈ လုံးရှိပါတယ်။ မော်လဝီဆရာ ၁၆၅၇ ယောက်ရှိပါတယ်။ ဟိန္ဒူကျောင်း ၁၇ ကျောင်း၊ ခရစ်ယာန် ခုနစ်ကျောင်း၊ ဘုန်းကြီးကျောင်းက ၁၂၁ ကျောင်းရှိပါတယ်။ ဒီအရေအတွက်ကို ကြည့်ရင် ဘာသာရေးဖိနှိပ်မှု၊ လူမျိုးခွဲခြားမှုမရှိပါဘူး။

**မေး။ ။ မောင်တောဒေသမှာ မူးယစ်ဆေးဝါးဖမ်းဆီးရမှုကသုံးကြိမ်လောက်တွေ့ရပါတယ်။ ဒါဟာ မောင်တောဒေသမှာ ဖြစ်ပွားနေတဲ့ လက်ရှိအကြမ်းဖက် တိုက်ခိုက်မှုနဲ့ ဆက်စပ်မှုရှိပါသလား။**

**ဦးဇော်ဝင်း(ရဲချုပ်-ငြိမ်း)**
**ကော်မရှင်အဖွဲ့ဝင်**

ဖြေ။ ။ မောင်တောဒေသမှာ မူးယစ်ဆေးဝါးဖမ်းဆီးရမှုက အမှန်ဖြစ်ပါတယ်။ ပထမဦးဆုံး အကြမ်းဖက်မှုဖြစ်စဉ်မတိုင်မီ မူးယစ်ဆေးဝါးအမြောက်အမြား ဖမ်းဆီးရမှုဖြစ်စဉ်ရှိခဲ့ပါတယ်။ အဲဒီဖမ်းဆီးရမှုဖြစ်ပြီးနောက်ပိုင်းမှာ လုံခြုံရေးတာဝန်ယူထားတဲ့စခန်းတွေ တိုက်ခိုက်ခံရပါတယ်။ နယ်စပ်ဖြတ်ကျော် သဘောသဘာဝအရ အထူးသဖြင့် နယ်စပ်မှာရှိနေတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ဆက်စပ်တဲ့သဘောသဘာဝလည်း ရှိခဲ့ပါတယ်။ ဒါက နိုင်ငံတကာမှာတွေ့ကြုံရတဲ့ အနေအထားပါ။ နောက်တစ်ခါ ဖမ်းဆီးရမိတဲ့ တရားခံတွေရှိပါတယ်။ အဲဒီတရားခံတွေထဲမှာ မူးယစ်ဆေးနဲ့ပတ်သက်ပြီး ကျော်စောသတင်းရတဲ့သူတွေပါနေပါတယ်။ ဒါကြောင့် မူးယစ်ဆေးဝါးနဲ့ အကြမ်းဖက်မှုဖြစ်စဉ်တွေက ဆက်စပ်နေတယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ်ပါတယ်။

**မေး။ ။ ၂၀၁၆ ဖြစ်စဉ်တွေနဲ့ပတ်သက်ပြီး အမျိုးသမီးတွေကို အဓမ္မပြုကျင့်တယ်ဆိုတဲ့စွပ်စွဲပြောဆိုမှုတွေရှိနေတယ်လို့ ကြားသိရပါတယ်။ အဲဒါတွေနဲ့ ပတ်သက်ပြီး ကော်မရှင်ရဲ့ တွေ့ရှိချက်ကို သိချင်ပါတယ်။**

**ဒေါက်တာဒေါ်သက်သက်ဇင်**
**(ဥက္ကဋ္ဌ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်) ကော်မရှင်အဖွဲ့**

ဖြေ။ ။ ကျွန်မတို့အဖွဲ့အနေနဲ့ ဒီကိစ္စကို အင်မတန်အလေးထားပြီးတော့ ဖော်ထုတ်ဖို့ ကြိုးစားခဲ့ပါတယ်။ ရွာတွေကိုရောက်တဲ့အခါမှာလည်း အမျိုးသမီး ၁၀ ဦးကနေ ၂၀ အထိ တွေ့ဆုံခဲ့တယ်။ သူတို့ရဲ့ ကိုယ်ပိုင်လုံခြုံမှု အခြေအနေကိုထိခိုက်မှုမရှိအောင်အတွက်လည်း တစ်ဦးချင်းစီကို မေးခွန်းတွေထုတ်ပြီး သုတေသနနည်းလမ်းတွေနဲ့ စနစ်တကျမေးခဲ့ပါတယ်။ ကြိမ်ချောင်းတို့ ဘာတို့မှာ သူတို့ စွပ်စွဲထားတဲ့ တံငါရွာတွေအထိသွားပြီး သေချာမေးခဲ့ပါတယ်။ တချို့က ဖြစ်တယ်လို့ပြောတဲ့လူတွေရှိတယ်။ အဲဒီလူကို တိတိကျကျဖြစ်အောင် ခေါ်ထုတ်ပြီး မေးမြန်းခဲ့တယ်။ တဖြည်းဖြည်းမေးမြန်းကြည့်တဲ့အခါမှာ တိတိကျကျ မဖြေနိုင်ဘဲ ကျူးလွန်ခံရမှုမရှိဘဲနဲ့ body sex ဆိုတဲ့ လက္ခဏာပဲ ဖြစ်ပါတယ်။

အထူးသဖြင့် သူတို့ရဲ့ယူဆချက်အရ body sex ကိုကာမပြုမူတယ်လို့ခံစားယူဆပြီး ပြောတာကိုလည်း တွေ့ရတယ်။ တစ်ဖက်နိုင်ငံမှာရှိတဲ့ ဒုက္ခသည်စခန်းကိုသွားပြီးတော့လည်း ဒါတွေကို မေးခဲ့ပါတယ်။ ဆေးရုံတွေအထိ သွားရောက်ပြီးတော့လည်း မေးခဲ့ပါတယ်။ သို့သော်လည်း ဒါတွေကိုမရှိဘူးလို့ ကျွန်မတို့ မသုံးသပ်ပါဘူး။ ဒါတချို့တလေ တစ်ဦးချင်းကိစ္စကြောင့် ဖြစ်နိုင်ခြေတော့ရှိပါတယ်။ ဒါပေမဲ့ ကျွန်မတစ်ခုပြောချင်တာကတော့ ရာဇဝတ်မှုမြောက်တဲ့ အဓမ္မပြုကျင့်မှုမျိုးမရှိပါဘူး။ ဒီအဖြေကိုတော့ တစ်ဦးချင်းထက် အမျိုးသမီးအားလုံးကို လေ့လာပြီး ရယူနိုင်ခဲ့ပါတယ်။

**မေး။ ။ နိုင်ငံရေးပါတီတချို့ကလည်း မောင်တောဒေသကို စစ်အုပ်ချုပ်ရေးကြေညာပေးဖို့နဲ့ တပ်မတော်က ဒီကိစ္စကို ဖိဖိစီးစီးကိုင်တွယ်သွားဖို့ တောင်းဆိုတာတွေရှိပါတယ်။ တကယ်လည်း ဆွေးနွေးစရာတွေရှိတယ်ဆိုပြီးတော့ ရခိုင်အမျိုးသားခေါင်းဆောင်တွေကပြောနေတာတွေလည်းရှိပါတယ်။ အဲဒီအချက်တွေနဲ့ပတ်သက်ပြီး စစ်ဆင်ရေးတစ်ခုအနေနဲ့ ရှင်းလင်းသွားဖို့ ကော်မရှင်အနေနဲ့ အကြံပြုထားတာများရှိပါသလား။**

**ဦးအောင်ကြည်**
**[ပြည်ထောင်စုဝန်ကြီး(ငြိမ်း)] ကော်မရှင်အဖွဲ့ဝင်**

ဖြေ။ ။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ အဖြေပေးရမယ်ဆိုရင်တော့ ဒီပဋိပက္ခတွေဟာ အားလုံးသိကြတဲ့အတိုင်းပဲ ဂျပန်ခေတ်ကတည်းက စခဲ့တဲ့ ပဋိပက္ခတွေပါ။ အချိန်ကာလအားဖြင့် ကြာမြင့်ခဲ့ပါပြီ။ ဒီကိစ္စဟာလည်း လူ့အသိုက်အဝန်းနှစ်ခုကြားမှာ နာကျည်းမှုတွေ၊ နာကျင်မှုတွေ အများအပြားရှိနေတဲ့ကိစ္စပဲဖြစ်ပါတယ်။ ဒီလိုကိစ္စမျိုးကို ကျွန်တော်တို့က လုံခြုံရေးရှုထောင့်တစ်ခုထဲက စဉ်းစားမယ်ဆိုလို့ရှိရင် ပြည့်စုံရာကျမယ်လို့တော့ မထင်ပါဘူး။ ဒါတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့စဉ်းစားတဲ့အခါမှာ ဒီလူ့အသိုင်းအဝန်းနှစ်ခုကြားမှာ ဖြစ်ပေါ်နေတဲ့ ဒီပဋိပက္ခတွေကို ပိုမိုပြီးတော့ကြီးထွားမလာရအောင် ထိန်းချုပ်ရေးဆိုတဲ့ ကိစ္စကနံပါတ်တစ်ဖြစ်ပါတယ်။ ပြီးတော့မှ ဒေသအတွင်းမှာ နယ်မြေတည်ငြိမ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတွေကို တစ်ဖက်ကနေ ဆောင်ရွက်ရင်းနဲ့ ရင်ကြားစေ့ရေးကိစ္စတွေကိုဆောင်ရွက်သွားဖို့ အစီအစဉ်တွေ အများကြီးရှိပါတယ်။ စီးပွားရေး၊ လူမှုရေးတွေကို ထိန်းညှိပြီးတော့ အဖြေရှာပေးရမယ့်လုပ်ငန်းစဉ်တွေကို တကယ်တမ်းလုပ်မယ်ဆိုရင် ဒီကြားကာလမှာ လူတိုင်းဟာ အားလပ်မှုမရှိအောင် အလုပ်လုပ်ရမယ့်သဘောပဲဖြစ်ပါတယ်။

ဒီပဋိပက္ခတွေဟာ ရုတ်တရက်ပေါ်ပေါက်လာတာလည်းမဟုတ်ဘူး။ နှစ်ကာလရှည်လျားစွာကနေ ဖြစ်ပေါ်လာတာပဲဖြစ်ပါတယ်။ လူအများအပြား ထိခိုက်ဆုံးရှုံးမှုတွေဖြစ်တယ်။ အသက်အိုးအိမ်စည်းစိမ်တွေ ပျက်စီးခဲ့တာတွေလည်းဖြစ်ခဲ့တယ်။ ဒါဟာ ပြည်နယ်တစ်ခုတည်းသာမကဘဲ ပြည်ထောင်စုတစ်ခုလုံးကိုလည်း ထိခိုက်ပါတယ်။ ဒါတင်မကသေးဘူး သံတမန်နည်းလမ်းနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းဆောင်ရွက်သွားရမယ့်ကိစ္စတွေလည်းပါပါတယ်။ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရမယ့်ကိစ္စတွေ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ဘယ်လိုနည်းလမ်းတကျဆောင်ရွက်သွားမလဲဆိုပြီးတော့ ဆောင်ရွက်ဖြေရှင်းပေးသွားရမယ့်ကိစ္စတွေလည်း ပါတယ်။ ဒီလိုကိစ္စမျိုးတွေဟာ လုံခြုံရေးကိစ္စရှုထောင့်တစ်ခုတည်းကနေ စဉ်းစားပြီးတော့ ငြိမ်သွားရင်ပြီးရောဆိုတဲ့ အနေအထားမျိုးဖြေရှင်းတာထက် ပြဿနာရဲ့အရင်းအမြစ်ကို သိနားလည်ပြီးတော့မှ အရပ်ဘက်အုပ်ချုပ်ရေးနည်းလမ်းကို ပိုမိုပြီးတော့ အင်တိုက်အားတိုက်နည်းလမ်းနဲ့ ဆောင်ရွက်သွားတာက ပိုမိုပြီးတော့ သင့်တော်တယ်လို့ ကျွန်တော်တို့အနေနဲ့ မြင်ပါတယ်။

**မေး။ ။ နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီက ရခိုင်ပြည်နယ်၊ မောင်တောဒေသ အခြေအနေတွေကို သတင်းထုတ်ပြန်ခဲ့ပါတယ်။ အရေးယူမှုတွေကို ပြုလုပ်သွားမယ်ဆိုတာသိရပါတယ်။ ဆက်လက်ပြီး အရေးယူမှုအတိုင်းအတာ ဘယ်လောက်အထိရှိမလဲ။ ကော်မတီအနေနဲ့ အကြံပြုထားတာမျိုးရှိပါသလား။ ဆက်လက်လုပ်ဆောင်သွားမယ့်အပေါ် ဘယ်လိုများ စောင့်ကြည့်နေပါသလဲ။**

**ဦးဇော်မြင့်ဖေ**
**(ကော်မရှင် အတွင်းရေးမှူး)**

ဖြေ။ ။ ဒီအပိုင်းကတော့ ရခိုင်ပြည်နယ်အစိုးရရှိပါတယ်။ ပြည်ထောင်စုအစိုးရလည်းရှိပါတယ်။ ကျွန်တော်တို့ကတော့ မောင်တောဒေသဖြစ်စဉ်နဲ့ပတ်သက်လို့ ပြည်သူလူထုသိရှိအောင်၊ အသိပညာရအောင် သတင်းများများထုတ်ပြန်သင့်တယ်ဆိုတဲ့ အကြံပြုခဲ့ပါတယ်။ ဒီအကြံပြုချက်များကြောင့်လည်း သတင်းတွေကိုတွေ့နေရတာဖြစ်ပါတယ်။ သတင်းတွေကိုလည်း တော်တော်များများ ထုတ်ပြန်ခဲ့တာရှိပါတယ်။ အရေးယူမှုအပိုင်းကတော့ ကော်မတီနဲ့ မဆိုင်ပါဘူး။

■

---

# ပြင်းထန်ရာသီတုပ်ကွေးရောဂါ အသိပညာပေး ရှင်းလင်းဆွေးနွေး

**ပြည် ဩဂုတ် ၆**

ပြင်းထန်ရာသီတုပ်ကွေးရောဂါ H1N1 နှင့်ပတ်သက်ပြီး ပြည်ခရိုင်ရဲတပ်ဖွဲ့ဝင်မိသားစုများအား အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၅ ရက်က ပြည်ခရိုင်ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်ခရိုင်နဝင်းရဲရိပ်သာဝင်းအတွင်းနေထိုင်သည့် တပ်ဖွဲ့ဝင်မိသားစုများကို အသိပညာပေးဆွေးနွေးပွဲ ကျင်းပခဲ့သည်။ ရှင်းလင်းပွဲတွင်(ခေတ္တ) ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်မင်းအောင်က ပြင်းထန်ရာသီတုပ်ကွေးရောဂါ H1N1 ကူးစက်နိုင်သောအခြေအနေများနှင့် ကူးစက်မခံရအောင် ကာကွယ်ရမည့်နည်းလမ်းများအနေဖြင့် မိမိက စကာကွယ်ပါ၊ ချောင်းဆိုးလျှင် ပါးစပ်၊ နှာခေါင်းကိုအုပ်ပြီး လက်ကိုင်ပဝါ၊ တစ်ရှူးနှင့် တစ်ခါသုံးနှာခေါင်းစည်းများကို အသုံးပြုရန်၊ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောရန်၊ ကောင်းစွာအိပ်စက်အနားယူရန်၊ အာဟာရပြည့်ဝသော အစားအစာများ စားသုံးရန်နှင့် လူထူထပ်သောနေရာများတွင် တတ်နိုင်သမျှ ရှောင်ကြဉ်ရန်၊ တစ်ဦးဦးတွင် တုပ်ကွေးရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက နီးစပ်ရာဆေးပေးခန်းဆေးရုံများသို့ အမြန်သတင်းပေးပို့ ကုသမှုခံယူရန်နှင့် ရောဂါကာကွယ်တားဆီးရေးနည်းလမ်းများနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထွန်းအောင်လွင်(ပြည်)**

# မန္တလေးမြို့တွင် စစ်ကိုင်းပညာရေးတက္ကသိုလ်ကျောင်းသားများ ဆန္ဒပြ



**မန္တလေး ဩဂုတ် ၆**

မန္တလေးမြို့တွင် ဩဂုတ် ၆ ရက် နံနက် ၉ နာရီခွဲက စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ကျောင်းသားကျောင်းသူ ၃၀၀ ခန့်က စီတန်းလှည့်လည် ဆန္ဒပြခဲ့ကြသည်။

၎င်းတို့သည် ဆရာခန့်ထားရေးမူဘောင်ရရှိရေး၊ တောင်းဆိုချက် သုံးချက်အပြည့်အဝရရှိရေး၊ ပွင့်လင်းမြင်သာမှုမရှိသော ဆရာခန့်ထားရေးစနစ် အလိုမရှိ၊ တရားမျှတမှုမရှိသော ဆရာခန့်ထားရေးစနစ် အလိုမရှိ စသည့် ကြွေးကြော်သံများနှင့်အတူ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်(၃၂)နှင့်(၃၃)လမ်းကြား၊ (၇၉)လမ်းမှ စတင်ကာ လမ်း(၈၀)အတိုင်း (၂၇) လမ်းအထိ၊ ၎င်းမှ (၈၂)လမ်းအတိုင်း (၃၂)လမ်းထိ၊ ၎င်းမှ စုရပ်အထိ စီတန်းလှည့်လည်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# လယ်ကွက်အတွင်း ကျဉ်စက်ဖြင့် ငါးရှာဖွေရာမှ ဓာတ်လိုက်သေဆုံး

**ကျောက်တံခါး ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောကျွဲအင်းနယ်မြေရဲစခန်းအပိုင် ရဲစခန်း၏အရှေ့မြောက်ဘက် ငါးဖာလုံခန့်အကွာ လယ်ကွင်းထဲ၌ ဩဂုတ် ၆ ရက် နံနက် ၉ နာရီက ကျဉ်စက်ဖြင့် ငါးရှာဖွေရာမှ လူတစ်ဦးဓာတ်လိုက် သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကျောက်တံခါးမြို့နယ် တောကျွဲအင်းမြို့ သံမဏိရပ်ကွက်နေ စိုင်းမြင့်လွင်(ခ)စိုင်းလေး(၃၈)နှစ် (ကျပန်း)သည် တောကျွဲအင်းမြို့ ပအိုင့်ပိုင်းရပ်ကွက် ကွင်းအမှတ်(၃၀၀)သရက်နှစ်ပင်ကွင်း၌ ကျဉ်စက်ဖြင့် ရှော့တိုက်ငါးဖမ်းရာမှ စိုင်းမြင့်လွင်(ခ)စိုင်းလေးတွင် ပြင်ပဒဏ်ရာမတွေ့ရှိဘဲ မေးစေ့ဝဲဘက်ခြမ်း ညိုမည်းဓာတ်လိုက်ဒဏ်ရာ တစ်ချက်၊ ကျဉ်စက်ကျောပိုးလွယ်ပြီး အပ်စမှာ မြေကြီးစိုက်လျက်ဖြင့် လက်ကိုင်ဆန်ခါခွက်သည် မေးစေ့ဖြင့်ထိကပ်ပြီး ပက်လက်အနေအထားဖြင့် သေဆုံးနေကြောင်း၊ အလောင်းအား တောကျွဲအင်းတိုက်နယ် ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး စခန်းမှူး ရဲအုပ်မိုးအောင်က စစ်ဆေးဆောင်ရွက်ကာ ကျောက်တံခါးမြို့နယ် တောကျွဲအင်းနယ်မြေရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၂/၂၀၁၇ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# အမြန်လမ်းမကြီးတွင် တိုးဂိတ်အား ခရီးသည်တင်ယာဉ်တိုက်မိမှုနှင့် ယာဉ်မတော်တဆမှုများ ဆက်တိုက်ဖြစ်ပွား

**ဖြူး ဩဂုတ် ၆**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ဖြူးမြို့နယ်နှင့် ကျောက်တံခါးမြို့နယ် အမြန်လမ်းမကြီးရဲစခန်းများ အပိုင်၌ ဩဂုတ် ၆ ရက် နံနက်ပိုင်းက ယာဉ်မတော်တဆမှု သုံးကြိမ်ဆက်တိုက် ဖြစ်ပွားခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်များမှာ နံနက် ၁ နာရီ ၁၅ မိနစ်ခန့်က ဖြူးအမြန်လမ်းမကြီး ရဲစခန်းအပိုင် မိုင်တိုင်(၁၁၅/၀)ရှိ ဖြူးအမြန်လမ်း တိုးဂိတ်၌ နေပြည်တော်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဝင်းတင်(၄၅)နှစ် ချမ်းမြသာစည်မြို့နယ်နေသူ မောင်းနှင်လာသော 3M/---- ကောင်းမြတ်မန်း EXPRESS ယာဉ်မှာ တိုးဂိတ်သို့ ဝင်ရောက်စဉ် ယာဉ်၏ ယာဘက်ဘေးရှိ တူးဘောက်တံခါးပွင့်ကာ လမ်းအသုံးပြုခကောက်ခံနေသော မှန်လုံဂိတ်အခန်းအား ဝင်တိုက်မိခဲ့ရာ လူထိခိုက်မှုမရှိကြောင်း သိရသည်။

အလားတူ ယင်းနေ့ နံနက် ၅ နာရီတွင် မြို့ချောင်းအမြန်လမ်းမကြီး ရဲစခန်းအပိုင် (၉၃/၅)အနီး၌ နေပြည်တော်ဘက်သို့ ယာဉ်မောင်း ဝင်းမြင့် (၃၇)နှစ် တောင်ကြီးမြို့နေသူ မောင်းနှင်လာသော 1D/---- HILUX SURF မော်တော်ယာဉ်မှာ ဝဲဘက်ရှေ့ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကပ်တိုးအား ဝင်တိုက်မိပြီး လမ်းလယ်ကျွန်းကို ကျော်တက်၍ တစ်ဖက်ယာဉ်ကြောမြေသားလမ်းမဘေးရှိ ရေမြောင်းထဲသို့ထိုးကျခဲ့ရာ လူထိခိုက်မှုမရှိကြောင်း သိရသည်။

ထပ်မံ၍ မိုင်တိုင်(၈၆/၀)အနီးတွင်လည်း ရန်ကုန်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း ခင်မောင်သန်း (၅၇)နှစ် ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ်နေသူ တစ်ဦးတည်းမောင်းလာသော 5I/---- TOYOTA COROLIA ယာဉ်မှာ ဝဲဘက်ရှေ့ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိကာ တိမ်းမှောက်ခဲ့ပြီး လူထိခိုက်မှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ အမြန်လမ်းမကြီးရဲစခန်းများက ယာဉ်မောင်းများနှင့် EXPRESS ယာဉ်နောက်လိုက်အား ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

■



တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော ခြောက်ဘီး UD ခေါင်း Without Engine, Without Frame၊ တွဲကားခေါင်း Without Engine, Without Frame၊ Nissan Diesel Engine နှင့် Gear Box။

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၇၄ စီး၊ သွင်းကုန် ၅၆၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃ စီး၊ သွင်းကုန် ၁၅၄ စီး ကုန်စည်များ သယ်ယူ ပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၂ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၂ သန်းခန့်) စုစုပေါင်းတားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၄ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၅ ရက်တွင် သစ်ဆိပ်ပင်-စွပ္ပနူးကျေးရွာ ရှောင်ကွင်းလမ်း၌ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က လှည့်ကင်းဆောင်ရွက်စဉ် UD ခြောက်ဘီးယာဉ်ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော ခြောက်ဘီး UD ခေါင်း Without Engine, Without Frame (1) U၊ တွဲကားခေါင်း Without Engine, Without Frame (1) U၊ Nissan Diesel Engine (10000 CC)(1) U၊ Gear Box(1)Uနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၂ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဇူလိုင်လအတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှုပေါင်း ၅၀ ဖြစ်ပွားခဲ့ပြီး သုံးဦးသေ၊ ၆၄ ဦး ဒဏ်ရာရရှိခဲ့

**နေပြည်တော် ဩဂုတ် ၆**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တစ်လျှောက် ယာဉ်အန္တရာယ်ဖြစ်ပွားမှု လျော့နည်း ပပျောက်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းများပြုပြင် အဆင့်မြှင့်တင်ခြင်း၊ အမြန်လမ်းတစ်လျှောက် ယာဉ်အန္တရာယ်သတိပေးဆိုင်းဘုတ်များစိုက်ထူခြင်း၊ အမြန်လမ်းရဲတပ်ဖွဲ့စခန်းများမှ အမြန်လမ်းတစ်လျှောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးများ ဆောင်ရွက်ခြင်း၊ အရှိန်နှုန်း ပိုမောင်းနှင်သောယာဉ်များအား ဖမ်းဆီးအရေးယူခြင်း၊ အမြန်လမ်းတွင် မောင်းနှင်သော မော်တော်ယာဉ်များ၏ ယာဉ်မောင်းနှင့်ခရီးသည်များ ခါးပတ်ပတ်ကြရန် ပညာပေးဆောင်ရွက်ခြင်း စသည်ဖြင့် ယာဉ်အန္တရာယ်မဖြစ်ပွားရန် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြသည်။

ထိုကဲ့သို့ ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေသော်လည်း ယာဉ်မောင်းများ၏ ပေါ့ဆမှု၊ ရာသီဥတုဆိုးရွားမှု၊ လမ်းမပေါ် ကျွဲ၊ နွားတိရစ္ဆာန်များ တက်ရောက်ဖြတ်သန်းမှု၊ အမြန်လမ်းပေါ် တက်ရောက်ခွင့်မရှိသည့် အနှေးယာဉ်များ ဖြတ်သန်းမောင်းနှင်မှု၊ အမြန်လမ်းမကြီးပေါ် ယာဉ်ရပ်နားခွင့်မရှိဘဲ ရပ်နားမှု စသည်တို့ကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားလျက်ရှိသည်။ ၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှုပေါင်း ၅၀ မှုဖြစ်ပွားခဲ့ရာ သေဆုံးသူ သုံးဦးနှင့် ဒဏ်ရာရရှိသူ ၆၅ ဦးရှိကြောင်း သိရသည်။

အလားတူ ဇန်နဝါရီလအတွင်းက ယာဉ်မတော်တဆမှု ၃၆ မှုမှ သေဆုံးသူ ၃၆ ဦး၊ ဒဏ်ရာရရှိသူ ၆၅ ဦးရှိခဲ့သည်။ ဖေဖော်ဝါရီလအတွင်း ၂၅ မှုမှ သေဆုံးသူ လေးဦး၊ ဒဏ်ရာရရှိသူ ၃၇ ဦး၊ မတ်လအတွင်း ၅၇ မှုမှ သေဆုံးသူ ၁၃ ဦး၊ ဒဏ်ရာရရှိသူ ၉၈ ဦး၊ ဧပြီလအတွင်း ၆၅ မှုမှ သေဆုံးသူ ၁၅ ဦး၊ ဒဏ်ရာရရှိသူ ၁၂၁ ဦး၊ မေလအတွင်း ၄၇ မှုမှ သေဆုံးသူ ၁၅ ဦး၊ဒဏ်ရာရရှိသူ ၁၁၈ ဦး၊ ဇွန်လအတွင်း ၄၆ မှုမှ သေဆုံးသူ လေးဦး၊ ဒဏ်ရာရရှိသူ ၅၃ ဦး ရှိခဲ့သည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှုပေါင်း ၃၂၆ မှု ဖြစ်ပွားခဲ့၍ သေဆုံးသူ ၆၆ ဦး ရှိခဲ့ပြီး ဒဏ်ရာရရှိသူ ၅၅၆ ဦးရှိခဲ့ကြောင်း သိရသည်။ **သန်းဦး(လေးမျက်နှာ)**

# ဖားကန့်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၆**

မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၅ ရက် မွန်းလွဲ ၁ နာရီက ဖားကန့်မြို့နယ် ဆိုင်းတောင်-ဝေခါ ကားလမ်း၊ တာဝါတိုင်အနီး



ကျော်သီဟနှင့် မြင့်နိုင်ဝင်းတို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ကားလမ်းမတွင် မြင့်နိုင်ဝင်း မောင်းနှင်ပြီး ကျော်သီဟလိုက်ပါလာသည့် ဆိုင်ကယ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း၊ အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေးတောင်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ဇီးအုပ်ကျေးရွာ (၄၉)လမ်းအရှေ့ဘက် လက်ဖက်ရည်ဆိုင်အနီးတွင် သီဟဇော် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၄၀၉၅ ပြားနှင့် ဘိန်းဖြူ ၁ ဒသမ ၄ ဂရမ်ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အာဆင်နယ်က ချယ်လ်ဆီးကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ယူပြီး ကွန်မြူနတီဖလားသမိုင်း၏ ဒုတိယမြောက် အအောင်မြင်ဆုံးအသင်းဖြစ်လာ




ဝင်ဘလေကွင်းမှာ ယှဉ်ပြိုင်ခဲ့တဲ့ ပရီမီယာလိဂ် ချန်ပီယံ ချယ်လ်ဆီးနဲ့ အက်ဖ်အေဖလားချန်ပီယံ အာဆင်နယ်တို့ရဲ့ ကွန်မြူနတီ ဖလားပြိုင်ပွဲမှာ အာဆင်နယ်က ပင်နယ်တီ အဆုံးအဖြတ်နဲ့ အနိုင်ယူပြီး ကွန်မြူနတီ ဖလား သမိုင်းရဲ့ ဒုတိယမြောက် အအောင်မြင်ဆုံးအသင်း ဆိုတဲ့ မှတ်တမ်းကိုပါ အပိုဆုအဖြစ် ရယူသွားခဲ့ပါတယ်။ အာဆင်နယ်ဟာ ချယ်လ်ဆီးသုံးနေကျ နည်းဗျူဟာနဲ့ပဲ ချယ်လ်ဆီးကို ပြန်လည်ရင်ဆိုင်သွားခဲ့ပြီး အချိတ်အဆက်မိမှု၊ ဂိုးဖန်တီးမှုတွေ၊ ဂိုးပေါက် ခြိမ်းခြောက်နိုင်မှုတွေမှာ သိသိသာသာ သာလွန်ခဲ့ပေမယ့် တကယ်တမ်း ဂိုးစတင်သွင်းယူသွားတဲ့အသင်းက ချယ်လ်ဆီးပါ။

ဒုတိယပိုင်း ပြန်စချိန်မှာ အာဆင်နယ်ရဲ့ အထန္နေးမှုတွေကို အခွင့်အရေးယူနိုင်ခဲ့ပြီး ချယ်လ်ဆီးတောင်ပံတိုက်စစ်မှူး မော့ဆက်စ်က ဦးဆောင်ဂိုးကို သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်က အဓိက ကစားသမားတွေဖြစ်တဲ့ ဆန်းချက်ဇ်၊ အိုဇေးလ်တို့ကို အရန်စာရင်းမှာတောင် ထည့်သွင်းခဲ့ခြင်းမရှိသလို ချယ်လ်ဆီးကလည်း စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ထားတဲ့ မိုရာတာကို ၇၃ မိနစ်မှသာ လူစားဝင်ကစားသမားအဖြစ် ထည့်သွင်းအသုံးပြုခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အနေနဲ့ ပွဲကစားချိန် ၇၅မိနစ်မှာ ဂိုးရရှိဖို့ အနီးဆုံး အနေအထားတစ်ရပ်ကို ရောက်ရှိခဲ့သေးပေမယ့် ချယ်လ်ဆီးဂိုးသမား ကော်တိုရစ်က အံ့ဖွယ်လက်စွမ်းနဲ့ ကာကွယ်သွားတာကြောင့် အာဆင်နယ်တို့ ချေပဂိုးအဖြစ် ပြောင်းလဲနိုင်ခွင့် လွဲချော်ခဲ့ရပါတယ်။ ဒါပေမဲ့ ပွဲကစားချိန် မိနစ် ၈၀ ကျော်မှာတော့ ချယ်လ်ဆီးတိုက်စစ်မှူး ပက်ဒရိုက အာဆင်နယ် ကွင်းလယ်လူ အယ်နနီကို အဖျက်ကြမ်းခဲ့လို့ ဒိုင်ဖြစ်သူ ဘောလ်ဘီမက်ဒလေက တိုက်ရိုက်အနီကတ် ပြသထုတ်ပယ်ခဲ့တာပါ။ အာဆင်နယ်ကလည်း ဒီအခွင့်အရေးကို အပြည့်အဝအသုံးချနိုင်ခဲ့ပြီး ဇာကာ မပေးလိုက်တဲ့ ဘောလုံးကို အသစ်ခေါ်ယူထားတဲ့ ကိုလာစီနစ်က ဂိုးအဖြစ် ပြောင်းလဲခဲ့လို့ အာဆင်နယ် ချေပဂိုးရခဲ့ပါတယ်။ မိနစ် ၉၀ ပြည့်တဲ့အထိ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်နေခဲ့လို့ ပင်နယ်တီ အဆုံးအဖြတ်ကန်ခဲ့ရာမှာ ချယ်လ်ဆီးက ကော်တိုရစ်နဲ့ မိုရာတာတို့ ပင်နယ်တီလွဲချော်ခဲ့တာကြောင့် အာဆင်နယ်အသင်းက ပင်နယ်တီ လေးကြိမ်ကန်ပြီးတာနဲ့ အောင်ပွဲခံနိုင်ခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းက ယခုပွဲမကစားခင်က ကွန်မြူနတီ ဖလားပွဲတွေမှာ တတိယအအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေခဲ့ပေမယ့် ဒီပွဲအပြီးမှာတော့ လီဗာပူးနဲ့ စံချိန်တူ ကွန်မြူနတီဖလားကို (၁၅)ကြိမ်မြောက် ကိုင်မြှောက်နိုင်တဲ့ အသင်းလည်း ဖြစ်လာခဲ့ပါတယ်။ ကွန်မြူနတီဖလားသမိုင်းမှာ အအောင်မြင်ဆုံးက မန်ယူအသင်းဖြစ်ပြီး (၂၁)ကြိမ်အထိ ချန်ပီယံဖြစ်ထားပါတယ်။ ယခုပွဲမှာ အက်ဖ်အေဖလား ချန်ပီယံအာဆင်နယ် အောင်ပွဲခံနိုင်ခဲ့တာကြောင့် နောက်ဆုံးသုံးနှစ်မှာ အက်ဖ်အေဖလား ချန်ပီယံအသင်းတွေသာ ဗိုလ်စွဲတဲ့ မှတ်တမ်းကိုလည်း ရရှိခဲ့ပါသေးတယ်။

■

## ယခုနှစ်နွေတွင် ဟာဇက် ကို ထုတ်ရောင်းဖြစ်လျှင်လည်း သူ့ကို အပြစ်မတင်ရန် ချယ်လ်ဆီးပရိသတ်များကို ကွန်တီ ကြိုတင်တောင်းပန်




ချယ်လ်ဆီးနည်းပြ ကွန်တီက သူ့အနေဖြင့်ကစားသမားတစ်ဦးကို တားဆီးနိုင်လောက်တဲ့ အင်အားမရှိသဖြင့် ဟာဇက်ကို ယခုနှစ်နွေဈေးကွက်အတွင်း ရောင်းချဖြစ်လျှင်လည်း သူ့ကို အပြစ်မတင်ပါနှင့်ဟု ကြိုတင်တောင်းပန်မှုပြုခဲ့သည်။ ကွန်တီက ကစားသမားတစ်ဦးကို အသင်းပြောင်းရွှေ့ရေးကိစ္စရပ်မှာ ကလပ်အသင်းဆုံးဖြတ်ချက်ပေါ်တွင် မူတည်နေပြီး သူ့အနေဖြင့် အကြံပြုချက်သာပေးနိုင်ကြောင်း တုံ့ပြန်ခဲ့သည်။

ကွန်တီက "ဟာဇက်က ထိပ်တန်းကစားသမားဆိုတော့ သူနဲ့ပတ်သက်ရင် ကျွန်တော် စဉ်းစားတယ်ဆိုတာ ခင်ဗျားတို့လည်း ကောင်းကောင်းသိကြတာပဲ။ ဒါပေမယ့် ကျွန်တော်က နည်းပြပဲဆိုတော့ ကျွန်တော့်အမြင်သာ ပြောကြားနိုင်ပြီး အပြီးသတ်ဆုံးဖြတ်ချက်က ကလပ်အသင်းပေါ်မှာပဲ မူတည်ပါတယ်" ဟု ဆိုခဲ့ခြင်းဖြစ်သည်။

ကွန်တီက နီမန်ဂျာ မာတစ်ကို ပရီမီယာလိဂ်ပြိုင်ဘက် မန်ယူသို့ မရောင်းချလိုခဲ့သော်လည်း ဘုတ်အဖွဲ့ဝင်များက ထုတ်ရောင်းခဲ့ခြင်းအတွက်လည်း စိတ်အနှောင့်အယှက်ဖြစ်နေကြောင်း သတင်းထွက်ခဲ့သေးသည်။ သို့သော် ချယ်လ်ဆီးမှာ ကစားသမားအင်အားတောင့်တင်းရေး ကြိုးပမ်းနေသည့်အသင်းဖြစ်သည့် အချက်ကိုမူ မမေ့သင့်ဟု ထောက်ပြခဲ့သည်။

ဟာဇက်မှာ နွေဈေးကွက်အစောပိုင်းက ရီးယဲလ်မက်ဒရစ်အသင်းနှင့်သာ တောက်လျှောက်သတင်းထွက်ခဲ့သော်လည်း ဘာစီလိုနာစူပါစတား နေမာ၏ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ခဲ့မှုက ဟာဇက်၏ အပြောင်းအရွှေ့ကိုပါ လှုပ်ခတ်စေခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာအသင်းက နေမာနေရာ အစားထိုးနိုင်ရန်အတွက် ဟာဇက်(သို့မဟုတ်) လီဗာပူးကွင်းလယ်လူ ကော်တင်ဟိုကို အလိုရှိနေသည်။ ဟာဇက်က ရီးယဲလ်နှင့် သတင်းများထွက်လာစဉ်က ချယ်လ်ဆီးတွင် ဆက်နေမည်ဟု လူသိရှင်ကြားပြောကြားခဲ့သော်လည်း ယခု ဘာစီလိုနာနှင့်ကိစ္စကိုမူ နှုတ်ဆိတ်နေခဲ့သလို နေမာ၏ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့သွားခဲ့မှုအတွက် ဂုဏ်ယူကြောင်းနှင့် ပြင်သစ်တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို နေမာ ရရှိပါစေကြောင်း သူ၏ အင်စတာဂရမ်စာမျက်နှာထက်မှတစ်ဆင့် ဆုမွန်ခြွေခဲ့သည်။

မေလဲ့သင်း - စုစည်းသည်

## ဂျရူးကို ခေါ်ယူခွင့်ပျက်ပြယ်ပါက ဝဲလ်ဘတ်ကို ပေါင်သန်း ၃၀ ဖြင့်ခေါ်ယူရန်သာ အဲဗာတန် ပစ်မှတ်ထားတော့မည်

အဲဗာတန်နည်းပြ ကိုးမန်းက အာဆင်နယ်တိုက်စစ်မှူး ဂျရူးကို ခေါ်ယူရန် ကြိုးပမ်းမှုပျက်ပြယ်မည်ဆိုပါက နောက်ထပ် အာဆင်နယ် တိုက်စစ်မှူးတစ်ဦးဖြစ်သူ ဝဲလ်ဘတ်ကိုသာ ပေါင်သန်း ၃၀ ဖြင့် ခေါ်ယူရန် ပစ်မှတ်ထားလာကြောင်း သိရသည်။ အာဆင်နယ်အသင်းသည် ယခုနှစ်နွေဈေးကွက်တွင် တိုက်စစ်မှူး လာကာဇက်ကို ကလပ်အသင်းစံချိန်တင်ပြောင်းရွှေ့ကြေးသုံးပြီး ခေါ်ယူလိုက်သဖြင့် အာဆင်နယ်အသင်းက တိုက်စစ်မှူး ဂျရူး (သို့မဟုတ်) ဝဲလ်ဘတ်ကို ထုတ်ရောင်းဖွယ်ရှိနေခြင်းဖြစ်သည်။

ဝင်းဂါးက တိုက်စစ်ပိုင်းအတွက် မိုနာကို တိုက်စစ်မှူးလီမာ ကိုလည်း ပေါင် ၄၅ သန်းဖြင့် ကမ်းလှမ်းထားရာ လီမာသာ ရောက်လာ ပါက ဂျရူးနှင့် ဝဲလ်ဘတ်တို့ကို ထုတ်ရောင်းရန် သေချာသလောက် ရှိနေသည်။ အစောပိုင်းက ဂျရူး အသင်းပြောင်းတော့မည်ဟု သတင်းများထွက်လာချိန် ဂျရူးကိုယ်တိုင်ကပင် ကစားသမား တစ်ဦး၏အနာဂတ်ကို ကြိုတင်တွက်ဆရန် ခဲယဉ်းကြောင်း တုံ့ပြန် ခဲ့ဖူးသည်။ အကယ်၍ ဝင်းဂါးက ဂျရူးကို ဆက်ထိန်းရန် ဆန္ဒရှိပါက ဝဲလ်ဘတ်ကို လက်လွှတ်ခံရန်ရှိနေရာ ကိုးမန်းက ယခုကဲ့သို့ ကြိုတင်စီမံချက်ချထားခြင်းဖြစ်သည်။

ဝဲလ်ဘတ်သာ အဲဗာတန်အသင်းကို ပြောင်းရွှေ့ဖြစ်မည်ဆိုပါက မန်ယူကစားဖော်ဟောင်း ဝိန်းရွန်းနီနှင့် ပြန်လည်တွဲဖက်ကစားမှုကို မြင်တွေ့ကြရဦးမည်ဖြစ်သည်။ ဝဲလ်ဘတ်မှာ တောင်ပံတိုက်စစ်၊ ဗဟိုတိုက်စစ်တို့ကို ပြောင်းလဲကစားနိုင်သူဖြစ်ရာ အရည်အသွေးပိုင်းနှင့် ပတ်သက်ပြီး ထူးချွန်သူဖြစ်သော်လည်း ဒဏ်ရာပြဿနာ မကြာခဏ ကြုံတွေ့ရမှုမှတ်တမ်းကြောင့် အဲဗာတန်အသင်း ပေါင်သန်း ၃၀ ပေးချေသင့်၊ မပေးချေသင့်ဆိုသည်ကို ဆုံးဖြတ်သင့်ကြောင်း ဝေဖန်မှုများလည်း ရှိနေသည်။ အာဆင်နယ်သည် ဝဲလ်ဘတ်ကို မန်ယူအသင်းမှ ခေါ်ယူစဉ်က ပေါင် ၁၆ သန်းသာ ပေးချေခဲ့ရသဖြင့် ပေါင်သန်း ၃၀ ဖြင့် ပြန်ထုတ်ရောင်းမည်ဆိုပါက အမြတ်အစွန်းများစွာ ရရှိမည်ဖြစ်သည်။

## မန်စီးတီး ပရိသတ်များရင်ခုန်ရတဲ့ အခိုက်အတန့်



မန်စီးတီးက အလိုရှိနေတဲ့ တိုက်စစ်မှူး မက်ပီဟာ မန်ချက်စတာမြို့ကို ရောက်ရှိနေပြီး မန်စီးတီး တောင်ပံတိုက်စစ်မှူး ဆာနေးနဲ့ ပခုံးဖက်ပြီးရိုက်ထားတဲ့ ဓာတ်ပုံမှာ "တွေ့ရတာ ဝမ်းသာပါတယ် အစ်ကိုရေ" ဆိုတဲ့စာသားကိုတင်ခဲ့တာကြောင့် မန်စီးတီး ပရိသတ်တွေအတွက် တကယ့်ကို စိတ်လှုပ်ရှားစရာဖြစ်ခဲ့ရပါတယ်။ မက်ပီတို့ ရိုက်ထားတဲ့ နောက်ခံအနေအထားကလည်း ပရိသတ်တွေအတွက် စိတ်လှုပ်ရှားမှုဖြစ်စေခဲ့သလို မက်ပီရဲ့ မိုနာကို ကစားဖော်ဟောင်းဖြစ်တဲ့ မန်စီးတီးနောက်ခံလူ မန်ဒီကလည်း "စီးတီး ပရိသတ်တွေရေ ယခုတော့လေ"ဆိုတဲ့ စာသားကို ဝင်ရောက်ရေးသားခဲ့သေးတာဖြစ်ပါတယ်။

ဒါပေမယ့် မက်ပီဟာ ဆာနေးနဲ့အတူ နိုက်ကီကုမ္ပဏီအတွက် ဓာတ်ပုံရိုက်ကူးရေးအတွက် မန်ချက်စတာမြို့ကို ရောက်ရှိနေတာဖြစ်ပါတယ်။ မန်စီးတီးနည်းပြ ဂွါဒီယိုလာဟာ ယခုနှစ်နွေဈေးကွက်မှာ ယမန်နှစ် သူတို့အသင်းကို ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်ခွာရအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ ကစားသမားတွေကို အတော်မျက်စိကျခဲ့သလို မန်ဒီ၊ ဘာနာဒိုဆေးလ်ဗားကိုလည်း ခေါ်ယူထားပြီးပါပြီ။ ဘာနာဒိုဆေးလ်ဗားကလည်း မက်ပီ အနေနဲ့ သူ့ခြေရာကို လိုက်နင်းပြီး မန်စီးတီးကို ပြောင်းရွှေ့မယ်လို့ ထင်မြင်ကြောင်း ဆိုခဲ့တာကြောင့် မန်စီးတီး ပရိသတ်တွေအတွက် စိတ်လှုပ်ရှားပြီးရင်း စိတ်လှုပ်ရှားရင်း ဖြစ်ခဲ့ရတာတော့ အမှန်ပဲဖြစ်ပါတယ်။

## အာဆင်နယ်တွင် ဆန်းချက်ဇ် ဆက်ရှိရန် သေချာသည်ဟု ဝင်းဂါး အာမခံချက်ပေး

ဆန်းချက်ဇ်အနေနဲ့ အာဆင်နယ်အသင်းရဲ့ တစ်ပတ်လုပ်ခ ပေါင် ၃၀၀၀၀၀ တန်စာချုပ်ကို ချက်ချင်းဆိုသလို ပယ်ချခဲ့ပေမယ့် ဆန်းချက်ဇ် အာဆင်နယ်မှာ ဆက်နေမှာ သေချာနေသလို ရမှတ် ၈၅ မှတ်နဲ့ ပရီမီယာလိဂ်ဖလားရယူဖို့ ရည်မှန်းထားကြောင်း နည်းပြ ဝင်းဂါးက ဆိုပါတယ်။ အာဆင်နယ်ရဲ့ သက်တမ်းတိုးစာချုပ်တွေ ကမ်းလှမ်းတိုင်း ဆန်းချက်ဇ်ဘက်က ပယ်ချနေတာကြောင့် ဆရာဟောင်း ဂွါဒီယိုလာရှိရာ မန်စီးတီးကို ပူးပေါင်းနိုင်ခြေရှိတယ်လို့ သတင်းတွေ ထွက်ပေါ်ခဲ့နေတာပါ။

ဒါပေမယ့် ဝင်းဂါးကတော့ ဆန်းချက်ဇ်ရဲ့ စာချုပ်သက်တမ်း အချိန်နည်းနေပြီဆိုရင်တောင် ဆန်းချက်ဇ်ရဲ့ စရိုက်လက္ခဏာအရ အကောင်းဆုံး စွမ်းဆောင်နိုင်မယ်ဆိုတာကို သံသယမရှိကြောင်း ဆိုပါတယ်။ ပြီးတော့ ဒီလိုမျိုးအခြေအနေတွေမှာ ကောင်းကျိုးရော ဆိုးကျိုးပါ ရှိနေတတ်တယ်လို့လည်း ဝင်းဂါးက ထောက်ပြပါတယ်။ အာဆင်နယ်အသင်းဟာ ရမှတ် ၈၅ မှတ်ရတဲ့နှစ်မှာ တတိယနေရာနဲ့သာ ရာသီသိမ်းနိုင်ခဲ့ခြင်းမျိုး ကြုံခဲ့ရပေမယ့် ပြီးခဲ့တဲ့ရာသီက ရမှတ် ၇၅ မှတ်သာ ရရှိတာကြောင့် လာမယ့်ရာသီမှာ ရမှတ် ၈၅ မှတ်ရရှိဖို့ ဦးတည်ခြင်းက ဖြစ်နိုင်တဲ့ ရလဒ်ဖြစ်ပြီး ဒီရမှတ်ဟာ ပရီမီယာလိဂ်ဖလားကို စိန်ခေါ်နိုင်မယ့် ရမှတ်ဖြစ်ကြောင်း ပြောပါတယ်။

# တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း

## ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

(၂) တရားရုံးက သတ်မှတ်သည့် သင့်လျော်သော ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက်မရှိခဲ့လျှင်အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ ရုံးဖွင့်ရက် ရက်ပေါင်း ၂၀ ရက်အတွင်း အကြောင်းကြားခံရသူက လိုက်နာခြင်းမရှိလျှင် ယင်းအရေးယူဆောင်ရွက်ချက်များကို ပြီးမြောက်အောင်ဆောင်ရွက်ရမည်။

(၃) ယင်းအရေးယူဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းတို့ကို ဆုံးဖြတ်ပေးရန် လျှောက်ထားခံရသူများ၏ တောင်းဆိုချက်အရ နှစ်ဖက် ကြားနာ၍ ပြန်လည်စစ်ဆေးခြင်းတစ်ရပ်ကို သင့်လျော်သည့်ကာလအတွင်း ဆောင်ရွက်ရမည်။

၉၇။ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ တရားမဆိုင်ရာ ဥပဒေများနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ တရားရုံးသည် အောက်ပါအမိန့် တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) အကောက်ခွန်ရှင်းလင်းပြီး တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ထားသည့်တင်သွင်းလာသော ကုန်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းသို့ မဝင်ရောက်စေရန် ကာကွယ်တားဆီးခြင်းအပါအဝင် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်မှုကို ရပ်ဆိုင်းရန်အတွက် သင့်သည် ထင်မြင်သည့် အမိန့်၊

(ခ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းကြောင့် အခွင့်အရေးရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက် ပေးလျော်ရန် ထိပါးချိုးဖောက်သူမှ အခွင့်အရေးရရှိသူထံ လုံလောက်သော နစ်နာကြေးပေးဆောင်ရန်အတွက် ချမှတ်သည့်အမိန့် သို့မဟုတ် သင့်လျော်သော ကိစ္စရပ်များတွင် အခွင့်အရေးရရှိသူမှ ကြိုတင်သတ်မှတ်တောင်းဆိုထားသော နစ်နာကြေးကိုဖြစ်စေ၊ ချိုးဖောက်သူက ရယူခံစားခဲ့သော အကျိုးအမြတ်ကိုဖြစ်စေ၊ နှစ်ရပ်စလုံးကိုဖြစ်စေ ပြန်လည်ပေးစေရန် အမိန့်၊

(ဂ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့အပါအဝင် သင့်လျော်သော ကုန်ကျစရိတ်များကို ပေးဆောင်စေရန်အမိန့်။

၉၈။(က) တရားရုံးသည် အခွင့်အရေးရရှိသူ၏ လျှောက်ထားချက်အပေါ် တရားမလုပ်ထုံး လုပ်နည်းများနှင့်အညီ ထိပါးချိုးဖောက်မှုအတွက် အပြီးသတ်ဆုံးဖြတ်ချက်အမိန့်ချမှတ်ရာ၌ သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းချမှတ်နိုင်သည်-

(၁) ထိပါးချိုးဖောက်ကြောင်း တွေ့ရှိသည့် ကုန်ပစ္စည်းများကို ဖျက်ဆီးခြင်း သို့မဟုတ် ကုန်သွယ်မှုလမ်းကြောင်းသို့ မဝင်ရောက်စေရန် တားမြစ်စေခြင်းနှင့်

(၂) ထပ်မံထိပါးချိုးဖောက်မှုကို လျှော့နည်းစေရေးအတွက် လျော်ကြေး တစ်စုံတစ်ရာ ပေးဆောင်ခြင်းမရှိဘဲ ထိပါးချိုးဖောက်သော ကုန်ပစ္စည်းများကို ဖန်တီးရာတွင် အဓိကအသုံးပြုသောပစ္စည်းများ သို့မဟုတ် ကိရိယာတန်ဆာပလာများကို ကုန်သွယ်မှုလမ်းကြောင်းသို့ မဝင်ရောက်စေရန် အပြီးအပြတ် ဖယ်ရှားခြင်း။

(ခ) တရားရုံးသည် ပုဒ်မခွဲ (က)အရ မိမိဆင်ခြင်တုံတရားကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါအချက်များကို ထည့်သွင်း စဉ်းစားရမည်-

(၁) တားမြစ်မိန့်ချမှတ်ခြင်းကြောင့်ရရှိမည့် အကျိုးသက်ရောက်မှု၊

(၂) ဖျက်ဆီးမှုဆောင်ရွက်ခြင်းဖြင့် ထိပါးချိုးဖောက်မှုအတိုင်းအတာနှင့် အချိုးကျကိုက်ညီမှု၊

(၃) ဖျက်ဆီးပုံ၊ ဖျက်ဆီးနည်းသည် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုနှင့်၊

(၄) အခြားပုဂ္ဂိုလ်များ၏ တရားဝင်အကျိုးစီးပွားထိခိုက်မှု။

၉၉။ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခံရသည်ဟု မရိုးမဖြောင့်သော သဘောဖြင့် မမှန်မကန်တိုင်ကြားကြောင်း ပေါ်ပေါက်လျှင် ယင်းသို့တိုင်ကြားခြင်းကြောင့် မှားယွင်းစွာ ဟန့်တားခံရသည့် တရားပြိုင်အားလျှောက်ထားသူက လျော်ကြေးပေးဆောင်ရမည့်အပြင် တရားပြိုင်၏ ကျသင့်သော ရှေ့နေစရိတ်အပါအဝင် တရားစရိတ်နှင့် အခြားကုန်ကျစရိတ်များကို လျှောက်ထားသူက ပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်။

၁၀၀။(က) တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများကို ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တရားမကြောင်းဖြင့် တရားစွဲဆိုရာတွင် တီထွင်မှုမူပိုင်ခွင့်ပါ အကြောင်းအရာသည် ထုတ်ကုန်ပစ္စည်းတစ်ခုကိုရရှိနိုင်သည့် ထုတ်လုပ်မှုနည်းစဉ် တစ်ရပ်ဖြစ်ပါက ထပ်တူညီသော ထုတ်ကုန်ပစ္စည်းတစ်ခုကို ထုတ်လုပ်ရာ၌ အသုံးပြုသော ထုတ်လုပ်မှုနည်းစဉ်သည် တီထွင်မှုမူပိုင်ခွင့် ရရှိထားသော ထုတ်လုပ်မှုနည်းစဉ်နှင့် ကွဲပြားခြားနားကြောင်း သက်သေပြရန် တရားပြိုင်အား အမိန့်ချမှတ်နိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိထားသောနည်းစဉ်ဖြင့် ထုတ်လုပ်ထားသော ထုတ်ကုန်သည်အသစ်ဖြစ်လျှင် တီထွင်မှုမူပိုင်ခွင့်ရရှိသူ၏ ခွင့်ပြုချက်မရရှိဘဲ ထုတ်လုပ်ထားသည့် တူညီသောမည်သည့်ထုတ်ကုန်ပစ္စည်းကိုမဆို ဆန့်ကျင်ကွဲလွဲသည့် သက်သေမပြနိုင်လျှင် တီထွင်မှုမူပိုင်ခွင့်ရရှိထားသောနည်းစဉ်ဖြင့် ထုတ်လုပ်ထားသည်ဟု မှတ်ယူရမည်။

(ဂ) တရားရုံးသည် ယင်း၏ရှေ့မှောက်၌ စွဲဆိုလာသော တရားစွဲဆိုမှုများအတွက် ပုဒ်မခွဲ (က) အရ သက်သေခံအထောက်အထားတင်ပြရန်တောင်းခံရာတွင် ချိုးဖောက်ကျူးလွန်သည်ဟု စွပ်စွဲခံရသည့် တရားပြိုင်က ယင်း၏ ထုတ်လုပ်မှု နည်းစဉ်များနှင့် စီးပွားရေးဆိုင်ရာလျှို့ဝှက်ချက်များကို ထုတ်ဖော်ပြသခြင်း မရှိခဲ့လျှင် ထိုသူ၏ တရားဝင် အကျိုးစီးပွားများကို ထည့်သွင်းစဉ်းစားရမည်။

၁၀၁။(က) တရားရုံးသည် အောက်ပါအခြေအနေများတွင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သင့်လျော်သော ကိစ္စရပ်များတွင် လျှို့ဝှက်သတင်းအချက်အလက်များကို အကာအကွယ်ပေးလျက် သက်သေခံအထောက်အထားများကို တစ်ဖက်အမှုသည်က တင်ပြရန် အမိန့်ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူက ယင်း၏ တောင်းဆိုချက်များကို လုံလောက်စွာ အထောက်အကူပြုနိုင်မည့် ခိုင်လုံသည့် သက်သေခံအထောက်အထားများကို တင်ပြထားသော အခါ၊

(၂) ယင်းတောင်းဆိုချက်များနှင့်စပ်ဆိုင်သည့် ခိုင်လုံသော သက်သေခံအထောက်အထားများသည် တစ်ဖက်အမှုသည်၏ လက်ဝယ်တွင်ရှိကြောင်း တိကျစွာ ဖော်ပြထားသောအခါ။

(ခ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ မိမိအလိုအလျောက် ထိပါးချိုးဖောက်မှုတွင် တရားရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်၌ ထိခိုက်နစ်နာသူနှင့် ထိပါးချိုးဖောက်သူတို့၏ စွပ်စွဲချက်များ သို့မဟုတ် သက်သေခံ အထောက်အထားများအရ ကြားနာခွင့်ပေးပြီး ယင်းတို့၏အပြန်အလှန်စွပ်စွဲငြင်းဆိုသည့် အချက်များအပါအဝင် သတင်းအချက်အလက်များအပေါ်အခြေခံ၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်း စသည့်ပဏာမနှင့် အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည် -

(၁) လိုအပ်သည့် သတင်းအချက်အလက်များကို ရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သောကာလအတွင်း လိုအပ်သော သတင်းအချက်အလက်များကို မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့်စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာ ဟန့်တားလျှင်၊

၁၀၂။တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးနှင့်စပ်လျဉ်း၍ ထိပါးချိုးဖောက်သော ကုန်ပစ္စည်းများကို ဖြန့်ဖြူးခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းတွင် ပါဝင်ပတ်သက်သော အခြားသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ပြောကြားစေရန် ထိပါးချိုးဖောက်သူအပေါ် အမိန့်ချမှတ်နိုင်သည်။

၁၀၃။တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းအတွက် အရေးယူဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ရန် ဤဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် တရားမကျင့်ထုံးဥပဒေတို့ပါပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

**အခန်း(၂၃)**

**ပြစ်ဒဏ်များ**

၁၀၄။မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၂၀ သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည် -

(က) တီထွင်မှုမူပိုင်ခွင့်လက်မှတ်ကို မမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း၊

(ခ) မှတ်ပုံတင်စာရင်းတွင် မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်နှင့်အတူ တီထွင်မှုဆိုင်ရာအသေးစိတ်အချက်အလက်များနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ထုတ်ပြန်ကြေညာခြင်းမပြုမီ သတ်မှတ်သည့်ကာလအတွင်း၌ မသက်ဆိုင်သူအား ခွင့်ပြုချက်မရှိဘဲ ပေးအပ်ခြင်း၊ အများပြည်သူသို့ ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်း၊

(ဃ) တီထွင်မှုဆိုင်ရာအသေးစိတ်အချက်အလက်များကို သက်ဆိုင်မှုမရှိသူအား ခွင့်ပြုချက်မရှိဘဲ ပေးအပ်ခြင်း၊ အများပြည်သူသို့ ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်း။

၁၀၅။မည်သူမဆို ထုတ်ကုန်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက် တင်သွင်းထားခြင်း မရှိဘဲဖြစ်စေ၊ တင်သွင်းထားခဲ့သည့်လျှောက်ထားချက်ကို ငြင်းပယ်ခံထားရလျက်ဖြစ်စေ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို တင်သွင်းထားသည်ဟုလည်းကောင်း၊ တီထွင်မှုမူပိုင်ခွင့်ရရှိခြင်းမရှိဘဲ တီထွင်မှုမူပိုင်ခွင့်ရရှိပြီးဖြစ်သည်ဟုလည်းကောင်းတစ်နည်းနည်းဖြင့် မမှန်မကန်ဖော်ပြကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၀၆။ မည်သူမဆို တရားရုံးက ပုဒ်မ ၁၀၂ အရ ချမှတ်သော အမိန့်ကို လိုက်နာ ရန် ပျက်ကွက်လျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၅ သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

**အခန်း (၂၄)**

**အထွေထွေ**

၁၀၇။အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ တီထွင်မှု မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၁၀၈။ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ ယင်းကိုအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဆင်ခြင်တုံတရားဖြင့်ဆုံးဖြတ်ရာတွင် တစ်စုံတစ်ဦးအား ထိခိုက်နစ်နာစေမည်ဆိုပါက ထိုသူကို တင်ပြကြားနာခွင့်ပေးရမည်။

၁၀၉။မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပြီး တံဆိပ်ခတ်နှိပ်ထားသော တီထွင်မှုမူပိုင်ခွင့်လက်မှတ်မိတ္တူနှင့် အထောက်အထားစာရွက်စာတမ်းများကို သက်ဆိုင်ရာတရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိသည်။

၁၁၀။ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော တရားမမှုများတွင် သက်သေခံပစ္စည်းသည် တရားရုံးရှေ့တင်ပို့ရန် မလွယ်ကူပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားသက်သေခံစာရွက်စာတမ်း အထောက်အထားများကို တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့တွင် သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူ၍ သက်ဆိုင်ရာ တရားရုံးက ဤဥပဒေနှင့်အညီ အဆိုပါ ပစ္စည်းကို စီမံခန့်ခွဲရန် အမိန့်ချမှတ်နိုင်သည်။

၁၁၁။လျှောက်ထားသူ အမြဲတမ်းနေထိုင်သည့်နေရာ သို့မဟုတ် လုပ်ငန်းတည်ရှိရာ ပင်မနေရာသည် နိုင်ငံတော်၏ နယ်နိမိတ်ပြင်ပတွင်ဖြစ်ပါက ဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းနှင့်အညီ မှတ်ပုံတင်ထားသောတီထွင်မှု မူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေမှတစ်ဆင့် ဤဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း တီထွင်မှုမူပိုင်ခွင့် လျှောက်ထားနိုင်သည်။

၁၁၂။ တီထွင်ထားသည့် ထုတ်ကုန်နှင့် ထုတ်လုပ်မှုနည်းစဉ်တို့သည် ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ မည်သည့်ပုံစံဖြင့်မဆိုရှိစေကာမူ ရွှေ့ပြောင်းနိုင်သောပစ္စည်းအဖြစ် မှတ်ယူရမည်။

၁၁၃။ဤဥပဒေပါတီထွင်မှုမူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးကို ထိပါးချိုးဖောက်မှုများသည် အစိုးရဌာနနှင့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်က စီးပွားရေးအလို့ငှာမဟုတ်ဘဲ နိုင်ငံတော်၏ အရေးပေါ်အခြေအနေနှင့် အများပြည်သူဘေးအန္တရာယ်ကိစ္စများတွင် တီထွင်မှု မူပိုင်ခွင့် ရရှိထားသော ကုန်ပစ္စည်းတစ်ခုခုကို အများပြည်သူအကျိုးငှာ အသုံးပြုခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၁၄။တီထွင်မှုမူပိုင်ခွင့်အငြင်းပွားသူပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို နှစ်ဦး နှစ်ဖက် ချစ်ကြည်စွာ ညှိနှိုင်းဖြေရှင်းခြင်းဖြင့်ဖြစ်စေ၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုခြင်းဖြင့်ဖြစ်စေ ဖြေရှင်းနိုင်သည်။

၁၁၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ပြည်ထောင်စုတရား လွှတ်တော်ချုပ်သည်နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည်-

(၁) နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကိုပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(၂) အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

# မိတ္ထီလာတွင် လူစည်ကားရာနေရာငါးခုတွင် H1N1 ရာသီတုပ်ကွေးရောဂါ ပညာပေးဆိုင်းဘုတ်များစိုက်ထူပြီး လက်ကမ်းစာစောင်နှင့် Mask များဖြန့်ဝေ

**မိတ္ထီလာ ဩဂုတ် ၆**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ တိုင်းဒေသကြီးအဆင့် Mask Campaign လှုပ်ရှားဆောင်ရွက်မှုအဖြစ် လူစည်ကားရာနေရာ ၅ ခုတွင် H1N1 ရာသီတုပ်ကွေးရောဂါ အသိပညာပေးဆိုင်းဘုတ်များစိုက်ထူပြီး ပညာပေး လက်ကမ်းစာစောင်နှင့် Mask များ ဖြန့်ဝေပေးခြင်းကို ဩဂုတ် ၅ ရက် နံနက် ၈ နာရီက ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ပေါက်ချောင်းရပ်ကွက်နယ်မြေ ပညာရေးကောလိပ်လမ်းဆုံအနီး မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းဘေးတွင် H1N1 ရာသီတုပ်ကွေးရောဂါ အသိပညာပေး ဆိုင်းဘုတ်စိုက်ထူခြင်း၊ ပညာပေးလက်ကမ်းစာစောင်များနှင့် Mask များဖြန့်ဝေပေးခြင်းကို အမှတ်(၂)မဲဆန္ဒနယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးစိုးသန်း၊ အမှတ်(၁) မဲဆန္ဒနယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ခရိုင်ဆေးရုံအုပ်ကြီးဒေါက်တာစန်းစန်းဝေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်၊ အခြားဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီဝင်များ၊ ခရိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များ စုပေါင်း၍ ဆောင်ရွက်ကြသည်။



အလားတူ မိတ္ထီလာကန်ကူးတံတားအနောက်ထိပ် အ-ထ-က (၁) ကျောင်းအနီး၊ မိတ္ထီလာနာရီစင်အနီး ကန်တော်မင်္ဂလာခန်းအရှေ့ ရန်ကုန်-မန္တလေးကားလမ်းမဘေး၊ စုပေါင်းကားဝင်းဝင်ပေါက်လမ်းဆုံ၊ ဝန်ဇင်းရပ်ကွက် မေတ္တာရေကြည်ဆေးခန်းအနီး မိတ္ထီလာ-မြင်းခြံကားလမ်းမဘေး နေရာများတွင် H1N1 ရာသီတုပ်ကွေးရောဂါ အသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်း၊ ပညာပေးလက်ကမ်းစာစောင်များနှင့် Mask များဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ညောင်ဦးအကျဉ်းထောင်ရှိ အကျဉ်းသားများအား တီဘီရောဂါကင်းဝေးစေရန် ကွင်းဆင်းစစ်ဆေးကုသပေး

**ညောင်ဦး ဩဂုတ် ၆**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အကျဉ်းဦးစီးဌာန အကျဉ်းထောင်ရှိ အကျဉ်းသား အမျိုးသား၊ အမျိုးသမီးများ ကျန်းမာရေးကောင်းမွန်စွာ နေထိုင်စားသောက်နိုင်စေရန် ရည်ရွယ်၍ အထက်မြန်မာပြည် TB (Mobile Team)မှ အဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာဝေယံကျော် ဦးဆောင်သောအဖွဲ့သည် ညောင်ဦးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ပူးပေါင်း၍ ဩဂုတ် ၅ ရက်က ညောင်ဦးခရိုင်အကျဉ်းထောင်သို့သွားရောက်ပြီး အကျဉ်းသား အမျိုးသား၊ အမျိုးသမီးများ တီဘီရောဂါကင်းဝေးစေရန်အတွက် ကျန်းမာရေး စစ်ဆေးကုသမှုများ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ညောင်ဦးအကျဉ်းထောင်ရှိ အကျဉ်းသားများ ကျန်းမာရေးကောင်းမွန်စွာ နေထိုင်နိုင်ရေးအတွက် ကွင်းဆင်း ကုသဆောင်ရွက်ပေးရာတွင် အထက်မြန်မာပြည် TB (Mobile Team) မှ အဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာဝေယံကျော်နှင့် အဖွဲ့သားများက အကျဉ်းထောင်ရှိ အကျဉ်းသား ၁၃၆ ဦးအား တီဘီရောဂါပိုး ရှိ-မရှိ စမ်းသပ်စစ်ဆေးပြီး ဆေးဝါးများဖြင့် အခမဲ့ကွင်းဆင်းကုသ ဆောင်ရွက်ပေးခဲ့ကြောင်း သိရပြီး အဆိုပါ ကွင်းဆင်းကုသ ဆောင်ရွက်ပေးရာသို့ ညောင်ဦးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်တင့်တင့်ဝေနှင့် အဖွဲ့ဝင်များက လိုအပ်သည်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ အခြေခံကွန်ပျူတာသင်တန်း(အခမဲ့) ဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၆**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း (နေပြည်တော်)တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲကို ဩဂုတ် ၅ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာအေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက တက်ရောက်လာသည့် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းနှင့် ပတ်သက်သည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပေးသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၂၂ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ဩဂုတ် ၅ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ အခမဲ့သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## မြစ်သားမြို့ မိုးကြိုချည်မျှင်ရှည်ဝါ တောင်သူပညာပေးကွင်းသရုပ်ပြ

**မြစ်သား ဩဂုတ် ၆**
မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ခုနှစ် မိုးကြိုချည်မျှင်ရှည်ဝါ တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို ကြောင်ပန်းကုန်းကျေးရွာအုပ်စု၊ တောင်သူ ဦးချစ်ထွေး၏ ရွှေတောင် (၈) ဝါစံပြကွက်တွင် ဩဂုတ် ၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

ကွင်းသရုပ်ပြပွဲတွင် တိုင်းဒေသကြီး လွှတ်တော်အမှတ်(၂)ကိုယ်စားလှယ် ဒေါ်သင်းမြမြသင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအေးနိုင်၊ ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်စန္ဒာလင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးအောင်တင်ထွန်းတို့က အမှာစကားများရှင်းလင်းပြောကြားကြပြီး ဦးချစ်ထွေး၏ ရွှေတောင် (၈) ဝါစံပြကွက်ကို တာဝန်ရှိသူတစ်ဦးက ပြသကာ တစ်ဧကဝါပိဿာ ၁၀၀၀ ကျော်နှုန်းထွက်ရှိရေး လိုက်နာဆောင်ရွက်ရမည့် သိပ္ပံနည်းကျ စိုက်နည်းစနစ်များ၊ ရွှေတောင် (၈) ဝါမျိုး၏ ထူးခြားကောင်းမွန်သော အရည်အသွေးများ၊ ရွှေတောင် (၈) ဝါမျိုး၏ တစ်ဧက စိုက်ပျိုးစရိတ်ကုန်ကျမှုများမှာ ၆၄၀၀၀၀ ရှိကြောင်း၊ တစ်ဧက ထွက်ကုန် ရောင်းချရငွေမှာ ၁၀ သိန်းရှိကြောင်းနှင့် တစ်ဧက အသားတင်အမြတ်ငွေမှာ ၃၆၀၀၀၀ ခန့်ရှိကြောင်း ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

မြစ်သားမြို့နယ် ၂၀၁၇-၂၀၁၈ ခုနှစ် မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ပျိုးမှုသည် ဧက ၁၅၅၀ လျာထားပြီး ၃၁၇၃ ဧက စိုက်ပျိုးပြီးစီးကြောင်းနှင့် ရွှေတောင် (၈) မျိုးသည် တစ်ဧက ပိဿာတစ်ထောင်ကျော်ထွက်ရှိပြီး ယခုအချိန် ပေါက်ဈေး တစ်ပိဿာ ကျပ် ၁၁၀၀ ရှိကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဖွံ့ဖြိုးရေးဆွေးနွေး

**မြောင် ဩဂုတ် ၆**
စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကူးတို့ကုန်းကျေးရွာတွင် မြန်မာဆယ်မာအူးလ်အွန်ဒိုး ကျေးရွာသစ်စီမံကိန်းဖွံ့ဖြိုးတိုးတက်မှု စစ်တမ်းကောက်ယူမှုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆွေးနွေးပွဲကို ဇူလိုင်လနောက်ဆုံးပတ်က ကျေးရွာရှိမြန်မာဆယ်မာအူးလ်အွန်ဒိုး ခန်းမဆောင်၌ ကျင်းပခဲ့သည်။

ကိုရီးယားပရောဂျက်မန်နေဂျာ Dr. Kim Dingin က စစ်တမ်းကောက်ယူရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး အသင်းဝင်များက အဖွဲ့များခွဲကာ အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**ပြန်/ဆက်**

## ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)pdm 09နှင့် ပတ်သက်သော လူထုပညာပေးလှုပ်ရှားမှုအခမ်းအနားကျင်းပ

**ပြင်ဦးလွင် ဩဂုတ် ၆**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမ၌ ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီက ပြင်ဦးလွင်ခရိုင်အမျိုးသမီးရေးရာကော်မတီမှ ဦးစီး၍ ခုတင် (၃၀၀) ဆံ့ဆေးရုံကြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းပါဝင်သော ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) pdm 09 နှင့် ပတ်သက်သော လူထုပညာပေးလှုပ်ရှားမှုအခမ်းအနားကျင်းပခဲ့သည်။

ရှေးဦးစွာခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမျိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကိုယ်စား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ရာသီတုပ်ကွေးရောဂါနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပရိုဂျက်တာဖြင့် လူထုအား ရှင်းပြခဲ့သည်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက လက်ဆေးနည်း၊ Mask တပ်ဆင်နည်း၊ ပြန်ဖြုတ်နည်းများကို သရုပ်ပြခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသော ပြည်သူများက ရာသီတုပ်ကွေးရောဂါနှင့် ပတ်သက်သည့် သိရှိလိုသည်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးမေးမြန်းခဲ့ရာ တာဝန်ရှိသူများက အသေးစိတ်ရှင်းပြပေးခဲ့သည်။

ရာသီတုပ်ကွေးရောဂါ လူထုပညာပေးလှုပ်ရှားမှုအခမ်းအနားသို့ တက်ရောက်ကြသော ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့နှင့် လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများအား ခရိုင်အမျိုးသမီးရေးရာကော်မတီမှ Hand Gel၊ H1N1 ပညာပေးပိုစတာနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး စုစုပေါင်းအင်အား ၁၂၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဖ၁၃)**



# နန့်ခေါင်ဟူး ရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်နိုင်ရေး စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး



**ဗန်းမောက် ဩဂုတ် ၆**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ဟဲချိန်ကျေးရွာအုပ်စု ထီးတော်ကိုင်ကျေးရွာအနီး နန့်ခေါင်ဟူးထွက်ရေးစီးအားနှင့် ရေတံခွန်ကို ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းနှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် အမှတ် (၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဩဂုတ် ၄ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး နန့်ခေါင်ဟူး ရေအားလျှပ်စစ်စီမံကိန်းအောင်မြင်ပါက ၂၄ နာရီ မီးရရှိတော့မည်ဖြစ်ကြောင်း၊ မိမိဒေသအတွင်း သဘာဝ သစ်တောစိမ်းလန်းစိုပြည်စေရေး ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက် ကောင်းမွန်လာစေရန်အတွက် သစ်တောသစ်ပင်များရှိမှသာ ရေအရင်းအမြစ် မဆုံးရှုံးနိုင်ကြောင်း၊ ကျေးရွာများ၌ လူမှုစီးပွားရေး အခြေခံကောင်းမှ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်းက ဒေသခံပြည်သူများကို H1N1 ရာသီတုပ်ကွေးအကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်များ တားဆီးကာကွယ်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းနှင့်တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဟဲချိန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့်ပန်းတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတို့မှ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးပြီး စာသင်ကျောင်းများကို စစ်ဆေးခဲ့ကြကြောင်း သိရသည်။ **ကျော်စွာ(ဗန်းမောက်)**

## သွေးလွန်တုပ်ကွေး ကင်းဝေးရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မောက်မယ် ဩဂုတ် ၆**
ပြည်သူများနှင့် သံဃာတော်များ မိုးရာသီ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းစေရန်၊ ခြင်ကျားများ မပေါက်ပွားစေရေး၊ ကျန်းမာစေရေး ရည်ရွယ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရေး အရှိန်အဟုန်မြှင့်တင်၍ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုဖြင့် အမှတ် (၁၃၂) ခြေလျင်တပ်ရင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်း၍ ဩဂုတ် ၅ ရက် နံနက် ၇ နာရီက ပရိယတ္တိပါဒကစာသင်တိုက်၌ စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မိုးရာသီ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုလျော့နည်းစေရန် ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများ ရေစစ်ဖြင့် ခပ်ပေးခြင်း၊ မိုးရေတင်ကျန်နိုင်သည့် ဘူး၊ ခွက်၊ တာယာစသည်တို့ မြေမြှုပ်ပေးခြင်း၊ အိမ်သာများစစ်ဆေးပေးခြင်း၊ ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းများရှင်းလင်းပေးခြင်း၊ ရေအိုင်များမြေဖို့ပေးခြင်း၊ ချုံနွယ်၊ ပေါင်းပင်၊ မြက်ပင်များ ရှင်းလင်းပေးခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **စိုင်းမျိုးသန့်(ပြန်/ဆက်)**

## ကလေးဝမြို့ ယောစုနယ်မြေမီးသတ်စခန်းသို့ မီးသတ်ကားလွှဲပြောင်းပေးအပ်

**ကလေးဝ ဩဂုတ် ၆**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် မြေသာ၊ ယောစု၊ မထုကျေးရွာအုပ်စု သုံးအုပ်စုရှိ ယောစုနယ်မြေမီးသတ်စခန်းအား မီးသတ်ကားလွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၅ ရက် ညနေ ၄ နာရီက ယောစုကျေးရွာစာသင်ကျောင်း၌ပြုလုပ်ခဲ့ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းက အဖွင့်အမှာစကားပြောကြားကာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်စိုးက မီးသတ်ကား လွှဲပြောင်းပေးအပ်ခြင်းနှင့် ပတ်သက်၍ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ မီးသတ်ကားသည် ဒေါင်ဖန်းအမျိုးအစားဖြစ်ပြီး မီးငြိမ်းသတ်ယာဉ်နှင့်ရေသယ်ယာဉ်အဖြစ် နှစ်မျိုးအသုံးပြုနိုင်သော မီးသတ်ကားဖြစ်ကြောင်းသိရသည်။ **သက်ဟန်(ကလေးဝ)**



&efukdkt a&ypD;c½kdkf omoemEkdk;[4 toif;ESih c½kdkt wif;&Sdv, f toif;rsm;awGqkH vkyfief;nDEdkif; aq;aE;yGJudk *kwf 3&ufae.ufykdif;&D &efukdkfpkt wif;&S a&ay;[kdw , fi ui;fy&mc½kdkf toif;Ouú|OD;wif &Du trSpum; ajymMum;chmif; oGm;onf 118

## ဘီးလင်းမြို့နယ်၌ကရင်အမျိုးသားရိုးရာလက်ချည်ပွဲကျင်းပ

**ဘီးလင်း ဩဂုတ် ၆**
သထုံခရိုင် ဘီးလင်းမြို့နယ် စစ်ကိုင်းဘုန်းတော်ကြီးကျောင်း၌ မြို့နယ်လုံးဆိုင်ရာ ကရင်အမျိုးသားရိုးရာလက်ချည်ပွဲကို ဩဂုတ် ၆ ရက် နံနက် ၇ နာရီက ကျင်းပခဲ့သည်။ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးစောကျူလီက ကရင်အမျိုးသားရိုးရာလက်ချည်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများကို ကရင်အမျိုးသားအကများဖြင့် ကပြသီဆိုခဲ့ကြကာ ကရင်အမျိုးသားလက်ချည်ပွဲကို ပျော်ရွှင်စွာစုပေါင်းဆင်နွှဲခဲ့ကြသည်။

ကရင်အမျိုးသားတိုင်းရင်းသားများ အေးချမ်းခြင်း၊ ရိုးသားဖော်ရွေခြင်း၊ သွေးစည်းညီညွတ်ခြင်း၊ စည်းလုံးခြင်း၊ ရှင်သန်ခိုင်မာမြဲခြင်း အဓိပ္ပာယ်ဖော်ဆောင်သည့် ကရင်အမျိုးသားရိုးရာလက်ချည်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ ကရင်ရိုးရာလက်ချည်ပွဲသို့ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကရင်အမျိုးသား ဗုဒ္ဓဘာသာ ဆရာတော်သံဃာတော်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာများမှ ကရင်တိုင်းရင်းသား လူငယ်မောင်မယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မှုခင်းပညာပေးယာဉ်ဖြင့် အသိပညာပေးမှု ဒေါပုံမြို့နယ်၌ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၆**
ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် အ-ထ-က (၁) ကျောင်းရှေ့၌ လမ်းသွားလမ်းလာများနှင့် ကျောင်းသား၊ ကျောင်းသူများအား ၂၀၁၇ ခုနှစ် ဩဂုတ် ၄ ရက် နံနက် ၉ နာရီက မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါ မှုခင်းပညာပေးပြပွဲသို့ ဒေါပုံမြို့မရဲစခန်းမှ မြို့မရဲစခန်းမှူး ဒုရဲမှူးထွန်းထွန်းနိုင် ဦးစီးတပ်ဖွဲ့ဝင်များ၊ လူကုန်ကူးတားတပ်ဖွဲ့စု (၆) မှ ရဲအုပ်သိန်းဌေးနှင့်အဖွဲ့၊ မူးယစ်တပ်ဖွဲ့စု (၄၁) မှ ရဲအုပ်စိုးတင်ထွန်းဦးနှင့်အဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့စု (၃၁) မှ ရဲအုပ်ဝင်းအောင်နှင့်အဖွဲ့တို့မှ မှုခင်းအသိပညာပေးခြင်း၊ လုံခြုံရေးတာဝန်နှင့် လမ်းရှင်းလင်းရေးတာဝန်များ ဆောင်ရွက်ခဲ့ပြီး အ-ထ-က (၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ထွန်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ စုစုပေါင်း ၆၈၀ ခန့် ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **ဒေါပုံထင်ကျော်**

## ပွင့်ဖြူမြို့ပတ်လမ်း ရေဆိုးထုတ်မြောင်း တိုးချဲ့ပြုပြင်ဆောင်ရွက်

**ပွင့်ဖြူ ဩဂုတ် ၆**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မင်းဘူး-စလင်းကားလမ်းဘေးရှိ မြို့ပတ်လမ်းအား အများပြည်သူများ သွားလာမှုလွယ်ကူစေရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေဆိုးထုတ်မြောင်း အဆင့်မြှင့်တင်တိုးချဲ့ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါမြို့ပတ်လမ်း ရေဆိုးထုတ်မြောင်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပထမသုံးလပတ်ငွေလုံးငွေရင်း ခွင့်ပြုငွေ ကျပ်သန်း ၂၀ ဖြင့် အရှည်ပေ ၈၁၀၊ အောက်ခြေအကျယ် ၂ ပေ၊ ထိပ်ဝအကျယ် ၄ ပေ၊ အမြင့် ၃ ပေရှိ အုတ်ရေမြောင်းပြုလုပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **သူရထွန်း(ပွင့်ဖြူ)**

# မြှင့်တင်အားပေးဖော်ဆောင်ရမည့် ကာလတိုစိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ

သန်းဖြိုးနိုင် (ကညင်ကျိုး)

နိုင်ငံတော်၏ စီးပွားရေးအချိန်တိုအတွင်း တိုးတက်ရေး၊ နိုင်ငံခြားဝင်ငွေပိုမိုရရှိရေး၊ ပြည်တွင်းကုန်ဈေးနှုန်း ကျဆင်းရေးနှင့် ပြည်ပသွင်းကုန်အစားထိုးထုတ်လုပ်ရေး တို့အတွက်ဆိုရင် လက်ရှိအချိန်မှာအစိုးရအနေနဲ့ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို အထူးအလေးထားပြီးအားပေး အားမြှောက်ပြုရမှာဖြစ်ပါတယ်။ "ဒါဆိုရင် ဘယ်လိုလုပ်ငန်းမျိုးတွေကိုလုပ်မှ အကျိုးအမြတ်အမှန်ရရှိစေမှာလဲ။ ဘယ်လို အကောင်အထည်ဖော်သင့်တာလဲဆိုတဲ့ အဖြေအတွက်လည်း ကျွန်တော်တို့ ဆက်လက် ဆွေးနွေးအဖြေရှာကြဖို့ လိုလာပါပြီ။"





## စိုက်ပျိုးမွေးမြူရေးကိုအခြေခံတဲ့နိုင်ငံ

အမှန်ဆိုရင် ကျွန်တော်တို့နိုင်ငံက စိုက်ပျိုးမွေးမြူရေးကို အခြေခံတဲ့ နိုင်ငံတစ်ခုဖြစ်တာနဲ့အညီ ဒီလုပ်ငန်းတွေက ထုတ်ကုန်တွေများများစားစားကို ပြည်ပနိုင်ငံတွေဆီ တင်ပို့နိုင်အောင်ကြိုးစားပြီး နိုင်ငံခြားဝင်ငွေများများစားစားရအောင် ရှာဖွေကြရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံဟာ အရှေ့တောင်အာရှမှာ ကုန်းမြေပိုင်ဆိုင်မှုနဲ့ ကမ်းရိုးတန်းအရှည် ပိုင်ဆိုင်မှု အများဆုံးနိုင်ငံပါ။ စိုက်ပျိုးမြေအများဆုံး ရှိပြီး ရေချိုမြစ်တွေပေါများလှသလို တောင်တန်းဒေသတွေ၊ လွင်ပြင်ဒေသတွေနဲ့ မြစ်ဝကျွန်းပေါ်ဒေသရယ်လို့ မြေမျက်နှာသွင်ပြင် အမျိုးမျိုးကိုလည်း ပိုင်ဆိုင်ထားပါတယ်။ ရာသီဥတုအနေနဲ့လည်း နွေရာသီ၊ ဆောင်းရာသီ၊ မိုးရာသီရယ်လို့ သုံးရာသီအလိုက် အချိန်ကာလညီညီမျှမျှလည်း ဖြစ်ပေါ်ဖို့အတွက် ကမ္ဘာနဲ့ နေလှည့်ပတ်မှုစက်ဝန်းမှာ သမမျှတစွာ အခြေအနေပေးလျက်ရှိနေတာပါ။ သည့်အတွက်ပဲဆိုလိုချင်တာကတော့ စိုက်ပျိုးမွေးမြူရေးကိစ္စတွေအပေါ် အဓိကထားစဉ်းစားပြီး ပြည်တွင်းထွက်ကုန်များများရရှိအောင် လုပ်ကြရမယ်လို့ ပြောလိုရင်းဖြစ်ပါတယ်။

## အကျိုးအမြတ်မြန်တဲ့ ကာလတိုလုပ်ငန်း

နောက်သတိထားသင့်တဲ့ကိစ္စက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆိုတာ ကာလတိုသာဖြစ်ပါတယ်။ စပါး၊ ပြောင်း၊ နှမ်း၊ မြေပဲနဲ့ ပဲအမျိုးမျိုးဟာ လေးလမှ ငါးလသာကြာမြင့်ပါတယ်။ မွေးမြူရေးပိုင်းကိုလှည့်ပြောရရင်လည်း ငါးနဲ့ ပုဇွန်ဆိုတာ ၄ လမှ ၅ လသာကြာတဲ့ ကာလတိုလုပ်ငန်းတစ်ခုပါ။ နောက်ဒီထက်ပိုစိတ်ဝင်စားသင့်တဲ့အချက်ကတော့ လက်ရှိနိုင်ငံ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းသော အရေအတွက်ဟာ တောင်နေတောင်သား စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနဲ့သာ အသက်မွေးဝမ်းကျောင်းပြုကြတဲ့သူများ ဖြစ်ကြတယ်ဆိုတဲ့အချက်ပါ။

အဆိုပါစိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေဟာ ကာလတိုစီမံကိန်းအတွင်း အမှန်သာ ထိထိရောက်ရောက် အကောင်အထည်ပေါ်အောင်လုပ်နိုင်ခဲ့မယ်။ ထွက်ကုန်များများရအောင်စိုက်ပျိုးမွေးမြူထုတ်လုပ်နိုင်ခဲ့မယ်ဆိုရင် နိုင်ငံခြားဝင်ငွေ များများစားစားရရှိကြမှာပါ။ ဥပမာအနေနဲ့ တင်ပြရရင် ထိုင်းနဲ့ ဗီယက်နမ်ဆိုရင် အထက်ကပြောတဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးထုတ်ကုန်တွေကပဲ နိုင်ငံခြားဝင်ငွေအများဆုံးရှာဖွေကြတာပါ။ စိုက်ပျိုးရေးထုတ်ကုန်ဖြစ်တဲ့ ဆန်၊ စပါး၊ ပြောင်း၊ နှမ်း၊ မြေပဲ၊ ပဲအမျိုးမျိုးနဲ့ ရေထွက်ထုတ်ကုန်ဖြစ်တဲ့ ငါးအမျိုးမျိုးနဲ့ ပုဇွန်တွေဟာ ကမ္ဘာ့အရှေ့အလယ်ပိုင်းဒေသနဲ့ ဥရောပနိုင်ငံအများအပြားကို တင်ပို့လို့ရနိုင်တဲ့ အကောင်းဆုံးပစ္စည်းတွေပါ။

## ရွှေ့ပြောင်းအလုပ်သမားတွေ ဘာလုပ်ကြရသလဲ

ဒီအတွက်ပဲ ကျွန်တော်တို့နိုင်ငံကနေ ထိုင်းနိုင်ငံကိုသွားရောက်လုပ်ကိုင်နေကြတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေကိုဟိုရောက်ရင် မင်းတို့ ဘာတွေလုပ်ရသလဲလို့မေးလိုက်ရင် သူတို့လည်း စိုက်ပျိုးရေးခြံတွေ၊ ဥယျာဉ်ခြံတွေ၊ ငါးဖမ်းလုပ်ငန်းတွေ၊ ငါး၊ ပုဇွန် အအေးခန်းလုပ်ငန်းတွေမှာပဲ အများစုလုပ်ကိုင်ကြရတာကို ကြားသိကြရမှာပါပဲ ဖြစ်ပါတယ်။

## ရင်းနှီးမြှုပ်နှံမှု များများပြုလုပ်သင့်

အမှန်ဆိုရင် ကျွန်တော်တို့နိုင်ငံအထဲမှာ စိုက်ပျိုးရေးအတွက် အခြေခံကျတဲ့ စိုက်ပျိုးမြေတွေ များစွာရှိနေပါတယ်။ ဒီစိုက်ပျိုးမြေတွေများစွာကို အကျိုးရှိရှိ အသုံးချပြီး အစိုးရအနေနဲ့ ခေတ်မီနည်းပညာတွေ၊ ခေတ်မီထွန်ယက်၊ ရိတ်သိမ်းစက်တွေ၊ ခေတ်မီအခြောက်ခံ၊ အအေးခံစက်တွေနဲ့ နိုင်ငံတကာက အထွက်နှုန်းကောင်းပြီး သဘာဝရာသီဥတုဒဏ်ခံနိုင်တဲ့ မျိုးတွေ၊ စိုက်ပျိုးပြုစု ပျိုးထောင်တဲ့ နည်းပညာတွေကိုရယူပြီး လယ်သမားတွေ၊ တောင်သူတွေနဲ့ ပူးပေါင်းပညာပေးလို့ စိုက်ပျိုးစရိတ်ငွေတွေလည်း ထိုက်ထိုက်တန်တန် ရင်းနှီးမြှုပ်နှံပေးမယ်ဆိုရင် မအောင်မြင်လာစရာမရှိလောက်ပါဘူး။ သူများနိုင်ငံတွေတောင်မှ လုပ်နေနိုင်ကြသေးရင် ကျွန်တော်တို့နိုင်ငံလို စိုက်ပျိုးမြေတွေပေါပြီး သဘာဝတောတောင်တွေပေါများတဲ့ နိုင်ငံမှာ ပိုမိုဖြစ်ထွန်းပြီး အထွက်နှုန်းတွေ တိုးတက်ကောင်းမွန်လာမှာ အသေအချာပဲဖြစ်မှာပါ။ ဒီလိုလုပ်ငန်းတွေဟာ သူနဲ့ဆိုင်တဲ့ ဌာနတွေမှာလည်း အခြေခံအရင်းအမြစ် အချက်အလက်တွေ စီမံချက်တွေရှိနေပြီး ဖြစ်မှာအမှန်ပဲဖြစ်သလို ယခင်ကာလများဆီက နယ်မြို့လေးတွေအထိ စိုက်ပျိုးမွေးမြူရေးပညာပေးစခန်းဆိုတဲ့ ဆိုင်းဘုတ်ကလေးတွေနဲ့ အခုထိ မြေနေရာပိုင်ဆိုင်လို့ အဆောက်အအုံလက်ကျန်တွေ ရှိနေပါသေးတယ်။ မြေပြင်မှာ ထိထိရောက်ရောက် အမှန်အကောင်အထည်ဖော်ဖို့သာ လိုနေတာပါ။

## မွေးမြူရေးအတွက် အားသာချက်

နောက်တစ်ချက်ကတော့ မွေးမြူရေးကဏ္ဍပါ။မွေးမြူရေးကဏ္ဍဆိုပေမယ့်လည်း ကျွန်တော်အထူးကိစ္စတစ်ရပ်အနေနဲ့ တင်ပြမှာကတော့ ငါးနဲ့ ပုဇွန်ပဲဖြစ်ပါတယ်။ ငါးကိုထုတ်လုပ်ကြတော့မယ်ဆိုရင် ဖမ်းဆီးရေးနဲ့ မွေးမြူရေးဆိုပြီး နှစ်ပိုင်းပါဝင်လာပါတယ်။ ပထမဦးဆုံး ဖမ်းဆီးရေးအကြောင်းပြောရရင် ကျွန်တော်တို့နိုင်ငံမှာ ရေချိုငါးတွေများများစားစားရှိနေပါတယ်။ မြစ်ကြီး လေးစင်းနဲ့ ချောင်းမြောင်းများစွာ၊ အင်းအိုင်တွေများစွာအထဲမှာ၊ နောက်တစ်မျိုးက ရှည်လျားလှတဲ့ ကမ်းရိုးတန်းရေတိမ်ပိုင်တစ်လျှောက်မှာ ဖမ်းဆီးရေးလုပ်လို့ရနိုင်တာတွေ အများကြီးပါ။ ဒီလိုပေါများလှတဲ့ မြစ်ချောင်းအင်းအိုင်တွေ၊ ကမ်းနီးကမ်းဝေးပင်လယ်ကမ်းရိုးတန်းတစ်လျှောက်က နေရာတွေမှာငါးဖမ်းဆီးရေးလုပ်ငန်းတွေကို တွင်တွင်ကျယ်ကျယ်နဲ့လုပ်နိုင်ကြဖို့ဆိုရင် အစိုးရရဲ့အကူအညီ အများကြီးလိုအပ်နေပါတယ်။ ပထမဦးဆုံးအနေနဲ့ ကုန်းတွင်းပိုင်းက ရေချိုငါးတွေကို သားဖောက်လ၊ ယခုလိုရာသီမှာ ဖမ်းဆီးစားသုံးမှုမရှိအောင်၊ မြစ်ချောင်းအင်းအိုင်တွေအတွင်း တရားမဝင်ငါးဖမ်းဆီးရေးတွေ မဝင်ရောက်အောင်၊ စည်းကမ်းမဲ့ ငါးမိုင်းခွဲတာတွေ၊ ဘတ်ထရီနဲ့ ရှော့တိုက်ငါးဖမ်းဆီးတာတွေကိုလည်း တရားဥပဒေစိုးမိုးမှုရှိအောင်ဆောင်ရွက်ပြီး တားဆီးပေးကြရမှာပါ။ ဒါမှသာ ကုန်းတွင်းရေချိုငါးများများစားစား ပေါက်ဖွားပေါများလာပြီး ပြည်တွင်းစားသုံးမှု ကုံလုံကြွယ်ဝလာမယ့်အပြင် နိုင်ငံခြားကိုလည်း ပို့နိုင်လာမှာပါ။

## ရှည်လျားတဲ့ ကမ်းရိုးတန်းက ပြည်ပဝင်ငွေတွေရနိုင်

နောက်တစ်မျိုးကတော့ ရှည်လျားလှတဲ့ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်က ကမ်းနီးကမ်းဝေး ပင်လယ်ငါးဖမ်းလုပ်ငန်းတွေ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကိုလည်း ရေချိုငါးအလားတူ အစိုးရဘက်ကနေ ငါးဖမ်းစက်လှေတွေ၊ ပိုက်တွေ၊ ကမ်းဝေးအတွက် နည်းပညာနဲ့ စက်အကူအညီတွေနဲ့ နောက်ရရှိလာမယ့် ငါးတွေကို ခေတ်မီနည်းနဲ့ သန့်စင်ထုပ်ပိုးရအောင် အအေးခန်းတွေ၊ စက်ရုံတွေအတွက် အကူအညီတွေကောင်းကောင်းပေးခဲ့ရင် ရေထွက်ငါးတွေ ပေါပေါများများရလို့ နိုင်ငံခြားကို အလုံးအရင်းနဲ့ တင်ပို့နိုင်ပြီး ကိုယ့်နိုင်ငံသားတွေကလည်း အလုပ်အကိုင်ရရှိစေလာမှာပဲ ဖြစ်ပါတယ်။

ဒါ့အပြင် ကျန်ရှိနေတာကတော့ ငါး၊ ပုဇွန်တွေကို မွေးမြူထုတ်လုပ်ကြတဲ့အကြောင်းပါ။ ကျွန်တော်တို့ မြန်မာပြည်ရဲ့ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနဲ့ ရခိုင်ပြည်နယ် ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကုန်းတွင်းပိုင်းမှာ ဆောင်ရွက်နေကြတဲ့ အစိုးရဌာနပိုင်၊ ပုဂ္ဂလိကပိုင် ပုဇွန်မွေးမြူရေးကန်တွေ၊ ငါးမွေးမြူရေးကန်တွေ အများအပြားရှိနေပါတယ်။ ဒီမွေးမြူရေးကန်တွေအပေါ်မှာလည်း အစိုးရအနေနဲ့ အမှန်အားပေးပြီး အခြားပြည်ပနိုင်ငံတွေက မျိုးကောင်းမျိုးသန့်တွေ၊ အစာကောင်းကောင်းသန့်သန့်တွေ၊ နည်းပညာနဲ့ ငွေကြေးအထောက်အပံ့တွေများများပေးပြီး ထုတ်လုပ်စေခဲ့ရင် အချိန်တို ကာလတိုအတွင်း ထွက်ကုန်တွေများများ တိုးတက်လာပြီး ပြည်ပပို့ကုန်များလာမယ်။ နိုင်ငံခြားဝင်ငွေတွေ တိုးတက်လာမယ်။ အထက်ကစကားနဲ့ ထပ်ပြောရရင် ကိုယ့်နိုင်ငံအတွင်းက ကျွမ်းကျင်လုပ်သားတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေပါ ပွင့်လန်းလာစေမှာ အမှန်ပဲဖြစ်မှာပါ။

အချုပ်အားဖြင့် တင်ပြရရင် အစိုးရရဲ့ကာလတစ်နှစ်ကျော်တာကာလမှာ ယနေ့လက်ရှိဖော်ဆောင်နေတဲ့ တိုင်းကျိုးပြည်ပြု လုပ်ငန်းတွေများစွာထဲကနေ ဒီလိုအခြေခံကျတဲ့ ကာလတိုစီမံကိန်းထဲမှာ အဓိကလည်းဖြစ်အခရာလည်းကျ၊ ကိုယ့်နိုင်ငံရဲ့ ရေ၊ မြေ၊ တောတောင်၊ ကမ်းရိုးတန်းဒေသ၊ သဘာဝနဲ့လည်း ကိုက်ညီ၊ ကိုယ့်ပြည်တွင်းက နိုင်ငံသားတွေလည်း ကျွမ်းကျင်တဲ့ ဒီလို စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းကိုသာ အမှန်ဇောင်းပေးပြီး ထိထိရောက်ရောက် အကောင်အထည်ဖော်ပေးခဲ့ရင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်၊ ကိုယ့်နိုင်ငံသားတွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုတိုးတက်ရရှိလာမယ်။ နိုင်ငံတကာကိုရောက်နေတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေလည်း ပြန်လည်အခြေချလာနိုင်မယ်။ နိုင်ငံခြားဝင်ငွေလည်း များများရရှိလို့ စီးပွားရေးအခွင့်အလမ်းတိုးတက်ကောင်းမွန်လာမယ်လို့ ထင်မြင်သုံးသပ်မိပါတယ်။

နောက်ဆုံးအချက်တစ်ချက်အနေနဲ့ ထပ်ဖြည့်ပြီးပြောရရင် နိုင်ငံအတွင်း ကျေးလက်တောရွာတွေမှာ နေထိုင်ကြတဲ့ ၇၅ ရာခိုင်နှုန်းသော တောင်သူလယ်သမား စိုက်ပျိုးရေး၊ မွေးမြူရေးသမားတို့ရဲ့ လူမှုစီးပွားဘဝတွေလည်း တိုးတက်ကောင်းမွန်လာလို့ တစ်ဦးချင်းဝင်ငွေ တိုးတက်ရရှိကြကာ အစိုးရအပေါ်လည်း ယုံကြည်ကိုးစားစိတ်တွေ အမှန်ဖြစ်ထွန်းလာစေကြောင်း စိတ်ကောင်းစေတနာဖြင့် အကြံပြုရေးသားတင်ပြလိုက်ရပါတယ်။

# ကောလာဟလများအကြားက ဟောလိဝုဒ်ကြယ်ပွင့်များ

အေးပြည့် – စုစည်းသည်

ဗြိတိန်ရဲ့ အောင်မြင်ကျော်ကြားတဲ့ သီချင်းဆိုပြိုင်ပွဲကြီးတစ်ခုဖြစ်တဲ့ “The X-Factor”ကမွေးထုတ်ပေးခဲ့တဲ့ အမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “Little Mix”ဟာ အဖွဲ့ဝင်လေးဦးနဲ့ စတင်တည်ထောင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလည်း အဖွဲ့ဝင်လေးဦးစလုံး တစည်းတလုံးတည်းရှိနေဆဲဖြစ်ကာ အောင်မြင်တဲ့တေးဂီတအဖွဲ့တစ်ဖွဲ့အဖြစ် ထူးချွန်ဆုတွေကိုလည်း သိမ်းပိုက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ လတ်တလောမှာတော့ “Little Mix”ရဲ့ ဘဝဇာတ်ကြောင်းကို ရုပ်ရှင်အဖြစ် အသက်သွင်းသွားဖို့ စီစဉ်နေကြကြောင်းလည်း သတင်းတွေပေါ်ထွက်ခဲ့ကြောင်း အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဗြိတိန်ရဲ့ ကျော်ကြားတဲ့ ဂီတကြယ်ပွင့်တွေဖြစ်ကြတဲ့ “Little Mix” အဖွဲ့ဝင်တွေရဲ့ အတ္ထုပ္ပတ္တိရုပ်ရှင်ကို ရိုက်ကူးသွားမှာဖြစ်ကြောင်း အဖွဲ့ဝင်

## ဘဝခရီးကိုပုံဖော်သွားမယ့် Little Mix

တစ်ဦးဖြစ်တဲ့ ဂျာစီက ဆိုပါတယ်။ လတ်တလောမှာ ဆွေးနွေးမှုတွေ ပြုလုပ်နေတာဖြစ်ပြီး ဖြစ်မြောက်နိုင်ဖို့အတွက် အလားအလာရှိတယ်လို့လည်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

“Little Mix”ဟာ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်အတွင်း စတင်ဖွဲ့စည်းခဲ့တဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်ပြီး အဖွဲ့ရဲ့ပထမဆုံးသော တေးအယ်လ်ဘမ်ကိုတော့ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွင်း စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ အဖွဲ့ဝင်တွေကတော့ ပါရီအက်ဒ်ဝက်စ်၊ ဂျိတ်ဒ်သရေဝေါလ်၊ ဂျာစီနယ်လ်ဆန်နဲ့ လန့်အန်နီပင့်နော့ခ်တို့ပဲ ဖြစ်ကြပါတယ်။ အဖွဲ့ရဲ့အတ္ထုပ္ပတ္တိရုပ်ရှင်နဲ့ပတ်သက်ပြီးလည်း ပရိသတ်တွေအနေနဲ့ တစ်ခါမှတွေ့မြင်ခဲ့ရခြင်းမရှိတဲ့ အဖွဲ့ဝင်တွေရဲ့ ဘဝဇာတ်ကြောင်းတွေကို ခံစားကြရမှာဖြစ်ကြောင်းနဲ့ လတ်တလောမှာတော့ တချို့တစ်ဝက် ပြင်ဆင်ပြီးဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့ကြပါတယ်။

ဒ့ါအပြင် လတ်တလောမှာ “Little Mix ”ဟာ နောက်ဆုံးထွက်ရှိထားတဲ့ အဖွဲ့ရဲ့တေးအယ်လ်ဘမ် “Glory Day”အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေကို ပြုလုပ်နေတာဖြစ်ပြီး တေးအယ်လ်ဘမ်သစ်အတွက်လည်း ပြင်ဆင်နေတာဖြစ်ပါတယ်။ တေးအယ်လ်ဘမ်သစ်အတွက် သီချင်းတွေကိုလည်း ပြင်ဆင်ရေးသားနေတာဖြစ်ပြီး ပရိသတ်ရင်ထဲကို စူးဝင်စေတဲ့ တေးသီချင်းတွေဖန်တီးလိုပေမယ့် လက်တွေ့ကျတဲ့သီချင်းမျိုး ဥပမာအားဖြင့် အချစ်ဟောင်းသို့ အော်ခေါ်ခြင်းစတဲ့ သီချင်းမျိုးကိုသာ ရေးသားလိုကြောင်းလည်း အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ပါရီအက်ဒ်ဝက်စ်က ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။




ဗြိတိန်ပေါ့ပ်ကြယ်ပွင့် ဇန်မာလိခ်ကတော့ သူ့ရဲ့အချစ်ဟောင်းကို လက်ရှိဘဝထဲ ဝင်ပါလာတာမျိုးတွေ မပြုလုပ်ဖို့နဲ့ သူ့ရဲ့ချစ်သူသစ် ဂျီဂျီဟာဒစ်တို့ရဲ့ ဖြောင့်ဖြူးနေတဲ့ အချစ်ခရီးလမ်းကို လှောင်ပြောင်တာမျိုးတွေမလုပ်ဖို့နဲ့ ဂျီဂျီကိုလည်း သူတို့နှစ်ဦးအကြားက ဆက်ဆံရေး မပြေလည်မှုအတွင်း မထည့်သွင်းဖို့ ပြောကြားခဲ့တယ်လို့ သိရပါတယ်။ ပေါ့ပ်ကြယ်ပွင့် ပါရီအက်ဒ်ဝက်စ်က ဇန်နဲ့ ဂျီဂျီတို့ကို စောင်းမြောင်းသီဆိုခဲ့ပုံပေါ်တဲ့ သီချင်းစာသားတွေကို ကြားခဲ့ရချိန်မှာတော့ ဇန်က ချစ်သူဟောင်း ပါရီကို စိတ်ပျက်မိကြောင်းနဲ့ သူ့ရဲ့လက်ရှိဘဝထဲက ထွက်သွားဖို့ တောင်းဆိုခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ပါရီအက်ဒ်ဝက်စ်က လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ သူ့ရဲ့တေးဂီတအဖွဲ့ “Little Mix”ရဲ့ ဩစတြေးလျနိုင်ငံက နယ်လှည့်ဖျော်ဖြေပွဲမှာ တေးသီချင်းစာသားတွေကို ပြောင်းလဲသီဆိုခဲ့တာဖြစ်ပါတယ်။ ဒီလိုသီဆိုရာမှာလည်း ဇန်ရဲ့လက်ရှိချစ်သူ ဂျီဂျီဟာဒစ်ရဲ့အမည်ကို ထည့်သွင်းသီဆိုခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

“Little Mix”ရဲ့ ဖျော်ဖြေပွဲမှာ ပါရီအက်ဒ်ဝက်စ်က "Shout Out to My Ex"တေးသီချင်းကို သီဆိုစဉ်မှာ သီချင်းစာသားအချို့ကို ပြောင်းလဲခဲ့တာဖြစ်ပါတယ်။ ကျွန်မလုပ်ခဲ့သလိုလို့အဓိပ္ပာယ်ရတဲ့ သီချင်းစာသားနေရာမှာ ကာရန်ညီတဲ့ စာသားတစ်ခုဖြစ်တဲ့ ဟာဒစ်ကို ပြောင်းလဲသီဆိုခဲ့တာဖြစ်ပါတယ်။ ဒ့ါကြောင့် ပါရီအနေနဲ့ သူ့ရဲ့ချစ်သူသစ်အမည်ကို သုံးစွဲဖျော်ဖြေခဲ့တဲ့အပေါ် ဇန်က ယခုလိုတုံ့ပြန်ပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။ ဒီလိုသီဆိုခဲ့မှုအပေါ် မီဒီယာတွေကလည်း ဝေဖန်ရေးသားဖော်ပြခဲ့တာကြောင့် ဇန်ရဲ့အချစ်သစ်နဲ့ ဘဝသစ်မှာလည်း ပါရီအက်ဒ်ဝက်စ် ပြန်လည်ပါဝင်လာခဲ့တာဖြစ်ပါတယ်။

ဇန်နဲ့ ပါရီအက်ဒ်ဝက်စ်တို့ဟာ ချစ်သူတွေအဖြစ် လေးနှစ်ခန့်လက်တွဲခဲ့ကြပြီး နှစ်ဖက်မိဘတွေကို အသိပေးကာ စေ့စပ်ခဲ့ကြတဲ့ ကြယ်ပွင့်စုံတွဲဖြစ်ပါတယ်။ ဒါပေမယ့် ဇန်က ပါရီကို သစ္စာဖောက်ခဲ့ကာ ချစ်သူသစ်ကို စတင်လက်တွဲခဲ့တာ ဖြစ်ပါတယ်။ ပါရီကလည်း ဇန်နဲ့လမ်းခွဲပြီး နောက်ပိုင်း ချစ်သူသစ်နဲ့လက်တွဲခဲ့ပါတယ်။ ဒီဇာတ်လမ်းမှာ ပါရီအပေါ် အပြစ်ကျူးလွန်ခဲ့သူက သူသာ ဖြစ်ကြောင်းနဲ့ ဂျီဂျီကတော့ ပါရီအပေါ် ထိခိုက်အောင်လုပ်ဆောင်ခဲ့ခြင်း မရှိတာကြောင့် သူတို့နှစ်ဦးအကြားက ဇာတ်လမ်းမှာ ဂျီဂျီကို ဆွဲထည့်တာမျိုး မဖြစ်သင့်ကြောင်းလည်း ဇန်က ဆိုပါတယ်။

ဟောလိဝုဒ်ကြယ်ပွင့် အန်ဂျလီနာဂျိုလီက သူကိုယ်တိုင်ရိုက်ကူးထားတဲ့ ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ကလေးတွေကို စိတ်ပိုင်းဆိုင်ရာထိခိုက်မှုတွေ ဖြစ်စေခဲ့ကြောင်း နာမည်ကျော်မဂ္ဂဇင်းကြီးတစ်ခုက ရေးသားဖော်ပြခဲ့တဲ့အပေါ် စိတ်ပျက်မိကြောင်း တုံ့ပြန်ပြောကြားခဲ့ပါတယ်။ ဂျိုလီက ယင်းမဂ္ဂဇင်းက ရေးသားဖော်ပြခဲ့သလို လုပ်ဆောင်ခဲ့ခြင်းမရှိဘဲ အထင်လွဲမှုသာဖြစ်ကြောင်းနဲ့ စွပ်စွဲမှုတွေကို ငြင်းဆိုခဲ့ကြောင်းလည်း သိရပါတယ်။

ကမ္ဘောဒီးယားနိုင်ငံမှာ ခမာနီတွေအုပ်စိုးစဉ်က ရက်စက်တဲ့အကြောင်းအရာတွေကို ပြန်လည်အသက်သွင်းထားတဲ့ 'First They Killed My Father'ကို အန်ဂျလီနာဂျိုလီကိုယ်တိုင် ဒါရိုက်တာတစ်ဦးအဖြစ် ပါဝင်ရိုက်ကူးခဲ့တာဖြစ်ပြီး ယင်းရုပ်ရှင်မှာ သရုပ်ဆောင်ရွေးချယ်ခဲ့တဲ့ နည်းလမ်းအချို့ဟာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ကလေးသရုပ်ဆောင်တွေကို စိတ်ပိုင်းဆိုင်ရာထိခိုက်မှုဖြစ်စေခဲ့ကြောင်း “Vanity Fair” မဂ္ဂဇင်းက ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

လတ်တလောမှာ အသက်(၄၂)နှစ်အရွယ်ရှိပြီဖြစ်တဲ့ အန်ဂျလီနာဂျိုလီဟာ "First They Killed My Father: A Daughter of Cambodia Remembers"ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ဖို့အတွက် ရိုက်ကွင်းပေါ်မှာ အဓိကကလေးသရုပ်ဆောင်ကို ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ဒီလိုရွေးချယ်ရာမှာတော့ ကလေးငယ်တွေကို စားပွဲတစ်ခုပေါ်ပိုက်ဆံချပေးကာ ပိုက်ဆံကို လိုအပ်နေတဲ့အကြောင်းအရာတစ်ခုကို တွေးစေခဲ့ပါတယ်။ အဲဒီနောက်ပိုက်ဆံကို ယူစေခဲ့ပြီး ဒါရိုက်တာက ပိုက်ဆံခိုးယူခဲ့တဲ့ကလေးကို ဖမ်းဆီးဟန်ဆောင်ခဲ့ကာ ကလေးတွေကို အလိမ်အညာစကားတွေထွက်ဆိုစေခဲ့ကြောင်းနဲ့ ဒီလိုလုပ်ဆောင်ခဲ့တာကြောင့် ကလေးငယ်တွေကို စိတ်ပိုင်းဆိုင်ရာထိခိုက်မှုတွေဖြစ်စေခဲ့ကြောင်း အဆိုပါမဂ္ဂဇင်းကြီးက ဖော်ပြခဲ့ပါတယ်။ ဒါပေမယ့် အန်ဂျလီနာဂျိုလီကတော့ “Vanity Fair”ရဲ့ စွပ်စွဲမှုကိုငြင်းဆိုခဲ့ပြီး သူ့အနေနဲ့ ပြုလုပ်ခဲ့သမျှဟာ ရုပ်ရှင်အတွက်ကောင်းဖို့ဖြစ်ပြီး ဒေသခံတွေရဲ့ တစ်ချိန်က နာကျင်စရာအတိတ်ဇာတ်လမ်းတွေကို ပြန်လည်ပုံဖော်ရာမှာတော့ ပါဝင်ခဲ့တဲ့ မည်သူတစ်ဦးတစ်ယောက်ကိုမျှ သူ့အနေနဲ့ နာကျင်စေခဲ့ခြင်းမရှိဘူးလို့လည်း တုံ့ပြန်ဖြေရှင်းခဲ့ပါတယ်။

လက်ရှိမှာတော့ ဂျိုလီက အဆိုပါရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ဖို့အတွက် ကမ္ဘောဒီးယားလူမျိုး မိန်းကလေးငယ်လေးတစ်ဦးဖြစ်တဲ့ စရီးမို့ချ်ကိုရွေးချယ်ထားပြီး ပါဝင်သရုပ်ဆောင်ခွင့်ရဖို့အတွက် လာရောက်အရွေးခံကြတဲ့ ကလေးတွေအနက် သူ့ကိုရွေးချယ်ဖြစ်ပုံကိုလည်း ရှင်းလင်းပြောကြားခဲ့ပါတယ်။ သူ့ရဲ့အဆိုအရ စရီးမို့ချ်ဟာ ပိုက်ဆံကို အကြာကြီးငေးစိုက်ကြည့်နေခဲ့တဲ့ တစ်ဦးတည်းသောကလေးငယ်ဖြစ်ပြီး ပိုက်ဆံပြန်ပေးဖို့အတွက် တောင်းဆိုခံခဲ့ရာမှာလည်း သူ့ရဲ့ခံစားချက်တွေဟာ မျက်နှာမှာ ပေါ်လွင်နေခဲ့တာဖြစ်ပါတယ်”လို့ ပြောကြားခဲ့ပါတယ်။ ပိုက်ဆံလိုချင်ခဲ့ရတဲ့အကြောင်းနဲ့ပတ်သက်ပြီး စရီးမို့ချ်ကို မေးမြန်းခဲ့ရာမှာတော့ သူ့ရဲ့အဘိုးဖြစ်သူသေဆုံးခဲ့ပြီး အသုဘအခမ်းအနားပြုလုပ်ဖို့အတွက် ပိုက်ဆံ လုံလုံလောက်လောက်မရှိတာကြောင့် ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့တယ်လို့လည်း သိရပါတယ်။

“One Direction”တေးဂီတအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဟယ်ရီစတိုင်ရဲ့ အချစ်ရေးနဲ့ပတ်သက်ပြီး မီဒီယာစာမျက်နှာပေါ် ရောက်မလာခဲ့တာ အချိန်အတော်ကြာခဲ့ပြီဖြစ်ပါတယ်။ ဒါပေမယ့် လတ်တလောမှာတော့ ဟယ်ရီဟာ ဗစ်တိုးရီးယားစီးကရက်ထ် မော်ဒယ်လ်တစ်ဦးဖြစ်သူ ကမ်မေလာ ရိုဝီနဲ့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေထွက်လာခဲ့တာ ဖြစ်ပါတယ်။ သူတို့နှစ်ဦးကို နယူးယော့ခ်က လမ်းတွေပေါ်မှာ တွဲသွားနေတာကိုတွေ့ခဲ့ရပြီး တေးဂီတဖျော်ဖြေပွဲတစ်ပွဲကိုလည်း အတူကြည့်ခဲ့ကြတာကြောင့် ကောလာဟလတွေ ပေါ်ထွက်လာခဲ့ရတာဖြစ်တယ်လို့လည်း သိရပါတယ်။

“ဟယ်ရီနဲ့ ကမ်မေလာတို့ဟာ ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြကာ သူတို့နှစ်ဦးအကြားက ဆက်ဆံရေးဟာ ယခုမှစတင်ခါစအခြေအနေမှာပဲရှိပါသေးတယ်။ ဟယ်ရီအနေနဲ့က သူ့ရဲ့အချစ်ရေးနဲ့ပတ်သက်ပြီး ကာကွယ်ချင်တာတွေရှိတဲ့အတွက် သူတို့နှစ်ဦးရဲ့အကြောင်းကိုတော့ ပွင့်ပွင့်လင်းလင်းထုတ်ဖော်တာတွေ ပေါ်ပေါ်ထင်ထင်လက်တွဲတာတွေတော့ ပြုလုပ်မှာမဟုတ်ပါဘူး။ သူတို့နှစ်ဦးဟာ တကယ်ကိုလိုက်ဖက်တဲ့ စုံတွဲတစ်တွဲဖြစ်ပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ ဖြတ်သန်းနေတာလည်း ဖြစ်ပါတယ်”လို့ သတင်းရင်းမြစ်တစ်ဦးက သယ်စန်းသတင်းစာကို ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

ကမ်မေလာကတော့ စတင်ထွန်းတောက်လာတဲ့ မော်ဒယ်လ်တစ်ဦးဖြစ်ပြီး ဟယ်ရီကတော့ ကျော်ကြားတဲ့သူတစ်ဦး ဖြစ်ပါတယ်။ ပြီးခဲ့တဲ့လအတွင်းက ပြုလုပ်ခဲ့တဲ့ ရေဒီယိုအင်တာဗျူးတစ်ခုမှာတော့ ဟယ်ရီက ကမ်မေလာနဲ့သူဟာ ပတ်သက်မှုမရှိကြောင်းနဲ့ သိကျွမ်းခြင်းတောင်မရှိဘူးလို့ ငြင်းဆိုခဲ့ပါတယ်။ ဒါပေမယ့်လည်း လတ်တလောမှာတော့ သူတို့နှစ်ဦးကို နယူးယော့ခ်ရဲ့လမ်းတွေပေါ်မှာ အတူတွဲကာ တွေ့ခဲ့ရတာကြောင့် ယခုလို ကောလာဟလတွေ ပေါ်ထွက်လာခဲ့တာ ဖြစ်ပါတယ်။

ဟယ်ရီစတိုင်ဟာ ဂီတကြယ်ပွင့်တစ်ဦးဖြစ်ခဲ့ပြီးတဲ့နောက်မှာ လက်တွဲခဲ့တဲ့ အနုပညာကြယ်ပွင့်တွေထဲမှာ ကျော်ကြားတဲ့သူတွေကတော့ ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ဖ်နဲ့ ဗစ်တိုးရီးယားစီးကရက်ထ် မော်ဒယ်လ်တစ်ဦးဖြစ်သူ ကန်ဒဲလ်ဂျန်ဒါတို့ပဲ ဖြစ်ကြပါတယ်။

# ထိုင်း-မြန်မာ ကုန်သွယ်ရေးလမ်းပိုင်း ဖားဆောင်း-မယ်ဆည်နမ်-မယ်စဲ့-နန့်မန်း-ဘီပီ(၁၃)လမ်းတိုးချဲ့ရေးလုပ်ငန်းအားကြည့်ရှု

**မယ်စဲ့ ဩဂုတ် ၆**

ကယားပြည်နယ်အတွင်းရှိ နယ်စပ်ဒေသများတွင် နေထိုင်သော တိုင်းရင်းသားပြည်သူများလမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဖောက်လုပ်ခင်းကျင်းထားသော လမ်းတံတားများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်လမ်းတိုးချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်လင်းသည် ကယားပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူ ဆောက်လုပ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အင်ဂျင်နီယာများနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီခွဲက ကယားပြည်နယ် မယ်စဲ့မြို့နယ် ဖားဆောင်း-မယ်ဆည်နမ်-မယ်စဲ့-နန့်မန်း-ဘီပီ (၁၃) လမ်းကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မယ်စဲ့-နန့်မန်း-ဘီပီ (၁၃) လမ်းတစ်လျှောက်နှင့် ဘီပီ (၁၃) နယ်စပ်ဂိတ်တို့ကို ကြည့်ရှုစစ်ဆေးပြီးနယ်စပ်ကုန်သွယ်ရေးလမ်းမကြီးအဆင့်တွင် ပါဝင်သည့်အတွက် လမ်းအင်္ဂါရပ်နှင့်အညီ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

"မယ်စဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းရှိတဲ့အတွက် လမ်းကောင်းမွန်မှ ပို့ဆောင်ဆက်သွယ်ရေးအဆင်ပြေမယ်။ ဒီဘဏ္ဍာနှစ်မှာ လမ်းတွေတိုးချဲ့မယ်။ အဆင့်မြှင့်တင်မယ်ဆိုတာသိရလို့ ဝမ်းသာပါတယ်။ နယ်စပ်ကုန်သွယ်ရေးတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလမ်းကတော့ အမြန်ဆုံးကောင်းမွန်ဖို့ လိုပါတယ်။ ဒီလိုနိုင်ငံတော်ကနေလမ်းတွေ အဆင့်မြှင့်တင်မယ်။ ကတ္တရာလမ်းတွေတိုးချဲ့မယ်ဆိုရင်တော့ မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်သွင်းကုန်တွေကလည်း အဆင်ပြေပြီးနိုင်ငံတော်ဘဏ္ဍာ တိုးတက်ရရှိလာနိုင်ပါတယ်" ဟု မယ်စဲ့ဒေသခံတစ်ဦးက ပြောသည်။

ကယားပြည်နယ်အတွင်းရှိ ဖားဆောင်း-မယ်ဆည်နမ်-မယ်စဲ့-နန့်မန်း-ဘီပီ (၁၃) လမ်းပိုင်းကောင်းမွန်စေရေးအတွက်၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လမ်းအရှည်ပေ ၈၉၇၆၀၊ အကျယ် ၁၈ ပေနှင့် အဆိုပါလမ်းပေါ်တွင် Box Culvert ကိုးခုပါဝင်ပြီး လမ်းတိုးချဲ့အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မယ်စဲ့မြို့နယ်လမ်းဦးစီးမှူး၏ ပြောပြချက်အရသိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## သန့်ရှင်းသော သောက်သုံးရေးရရှိနိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေး ဂရုပြုဆောင်ရွက်ရန်မှာကြား

**ပဲခူး ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီက ပဲခူးမြို့ မဇင်းဆည်မှ ဥသာမြို့သစ် ပြည်တွင်း၊ ပြည်ပစက်မှုဇုန်နှင့် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရေဖြန့်ဝေပေးနိုင်ရေးစီမံကိန်းနှင့်ပတ်သက်၍ Authentic Co., Ltd နှင့် Win & Win Co., Ltd တို့မှ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါစိစစ်ရေးကော်မတီသို့ လာရောက်ရှင်းလင်းတင်ပြခြင်း အခမ်းအနားကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်းက မိမိတို့အစိုးရသည် ဒီမိုကရေစီစနစ်ကိုအခြေခံ၍ တင်ဒါကိစ္စရပ်များကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တင်ဒါစိစစ်ရေးနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းများ၊ နည်းပညာများ၊ သုံးစွဲမည့်စက်ပစ္စည်း အရည်အသွေးပေါ်မူတည်ပြီး နိုင်ငံတကာ အင်ဂျင်နီယာလုပ်ငန်းများတွင် အတွေ့အကြုံရှိသည့် BRCCA မှ ပညာရှင်များက စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ မြို့ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ သန့်ရှင်းသော သောက်သုံးရေးရရှိနိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေး အထူးဂရုပြုဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက မဇင်းဆည်မှ ရေပေးဝေရေး လုပ်ငန်းဆောင်ရွက်ခြင်းသည် မြို့ရေပေးဝေရေးအတွက် အဓိကအစိတ်အပိုင်းဖြစ်သလို တိုင်းပြည်အတွက်လည်း ဝင်ငွေ ရရှိမည်ဖြစ်ကြောင်း၊ မဇင်းဆည်မှ ရေပေးဝေရေးလုပ်ငန်းအတွက် တင်ဒါခေါ်ခဲ့ရာ ကုမ္ပဏီ ၂၂ ခုမှ လျှောက်လွှာဝယ်ယူခဲ့သော်လည်း ယခုတက်ရောက်လာသည့် ကုမ္ပဏီနှစ်ခုမှသာ လာရောက်တင်ပြလျှောက်ထားခဲ့ကြောင်း၊ တင်ဒါသဘောတရားအရ ပဏာမစိစစ်ရွေးချယ်ခဲ့ပြီးဖြစ်သော်လည်း နိုင်ငံတကာအဆင့်မြင့်နည်းပညာများ အသုံးပြုထားသဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းပေးထားသည့် ပဲခူးတိုင်းဒေသကြီးတည်ဆောက်မှုကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ Bago Regional Construction Control Authority (BRCCA) အဖွဲ့၏ စိစစ်အကြံပြုချက်၊ သုံးသပ်ချက်များဖြင့် ရွေးချယ်သွားမည်ဖြစ်ကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ယင်းနောက် Authentic Co., Ltd ဥက္ကဋ္ဌ ဒေါက်တာ ဦးထွန်းသန်းထွန်းက လက်ရှိကုမ္ပဏီအနေဖြင့် ပြည်နယ်၊ တိုင်းဒေသကြီးများတွင် နိုင်ငံတကာအဆင့်မီ စက်ပစ္စည်းများ၊ နည်းပညာများ၊ ဒီဇိုင်းများ အသုံးပြုပြီး မြို့ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ပဲခူးမြို့ မဇင်းဆည်မှ ဥသာမြို့သစ်၊ ပြည်တွင်း/ပြည်ပစက်မှုဇုန်နှင့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်တို့အတွက် သောက်သုံးရေဖြန့်ဝေပေးရန် လုပ်ငန်းဆောင်ရွက်သွားမည့် အခြေအနေများကို Power Point ဖြင့်လည်းကောင်း၊ Win & Win Co., Ltd မှ ဒါရိုက်တာ ဦးအောင်ကျော်ထွန်းက မဇင်းဆည်မှ ဥသာမြို့သစ်၊ ပြည်တွင်း/ပြည်ပစက်မှုဇုန်နှင့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင် အစ္စရေးနည်းပညာဖြင့် မြို့ရေပေးဝေလုပ်ငန်းများ ဆောင်ရွက်သွားမည့်ပုံစံကို Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ကြသည်။

ဆက်လက်၍ မဇင်းဆည်မှ မြို့ရေပေးဝေရေး လုပ်ငန်းဆောင်ရွက်ရန် ကုမ္ပဏီများ၏ တင်ပြချက်နှင့်ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီး တည်ဆောက်မှုကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ Bago Regional Construction Control Authority (BRCCA) မှ အင်ဂျင်နီယာအဖွဲ့မှ သုံးသပ် အကြံပြုခြင်း၊ တက်ရောက်လာကြသူများမှ ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ BRCCA မှ အင်ဂျင်နီယာပညာရှင်များ၊ Authentic Co., Ltd နှင့် Win&Win Co., Ltd တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

## ဝဲပတန်ရေနုတ်မြောင်းရေစီးရေလာကောင်းမွန်ရေးနှင့် လယ်မြေများ မိုးစပါးစိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု



**ပြည် ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်အတွင်းရှိ ရေနုတ်မြောင်းများအနက် တစ်ခုအပါအဝင်ဖြစ်သည့် ဝဲပတန်ရေနုတ်မြောင်း၏ ရေစီးရေလာအခြေအနေနှင့် ဝဲ-ယာရှိလယ်မြေများအတွင်း မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေများအား ဩဂုတ် ၃ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးဝင်းဗိုလ်သည် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုး၊ ဦးစီးအရာရှိ ဦးနေမျိုးထွန်းတို့နှင့်အတူ ကွင်းဆင်းကြည့်ရှုခဲ့သည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် အုန်းနဲ့ကျေးရွာအနီး စိမ်းလန်းမြောင်းရေစီးဆင်းမှုအား ဦးစွာကြည့်ရှုပြီး စက်လှေများဖြင့် ဝဲပတန်ရေနုတ်မြောင်းအတိုင်း အုန်းနဲ့မှ ဝဲပတန်၊ ကန်သာ၊ တံတားဦးကျေးရွာများမှတစ်ဆင့် စစ်တောင်းမြစ်ကမ်းထိ ကွင်းဆင်းကြည့်ရှုခဲ့ပြီး ကန်သာကျေးရွာတွင် တံတားဦး၊ ကန်သာကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ဒေသခံများနှင့်တွေ့ဆုံ၍ ဌာနအနေဖြင့် ပွင့်လင်းရာသီတွင် ကဝမြို့နယ်အတွင်းဆက်လက်ဆောင်ရွက်မည့် ရေကြီးနစ်မြုပ်မှုလျော့ပါးရေး၊ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ဝဲပတန်ရေနုတ်မြောင်းသည် ကဝမြို့နယ် အုန်းနဲ့ကျေးရွာ ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်ကားလမ်းမှ စစ်တောင်းမြစ်ကမ်းသို့ အလျား(၁၆)မိုင် ခန့်ရှိကြောင်း သိရသည်။ **သူရအောင် (ပြည်)**

## ကွန်ပျူတာတက္ကသိုလ်(သထုံ)တွင် အသိပညာနှီးနှောဖလှယ်ပွဲ ကျင်းပ

**သထုံ ဩဂုတ် ၆**

မွန်ပြည်နယ် သထုံမြို့ရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ)တွင် အသိပညာနှီးနှောဖလှယ်ပွဲ (BarCamp - သထုံ) ကို မွန်ပြည်နယ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဩဂုတ် ၅ ရက်မှ စတင်ကာ ကျင်းပခဲ့သည်။



နယ်ပယ်အသီးသီးမှ အတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များက ၎င်းတို့၏ အသိပညာများကို ဖလှယ်ပေးခြင်းအားဖြင့် လူငယ်များအနေဖြင့် လျှောက်လှမ်းရမည့် လမ်းကြောင်းမှန်ကို ရွေးချယ်နိုင်ပြီး ရှေ့ဆက်ဘဝရပ်တည်ချက်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် ကျင်းပရခြင်းဖြစ်ကြောင်း BarCamp-သထုံ ဖြစ်မြောက်ရေးအဖွဲ့မှ ဦးဆောင်သူ သထုံကွန်ပျူတာတက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသား ကိုစည်သူအောင်က ပြောသည်။

"အခုလုပ်တဲ့ပွဲကဟင်းပွဲတွေ အများကြီးကို တစ်ခါတည်းစားရသလိုပါပဲ။ ဒီပွဲမှာ နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးနဲ့ နည်းပညာစတဲ့ ကဏ္ဍအစုံပါဝင်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ ကိုယ်ကြိုက်တဲ့အခန်းကို ဝင်ရောက်နားထောင်ပြီး ဆွေးနွေးနိုင်မှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

BarCamp သထုံသို့ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ တက္ကသိုလ်များ၊ နည်းပညာ တက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ အစိုးရစက်မှုလက်မှု အထက်တန်းကျောင်းများအား ဖိတ်ကြားထားပြီး ဆွေးနွေးမည့်အခန်း ၁၀ ခန်း၌ တက်ရောက်လာသူများ၏ ကျွမ်းကျင်ရာ အသိပညာနှင့် အတတ်ပညာပိုင်းဆိုင်ရာများကို တစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်း ဆွေးနွေး ဟောပြောနိုင်ရန် စီစဉ်ထားကြောင်းသိရသည်။

အခမ်းအနားတွင် BarCamp - သထုံအား တာဝန်ရှိသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြပြီး မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နန်းစံဝင့်ခိုင်နှင့် ကွန်ပျူတာတက္ကသိုလ်(သထုံ) ကျောင်းအုပ်ကြီး ဒေါက်တာဝင်းဌေးတို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ကြသည်။

ယခုနှစ်အတွင်း ရန်ကုန်၊ မန္တလေး၊ ပြည်၊ မကွေး၊ လားရှိုး၊ ဟင်္သာတ၊ မုံရွာ၊ ပခုက္ကူ စသည့်မြို့တို့တွင် အသိပညာနှီးနှောဖလှယ်ပွဲ (BarCamp) များ ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ် (နည်းပြ) သင်တန်းဆင်း

**သန်လျင် ဩဂုတ် ၆**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သန်လျင်အဆင့်မြင့် (မွမ်းမံ) လေ့ကျင့်ရေးသင်တန်းကျောင်းတွင် ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီက ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ် (နည်းပြ) သင်တန်းဆင်းပွဲကို ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ဒုတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေမှ သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။ သင်တန်းဆင်းပွဲသို့ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး (ယာယီ) ဒုရဲမှူးကြီးထွန်းဖေ၊ အမှတ် (၁) သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သန်လျင်မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ဖိရပ်ဖများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားအရာရှိများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **၆၈၉**



# လူမှုရေးလုပ်အားဖြင့် ဆေးကြောနိုင်တော့မည့်အပြစ်ကြွေး

ခင်မောင်ဌေး (ပညာရေး)

မူးယစ်ဆေးဝါးအစသည် ဘိန်းဖြစ်သည်။ ဘိန်းကို BC ၄၀၀ ခန့်မှစတင်စိုက်ပျိုးခဲ့ပြီး အာရှသို့ ၁၆ ရာစုတွင် ပျံ့နှံ့ရောက်ရှိခဲ့သည်။ မူလအစက ဘိန်းကို ဆေးဝါးကုန်ကြမ်းအဖြစ် အသုံးပြုခဲ့သော်လည်း နောက်ပိုင်းတွင် ရှူရှိုက်စရာအဖြစ်သုံးခဲ့သည်။ တရုတ်နိုင်ငံသို့ ရောက်ရှိသွားပြီးနောက် ဘိန်းစိုက်ပျိုးမှုမှ မူးယစ်ဆေးဝါးသုံးစွဲမှုအထိ ပျံ့နှံ့သွားခဲ့သည်။ ၁၉ ရာစုအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ရောင်းဝယ်မှု ပို၍ကြီးမားလာခဲ့သည်။ မြန်မာနိုင်ငံသို့ အင်္ဂလိပ်တို့သိမ်းပိုက်ခဲ့သည့် ၁၈၈၅ ခုနှစ်နောက်ပိုင်း ပျံ့နှံ့သွားခဲ့သည်။

**ဆေးလိပ်ကစ**

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ဆေးလိပ်က စပါသည်။ လူငယ်များသည် ဆေးလိပ်များကို တစ်ဖွာနှစ်ဖွာ ရှူရှိုက်ကြရာမှစ၍ ဆေးလိပ်စွဲသူများ ဖြစ်သွားကြပါသည်။ ဤသို့ဖြင့် ဆေးလိပ်များထဲတွင် မူးယစ်ဆေးဝါး၊ ဘိန်း၊ ဘိန်းဖြူ တို့ကိုထည့်၍ ရှူရှိုက်ရာမှ မူးယစ်ဆေးဝါးဆေးစွဲသူများ ဖြစ်သွားတတ်ပါသည်။ ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးအမျိုးအစားပေါင်း ၁၀၀ ကျော်ပျံ့နှံ့လျက်ရှိပါသည်။ ဘိန်း၊ ဘင်း၊ ကဇော်၊ လှော်စာ၊ ဘိန်းဖြူ၊ ဘိန်းမဲ၊ ဆေးခြောက်၊ ကိုကင်း၊ မော်ဖင်း၊ ပက်သဒင်း၊ မာဖီးယား၊ အယ်လ်အက်ဒီ၊ အရက်သေစာ စသည်တို့သည် သုံးစွဲသူတို့အား မူးယစ်ထုံထိုင်းဘေး ဖြစ်စေနိုင်ပါသည်။

မကြာသေးမီကပင် လူ့အခွင့်အရေးကော်မရှင်က အကျဉ်းထောင် ခုနစ်ခုကိုဝင်ရောက်စစ်ဆေးရာ အကျဉ်းကျနေသော အကျဉ်းသားများ၏ ၇၀ ရာခိုင်နှုန်းကျော်သည် မူးယစ်ဆေးဝါးဥပဒေဖြင့် ပြစ်ဒဏ်ကျခံနေရသူများဖြစ်သဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အမျိုးသားရေးအသွင် ဆောင်ရွက်သင့်ကြောင်း ဇူလိုင် ၂၁ ရက်က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ နှစ်ပတ်လည်အစီရင်ခံစာတင်သွင်းရာတွင် တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

**မူးယစ်အကျဉ်းသား**

အမျိုးသားလူ့အခွင့်အရေး ကော်မရှင်က စစ်ဆေးခဲ့သည့် နိုင်ငံတစ်ဝန်းမှ အကျဉ်းထောင်ရှစ်ခုတွင် အကျဉ်းသားပေါင်း ၈၄၆၆ ဦးရှိသည့်အနက် ၆၂၆၂ ဦးသည် မူးယစ်ဥပဒေကြောင့် အကျဉ်းကျခံနေရသူများဖြစ်ကြောင်း၊ ယင်းပမာဏသည် ရာခိုင်နှုန်းအားဖြင့် ၇၃ ဒသမ ၉၇ ရာခိုင်နှုန်းရှိပြီး အကျဉ်းသား ၁၀ ဦးလျှင် ခုနစ်ဦးက မူးယစ်ဆေးဝါးအမှုကြောင့် အကျဉ်းကျနေခြင်းဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးဖြင့် အကျဉ်းကျနေသူများတွင် မြစ်ကြီးနားအကျဉ်းထောင်တွင် အများဆုံးဖြစ်၍ မြင်းခြံအကျဉ်းထောင်က ဒုတိယနှင့် ရွှေဘိုအကျဉ်းထောင်က တတိယအများဆုံးဖြစ်ကြောင်း ကော်မရှင်၏ အချက်အလက်များအရ သိရလေသည်။

**ပြစ်ဒဏ်ချမှတ်**

အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တိုက်တွန်းချက်အပြီး မကြာခင်မှာပင် ပြည်ထဲရေးဝန်ကြီးဌာနမှ မူးယစ်ဆေးဝါးသုံးစွဲသူများကို ထောင်ဒဏ် ၃ နှစ်မှ ၅ နှစ်ကြား ပြစ်ဒဏ်မချမှတ်ဘဲ လူမှုရေးပြစ်ဒဏ်အဖြစ် ချမှတ်မည့်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကြမ်းကို ယခုနှစ်အတွင်း အတည်ပြု ပြဋ္ဌာန်းနိုင်မည်ဖြစ်ကြောင်း သိရလေသည်။ ယင်းမူးယစ်ဥပဒေကြမ်းကို ပညာရှင်များနှင့် ရေးဆွဲထားပြီး သုံးစွဲသူသည် အသက် ၁၆ နှစ်ပြည့်ပြီးဖြစ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စည်ပင်လုပ်ငန်းနှင့် အခြားလူမှုရေးလုပ်ငန်းများ၌ တစ်ရက်လျှင် ၂ နာရီနှုန်းဖြင့် အနိမ့်ဆုံး ရက်ပေါင်း ၉၀ မှ အမြင့်ဆုံး ၁၂၀ အထိ နေ့စဉ်အလုပ်လုပ်ရန် ချမှတ်မည်ဖြစ်ကြောင်းနှင့် အသက် ၁၆ နှစ်အောက်ဖြစ်ပါက လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ လူငယ်ပြုပြင်ထိန်းသိမ်းရေးစခန်းသို့ ပို့ဆောင်သည့်ပြစ်ဒဏ်ချမှတ်မည်ဖြစ်ကြောင်းလည်း သိရ၏။

> “မူးယစ်ဆေးဝါးသုံးစွဲသူများကို ထောင်ဒဏ် ၃ နှစ်မှ ၅ နှစ်ကြား ပြစ်ဒဏ်မချမှတ်ဘဲ လူမှုရေးပြစ်ဒဏ်အဖြစ် ချမှတ်မည့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကြမ်းကို ယခုနှစ်အတွင်းအတည်ပြုပြဋ္ဌာန်းနိုင် . . .”

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကွန်ဗင်းရှင်းတွင် လက်မှတ်ရေးထိုးထားသည့်နိုင်ငံဖြစ်သည်။ သို့ဖြစ်၍ အဆိုပါ ကျင့်ထုံးဥပဒေနှင့် လျော်ညီရန် ပြုပြင်ပြောင်းလဲခြင်းဖြစ်ကြောင်း၊ လက်ရှိရေးဆွဲထားသည့် မူးယစ်ဆေးဝါးဥပဒေကြမ်းကို ပြည်ထဲရေး၊ ကျန်းမာရေးနှင့် လူကယ်ပြန်ဝန်ကြီးဌာနသုံးခုမှပူးပေါင်းလုပ်ဆောင်နေကြောင်းလည်းသိရ၏။ ယင်းဥပဒေကြမ်း အတည်ပြုပြီးပါက ဆေးစွဲလူနာများ ဆေးဝါးကုသခွင့်အတွက်ထိထိရောက်ရောက် ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးကိစ္စရပ်များကို အမျိုးသားရေးအန္တရာယ်အနေနှင့် တိုက်ဖျက်နေသော်လည်းမူးယစ်ဆေးဝါးသုံးစွဲရာတွင် အရွယ်ရောက်ပြီးလူငယ်များ အဓိကပါဝင်လျက်ရှိပြီး ၂၀၁၆ ခုနှစ်ကမ္ဘာ့မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ (UNODC) အစီရင်ခံစာအရ မူးယစ်ဆေးဝါးသုံးစွဲသူ သုံးသိန်းခန့်ရှိရာ မူးယစ်ဆေးဝါးမှတ်ပုံတင်စာရင်းမှာ ၉၂၅၈ ဦးသာ ဆေးကုသမှုခံရကြောင်း၊ သုံးရာခိုင်နှုန်းသာ ကုသပေးနိုင်ခဲ့ကြောင်း ယင်းအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

**မူးယစ်ဆေးစွဲကုသဌာန**

မူးယစ်ဆေးဝါးကုသရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖွင့်လှစ်ထားသည့် မူးယစ်ဆေးစွဲကုသဌာနကြီး ၂၁ ခုနှင့် ဌာနငယ် ၂၆ ခု ပြန်လည်ထူထောင်ရေးစခန်း ၆ ခု၊ လူငယ်ပြုစု ပျိုးထောင်ရေးစခန်း တစ်ခုရှိပြီးလူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ဝန်ကြီးဌာနက ဖွင့်လှစ်ထားသော ပြန်လည်ထူထောင်ရေးစခန်း ၉ ခုနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ဖွင့်လှစ်ထားသော လူငယ်ပြုစုပျိုးထောင်ရေးစခန်း သုံးခုရှိကြောင်းသိရလေသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးအကြောထဲသို့ ထိုးသွင်း၍ မဖြစ်မနေကုသပေးရမည့် လူနာရှစ်သောင်းရှိကြောင်း ဥပဒေအသက်ဝင်လာသည်နှင့် ရဲလုပ်ထုံးလုပ်နည်းပြောင်းလဲသွားကာ ဆေးစွဲလူနာများအား ကုသရေးဌာနများသို့ပို့ဆောင်ရတော့မည်ဖြစ်သည်။ ယခင်ကကဲ့သို့ ဖမ်းဆီးမှုများ ရှိတော့မည်မဟုတ်။ သို့ဖြစ်၍လည်း ဆေးစွဲလူနာများအတွက်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးစခန်းတိုးချဲ့ရန် ပြည်ထဲရေးဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာနသုံးခု ပူးပေါင်းစီစဉ်လျက်ရှိလေသည်။

**လူညွန့်တုံး၍ ဘဝရှုံး**

စင်စစ် မူးယစ်ဆေးဝါးသည် စမ်းသပ်သုံးစွဲရာမှ စွဲလန်းသွားကာ မသုံးရမနေနိုင်သည့် ဘဝသို့ကျရောက်ရသည်။ ဆေးစွဲသွားပြီးနောက် လူကောင်းတစ်ယောက်အဖြစ် ပြန်လည်ရှင်သန်နိုင်ရန် ပြန်လည်သုံးစွဲနေရသည့်သဘောပင်။ သို့သော်လူညွန့်တုံး၍ ဘဝရှုံးကြရသည်သာများ၏။ ယင်းတို့အားပြစ်ဒဏ်ချမှတ်ခြင်းဖြင့်လည်း လျော့နည်းပပျောက်သွားသည်ဟူ၍မရှိ။ သို့ဖြစ်၍ ပြစ်ဒဏ်အဖြစ် ထောင်ဒဏ်ကျခံခြင်းအစား လူမှုရေးပြစ်ဒဏ်အဖြစ် ပြောင်းလဲဆောင်ရွက်ရမည့် အစီအစဉ်အား များစွာကြိုဆိုရမည်ဖြစ်သည်။ သို့ဖြစ်၍ တိုးပွားလာနိုင်မည့် ဆေးစွဲလူနာများအတွက် ဝန်ကြီးဌာနသုံးခုပူးပေါင်း၍ တိုးချဲ့ဆောင်ရွက်မှုအစီအစဉ်များမှာလည်း အားရစရာ ကောင်းလှပါသည်။

ထိုကဲ့သို့ ဆေးကုသရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နေသကဲ့သို့ တစ်ဘက်ကလည်း ဘိန်းအစားထိုးသီးနှံများတိုးချဲ့ စိုက်ပျိုးရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ ဘိန်းထုတ်လုပ်သည့်ပင်မစက်ရုံများ ဖျက်သိမ်းနိုင်ရေး၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူ အရင်းအမြစ်များအထိ ပိတ်ဆို့ရှင်းလင်းနိုင်ရေးကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် စဉ်ဆက်မပြတ်သတိထားရမည်ဖြစ်သည်။

သို့မှသာ မူးယစ်ကင်းစင်သည့် ကမ္ဘာ့မြေပြင်တွင် လူသားတို့ရှင်သန်ခွင့်ရရှိကြတော့မည်ဖြစ်၏။ လက်ရှိဆေးစွဲနေသူများ ပြစ်ဒဏ်ကျခံနေရသူများလည်း မိမိတို့၏ အပြစ်အကြွေးကို လူမှုရေးအကျိုးပြုလုပ်ငန်းများဖြင့် ပြန်လည်ဆေးကြောနိုင်တော့မည်ဖြစ်၍ မူးယစ်ဆေးဝါးဥပဒေကြမ်းအား အမြန်ဆုံးဆွေးနွေးအတည်ပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။

---

## မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်



**သဃ်န်းကျွန်း ဩဂုတ် ၆**

ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးကြည်ဝင်း ဦးဆောင်ကာ အရှေ့ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးဦးစိန်မြင့်နှင့် အရှေ့ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးကိုကိုကြီးတို့ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီက သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏအားကစားကွင်း အထူးတန်းပွဲကြည့်စင်၌ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများကို အရှေ့ပိုင်းခရိုင်အတွင်းရှိ မီးငြိမ်းသတ်ရေး တပ်စုတစ်စုနှင့် ရှာဖွေကယ်ဆယ်ရေး မီးသတ် တပ်ခွဲတစ်ခွဲတို့က သရုပ်ပြဇာတ်တိုက် လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဇာတ်တိုက်လေ့ကျင့်ရာတွင် အထပ်မြင့် မီးငြိမ်းသတ်ရေးအဆင့်မြင့်ကိရိယာများ အသုံးပြု၍ ငြိမ်းသတ်ခြင်း၊ ပိတ်မိလူနာများအားလှေကားတင်ယာဉ် အသုံးပြုကယ်ဆယ်ခြင်း၊ ကြိုးဆင်းနည်းစနစ် အသုံးပြုကယ်ဆယ်ခြင်း၊ လေမွှေ့ရာအသုံးပြု၍ အထပ်မြင့်မှ ကယ်ဆယ်ခြင်း၊ Hydraulic Spreader၊ Cutter၊ Ram၊ Engine Cutter၊ Lifting Bags များအသုံးပြု၍ကယ်ဆယ်ခြင်း၊ Slope ဆင်းခြင်း၊ Slowdown ဆင်းခြင်းများဖြင့် ကယ်ဆယ်ခြင်း သရုပ်ပြမှုတို့အား ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး၊ အရှေ့ပိုင်းခရိုင်မီးသတ်ဦးစီးမှူးနှင့် ခရိုင်အဆင့် သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ပါဝင်တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ **မောင်မောင်**

---

## မိုးရေနှင့်အတူ စီးမျောလာသော စွန့်ပစ်အမှိုက်များကြောင့် ရေနုတ်မြောင်းပိတ်ဆို့မှု ဆယ်ယူရှင်းလင်း

**ရန်ကုန် ဩဂုတ် ၆**

မိုးရာသီတွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူအချို့ကြောင့် မကြာခဏ ရေနုတ်မြောင်းများ ပိတ်ဆို့မှုဖြစ်ပေါ်လျက်ရှိရာ ဩဂုတ် ၅ ရက်က လှိုင်မြို့နယ် အမှတ် (၇) ရပ်ကွက်ရှိ ဓမ္မသုခကျောင်းလမ်းတစ်လျှောက် ရေနုတ်မြောင်းအတွင်း စွန့်ပစ်အမှိုက်များ ပိတ်ဆို့မှုဖြစ်ပေါ်နေ၍ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်း ကြီးကြပ်မှုဖြင့် သန့်ရှင်းရေးဌာနမှ မြောင်းရှင်းလုပ်သားများ၊ လမ်းတံတားဌာနမှ လုပ်သားများက ပိတ်ဆို့အမှိုက်များအား ဆယ်ယူရှင်းလင်းကြပြီး စက်ယန္တရားဖြင့် နုန်းသဲများအားဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။

“စွန့်ပစ်အမှိုက်တွေကို အမှိုက်ပုံး၊ အမှိုက်ကန်မှာ မစွန့်ပစ်ဘဲ ကြုံသလိုစွန့်ပစ်နေကြတော့ အမှိုက်တွေက မိုးရေနဲ့အတူ စီးမျောလာပြီး မြောင်းအကွေ့တွေမှာ ပိတ်ဆို့ကုန်တယ်။ တစ်ခါတလေကျတော့ မြောင်းထဲမှာ သွယ်တန်းထားတဲ့ ရေပိုက်တွေနဲ့ငြိတွယ်ပြီး ပိတ်ဆို့ကုန်တာပေါ့” ဟု မြောင်းရှင်းလုပ်သားတစ်ဦးက ပြောသည်။

ယင်းကဲ့သို့ ပိတ်ဆို့အမှိုက်များ ဆယ်ယူရာတွင် တစ်ခါသုံး စားသောက်ကုန်ထုပ်ပိုးခွံများဖြစ်သော ဖော့ဘူးများ၊ အချိုရည်ဘူး၊ ရေသန့်ဘူး၊ ဘီယာဘူးခွံနှင့် ပလတ်စတစ်အိတ်များ အများဆုံးပါဝင်ပြီး တခြားအမှိုက်သရိုက်မျိုးစုံလည်း ပါဝင်သည်ဟု ဆိုသည်။ အဆိုပါလုပ်ငန်းခွင်တွင် ဆယ်ယူပြီး အမှိုက်သရိုက်များအား သန့်ရှင်းရေးဌာနမှ အမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းရှင်းလင်းပေးပြီး စက်ယန္တရားဖြင့် နုန်းသဲများဆယ်ယူရှင်းလင်းရာ ရန်ကုန်မြောက်ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းထွန်းက လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မောင်သုည**

**စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်**
**ဗိုလ်လောင်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း**

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **ဇီဝဗေဒ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) **နေပြည်တော်** အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ရွှာတော်။
(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။
(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။
(င) **နမ့်စန်မြို့** နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ။
(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။
(ဆ) **မော်လမြိုင်မြို့** အထက၊ ရွှေနတ်တောင်။
(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။
(ဈ) **ရန်ကုန်မြို့** အထက(၂)၊ မင်္ဂလာဒုံ။
(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။
(ဋ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။
(ဌ) **မုံရွာမြို့** အထက(၂)၊ အလုံ။
(ဍ) **မန္တလေးမြို့** အထက(၁၈)၊ နန်းမြို့။
(ဎ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၈ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
(ဃ) အရပ်(၅)ပေ(၂)လက်မ၊ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်ပါရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၇-၈-၂၀၁၇ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၈-၈-၂၀၁၇ ရက်နေ့မှ ၁၅-၉-၂၀၁၇ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက် သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ်အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၂၀၀၀၀ိ /-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ ၁၂၅၀၀၀ိ/-ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) (အခြေခံလစာ- ၁၇၀၀၀၀ိ + အရည်အချင်းလစာ ၄၀၀၀ိ + M.H.R.A ၁၀၀၀၀ိ=၁၈၄၀၀၀ိ) အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော်(ကြည်း၊ရေ၊လေ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့် /အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ခ) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် ၁၀၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

C B BANK

CB BANK ၏ Easi Mobile Agent များမှတစ်ဆင့်
မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ CB BANK ဘဏ်ခွဲများ၊
မြို့ပြနှင့် ကျေးလက်ဒေသများရှိ

EASi Mobile AGENTS

အမှတ်တံဆိပ်ရှိဆိုင်များတွင်

► ငွေလွှဲခြင်း ► ငွေလွှဲထုတ်ယူခြင်း ( ပြည်တွင်း၊ ပြည်ပ )

အစရှိသည့် ဝန်ဆောင်မှုများကိုရယူလိုက်ပါ...












## (ICD-1)
## Invitation to tender
## (1/2017)

Tenders for the supply of KONECRANES Empty Container Handler with 9 ton lifting and 7 High stacking capacity, in local kyat are invited by MPA-Allied Yangon Inland Container Depot Ltd.(ICD-1).Tender documents shall be available during office hour from 8:00AM to 5:00PM commencing from 1st August to 10th August 2017, at MPA-Allied Office, Botataung Zay Street, Seik-kan Township, Yangon, Myanmar. Detailed information's are available contacting with MPA-Allied office.

**MPA-Allied Yangon Inland Container Depot Ltd.**
**(ICD-1)**
**Tel:01-291939, 290204,290178**

## i GREEN မှဆောက်လုပ်ပြီးအသင့်နေထိုင်နိုင်သော အဆင့်မြင့်ကွန်ဒို 6 ခန်းရောင်းရန်ရှိသည်

| Sr | မြို့နယ် | လမ်း | Floor | Sqft | Type | Price | Lift | Car Parking |
|---|---|---|---|---|---|---|---|---|
| 1 | လှိုင် | မဟာဆွေလမ်း | 1st | 1,088 | 1MBR,1BR | 1456 | ✓ | ✓ |
| 2 | လှိုင် | ပါရမီလမ်း | 2nd | 1012 | 2BR | 900 | ✓ | ✓ |
| 3 | လှိုင် | မြကန်သာ(၄)လမ်း | 3rd | 560 | 2BR | 781 | ✓ | ✓ |
| 4 | လှိုင် | သုခလမ်း | G (A) | 1601 | Hall | 900 | ✓ | |
| 5 | ကမာရွတ် | ရတနာလမ်း | 2nd | 25'x 50' | Hall | 1000 | ✓ | |
| 6 | တာမွေ | 151လမ်း | 3rd | 1481 | 2BR | 850 | ✓ | |

ဦးရာလှစနစ်ဖြင့်ရောင်းမည် ဆက်သွယ်ရန်- 09-49270101, 09-73199101

# ကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မမကြီး

## အသက် (၉၄) နှစ်

လှိုင်လင်မြို့နေ (ဦးကြွယ်၊ ဒေါ်ထွန်းမေ)တို့၏ သမီးကြီး၊ (ပင်လုံ ဦးခွန်ထီး)၏ဇနီး၊ (ဦးဘိုနီ)၊ (ဦးဘိုလေး)၊ စဝ်မြအေး-ဒေါ်ဝင်းဝင်းခိုင်၊ (ဦးခွန်လှ)၊ (ဒေါ်ခင်သိန်းဝင်း)၊ ဦးဂျော့ချ်-ဒေါ်နီနီတို့၏ အစ်မကြီး၊ တောင်ကြီးမြို့နေ ဦးစိုင်းခမ်းပန်-ဒေါ်မူမူဦး၊ (ဦးစိုင်းခမ်းလိုင်)၊ စဝ်ဝေဠု သိင်္ဂီတို့၏ကျေးဇူးရှင်မိခင်ကြီး၊ စိုင်းစိုင်းခမ်းလိုင်၊ ယိင်းယိင်းဝိုခမ်း၊ ခွန်ဆိုင်၊ ယိင်းဝိုခေါင်၊ ယိင်းဝိုဟွမ်၊ စိုင်းမိုင်းစင့်၊ ယိင်းဝိုထွေးတို့၏ ချစ်လှစွာသောအဘွားသည် ၅-၈-၂၀၁၇(စနေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ရန်ကုန်မြို့၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် နေအိမ်၌ တရားနာယူမည်ဖြစ်ပြီး ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စန်းတင့်(ဒိုက်ဦးမြို့) (၇၅)နှစ်

(ဦးတင်-ဒေါ်ခင်မေ)တို့၏ ဒုတိယ သမီး၊ (ဒေါ်ခင်လှမြင့်)၏ညီမ၊ ဦးခင်မောင်ဝင်း-ဒေါ်စန်းစန်းမြင့်၊ ဦးစိုးဝင်း (ဒုတိယဗိုလ်မှူးကြီး-ငြိမ်း)-ဒေါ်နွဲ့နွဲ့ရီ၊ ဦးအောင်ကြည်-ဒေါ်ရီရီတင်(ရွှေလက်ဆောင်မုန့်ဆိုင်၊ တောင်ငူမြို့)၊ ဦးလှဌေး (ဒုတိယညွှန်ကြားရေးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရန်ကုန်)-ဒေါ်ဥမ္မာတို့၏အစ်မ၊ ဦးကျော်ကျော်ခက်-ဒေါ်လွင်နှင်းခိုင်(ခ)ဝါဝါ(ထွန်းတောက်လင်း တံဆိပ်ရိုက်ဆိုင်၊ တောင်ငူမြို့)၊ ဗိုလ်ကြီးရဲမြတ်ဝင်း(ခုတင်-၇၀၀၊ စစ် ဆေးရုံ၊ ပြင်ဦးလွင်မြို့)-ဒေါ်တင်မေလွင်(ခ)ထက်ထက်၊ ဦးတင့်လွင်ဦး(ခ)ဦးထွန်းထွန်း (လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့ပြလမ်းဦးစီးဌာန၊ ဆောက် လုပ်ရေး၊ နေပြည်တော်)-ဒေါ်ပွံ့ပွံ့စိုးတို့၏ချစ်လှစွာသောမိခင်၊ မြေးသုံး ယောက်တို့၏အဘွား၊ တောင်ငူမြို့၊ (၁၁)ရပ်ကွက်၊ ဗိုလ်မှူးဖိုးကွန်းလမ်းနေ ဦးအုန်းလွင်(မီးရထား-ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်စန်းတင့်သည် ၆-၈-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၇ ရက် မွန်းလွဲ ၂း၃၀ နာရီတွင် အနောက်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၈-၂၀၁၇ ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ တောင်ငူနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မာလာသန်း (၆၇)နှစ်

### လ/ထ ညွှန်ကြားရေးမှူး(စက်မှု-၁)

(အငြိမ်းစားအထူးအာဏာရတရားသူကြီးဦးသန်းမောင်-ဒေါ်သောင်းရီ)တို့၏သမီးထွေး၊ [ဦးကံထူး(ရဲမှူး-ငြိမ်း)-ဒေါ်ခင်ရီ]တို့၏သမီးချွေးမ၊ [ဦးဘုန်းခိုင် (စက်ရုံခွဲမှူး၊ သန်လျင်ဖန်ချက်စက်ရုံ)]၏ဇနီး၊ ကိုပြည့်ဖြိုးမောင်-မခင်ဘုန်း (ခေတ္တ-စင်ကာပူ)၊ ကိုတင်ဘုန်းခိုင်တို့၏ချစ်လှစွာသောမိခင်သည် ၅-၈-၂၀၁၇ ရက် ည ၉း၁၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၇ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကျော်ဌေး(B.Sc, Physics)

## အသက် (၅၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ရွှေသီရိ (၃)လမ်း၊ အမှတ်(၉/ခ)နေ ဒေါ်စန်းစန်းဆင့်၏ခင်ပွန်း၊ ဦးတင်အောင်-ဒေါ်မြတ်စန္ဒာဝင်းတို့၏ညီ၊ (ဦးမျိုးမြင့်)-ဒေါ်ညိုညိုဝင်းတို့၏အစ်ကို၊ မဝင့်ဝါထွန်း (CB Bank)၊ မောင်အောင်ဖြိုးပိုင်(ဒု-စုံစမ်းရေးမှူး၊ စ. စ. စ၊ ရန်ကုန်တိုင်းဒေသကြီးရုံး)၊ မောင်နေလင်းပိုင်(abc shop)တို့၏ဖခင်၊ မဆုမြတ်အောင်(Grade-9-I၊ အထက-၃၊ ဒဂုံ/မြောက်)၏ဦးလေးသည် ၆-၈-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၇ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## (၁)လပြည့်လွမ်းဆွတ်

## အမှျပေးဝေခြင်း

## မိခင် ဒေါ်တင်လှ

အမေ ကွယ်လွန်ခဲ့သည်မှာ ၆-၈-၂၀၁၇ ရက်နေ့တွင် (၁)လပြည့်ခဲ့ပါပြီ။ အမေအတွက် ရည်စူး၍ပြုလုပ်ပြီး၊ ပြုလုပ်ဆဲကောင်းမှုကုသိုလ်တို့ကို ရောက်ရာဘုံဘဝမှ ကြားသိပြီးသာဓုအနုမောဒနာခေါ်ဆို၍ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ပါစေ-

**သား-** မောင်မြင့်သိန်း
**သမီး-** မမြမြဟန်
**မြေး-** မောင်ကျော်ကျော်မြင့်

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြူကြူအေး (၇၆)နှစ်

### သူနာပြုဆရာမကြီး(ငြိမ်း)

### သွား/ဆေးတက္ကသိုလ်၊ ရန်ကုန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နေ (ဦးချစ်စု-ဒေါ်အေးတင်)တို့၏သမီး၊ ဒေါက်တာဦးကျော်စိန်(ဒုဲ့ပါမောက္ခ၊ တပ်မတော်ဆေးတက္ကသိုလ်)၏ဇနီး၊ ဦးမင်းယုနိုင်-ဒေါ်သူဇာကျော်၊ ဦးရဲဝင်း-ဒေါ်စမ်းစိမ့်စိမ့်အေး၊ ဦးရဲသူ-ဒေါ်ခင်စုစုဆွေ၊ ဦးရဲထွန်း-ဒေါ်အေးမြတ်နွယ်တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၅-၈-၂၀၁၇ (စနေနေ့) နံနက် ၅း၃၅နာရီတွင် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅၂) လမ်း၊ အမှတ် (၁၇/၁၉)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၇(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈၂၀၁၇ (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိုးဝင်း (၆၇)နှစ်

### (ပန်းတနော်-ဇရပ်လှကြီး)

### စူပါ(အုန်းသီး၊ ခြစ်/ညစ်)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၁၆)၊ (၁၀၈)လမ်းနေ (ဦးတင်ဟန်-ဒေါ်အေးညွန့်)တို့၏သား၊ (ဦးမောင်မောင်ရှင်-ဒေါ်သန်းမြင့်)တို့၏ သားသမက်၊ ဒေါ်ညွန့်ညွန့်ဆွေ၏ ခင်ပွန်း၊ (ဦးစိုးမြင့်)-ဒေါ်ထွေးတင်တို့၏ ညီ၊ ဦးခင်မောင်ဝင်း-(ဒေါ်ရင်ကြည်)၊ (ဦးခင်ဇော်)-ဒေါ်စန်းကြည်တို့၏အစ်ကို၊ မောင်ငြိမ်းချမ်း(ခ)ဖိုးလုံး-မငုဝါလွင်တို့၏ဖခင်၊ မဆုဆုစိုးစံ (Grade-4၊ အလက-၁၊ ဒဂုံ)၊ မောင်ဇွဲသုတညာဏ်တို့၏အဘိုးသည် ၆-၈-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၀၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၈-၂၀၁၇ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်လှ(ပဲခူး) (၉၇)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ လျှပ်စစ်ကိုယ်ပိုင်ဝင်း၊ အမှတ်(၁၀၇)၊ မြေညီထပ်နေ ဦးမင်းစိန် (ဒါရိုက်တာအဖွဲ့ဝင်၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း)-ဒေါ်ညွန့်ညွန့်သီ (ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ စိတ်ပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး၊ မောင်ဇေယျာမင်းသိန်း၊ မောင်ကျော်ခိုင်မင်း-မသီရိဆွေဇင်တို့၏ အဘွား၊ မောင်ဇွဲသူရကျော်(အထက-၃၊ အလုံ)၊ မဖြူနုသာ(အထက-၃၊ အလုံ)တို့၏ ချစ်လှစွာသောဘွားဘွားကြီး၊ (ဦးစိန်)၏ဇနီး ဒေါ်လှသည် ၅-၈၂၀၁၇ (စနေနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၇ (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်းအမကြီး

## ဒေါ်ငွေ (၈၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နေ (ဦးမောင်မြင့်-ဒေါ်တင်)တို့၏ သမီး၊ (ဦးလှရှိန်-ဒေါ်ထွေးခင်)တို့၏ သမီးချွေးမ၊ အမှတ်(၁၀၆-ခ)နေ ဦးသန်းအောင်(ခ)ဦးအောင်သန်း၏ဇနီး၊ (ဦးတင်လှ-ဒေါ်အေးမြင့်)တို့၏ညီမ၊ (ဦးစန်းဝေစိုး)-ဒေါ်ရင်ကြည်၊ ဦးစောနိုင်-ဒေါ်မြင့်မြင့်သန်း၊ ဦးမြင့်ထွန်း-ဒေါ်ခင်မာဆွေတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၅-၈-၂၀၁၇ (စနေနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၇ (သောကြာနေ့) နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ဇီဇဝါ(၁)လမ်း၊ အမှတ်(၂/၁၀၆-ခ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ဆေးရုံ၊ စာသင်ကျောင်း၊ ရေတွင်း၊ ရေကန်အလှူရှင်ဒါယကာကြီး

## ဦးစန်းလွင်(ခ)ဦးဖိုးစံ(မြင်းခြံ) (၆၃)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နေ (ဦးချစ်)-ဒေါ်စက်တင်တို့၏ သားကြီး၊ ဦးသောင်းကြွယ်-(ဒေါ်ခင်ရွှေ)တို့၏သားသမက်၊ ဒေါ်မြသောင်းခင်၏ ခင်ပွန်း၊ ရန်ကုန်မြို့နေ ကိုသိန်းစိုးထွန်း၊ ကိုကျော်မြင့်ထွန်းတို့၏ဖခင် ဦးစန်းလွင်(ခ) ဦးဖိုးစံသည် ၆-၈-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၇(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၈-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးထွန်းထွန်းဦး(ဟဲဟိုးမြို့) (၄၁)နှစ်

### 1/AE

ဟဲဟိုးမြို့၊ နန်းကုန်းရပ်နေ (ဦးအောင်သန်း)-ဒေါ်ခင်ဝင်းကြူတို့၏ သားကြီး၊ ရန်ကုန်မြို့နေ ဦးမျိုးလွင်မြင့်-ဒေါ်နန်းဆိုင်ခမ်းတို့၏ သားသမက်၊ မစုလှနန်းနွယ်၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးဆန်းဝင်း-မချိုချိုဝင်း၊ ဟိုပုံးမြို့နေ ဦးကျော်ဇင်သက်-မနန်းနွယ်နီဦးတို့၏ အစ်ကို၊ မောင်စွမ်းစည်သူကျော်၊ မောင်မင်းခန့်ပိုင်တို့၏ဖခင်၊ တောင်ကြီးမြို့နေ ဦးအောင်လွင်-ဒေါ်ခင်အုံး၊ ဒေါ်အေးကြည်ကြည်၊ ဦးလှဝင်း၊ ဒေါ်ခင်ဖြူတို့၏တူ/သား ဦးထွန်းထွန်းဦးသည် ၅-၈-၂၀၁၇ (စနေနေ့) မွန်းလွဲ ၂း၁၈ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၇(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၇(သောကြာနေ့) နံနက်တွင် အမှတ်(၂၃၂)၊ အလုံလမ်း၊ Orchid Condo အခန်း(၁၇၁)နှင့် ဟဲဟိုးမြို့၊ နန်းကုန်းရပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးတင်ထွတ် (၇၅)နှစ်

### မော်တင်လိန်းဂျပ်ဆင်ကျောင်းသားဟောင်း

### မော်လမြိုင်ကောလိပ်ကျောင်းသားဟောင်း

### ရုံးအုပ်(ငြိမ်း) M.E.P.E

### မော်လမြိုင် မွန်နှစ်ခြင်းအသင်းတော်

သင်းအုပ်ဆရာတော်ကြီး (ဦးအုန်းဖေ)-ဆရာမကြီး(ဒေါ်အေးမျှင်) MJHS တို့၏တတိယသား၊ (ဦးကျော်မြင့်)-ဒေါ်ဗွီးယားနု(သထုံ)၊ (ဦးတင်ထွန်း)-ဒေါ်တင်ဌေး(USA)တို့၏ညီ၊ ဦးအောင်တိုး-ဒေါ်မေကြည်ကြည်အုန်း(မော်လမြိုင်)၊ ဦးခင်မောင်သိမ်း-ဒေါ်မေရီရီအုန်း (သန်လျင်)၊ ဦးရဲချစ်-ဒေါ်မြမြ၊ (ဦးဝင်းချစ်)-ဒေါ်သိန်းအေး၊ ဦးအောင်အောင်မျိုး-ဒေါ်ခင်နီလာချစ်၊ ဦးလင်းချစ်-ဒေါ်နုနုအေးတို့၏အစ်ကို၊ ဒေါ်ခင်မာလာချစ် (ညွှန်/မှူး-ငြိမ်း၊ MEPE)၏ချစ်လှစွာသောခင်ပွန်း၊ (ကိုမင်းချစ်ထွဋ်)၊ ကိုကောင်းမြတ်ထွဋ် (Noble Empire Co., Ltd)၊ ကိုထူးမြတ်လွင်-မဆုမွန်ထွဋ် (Noble Empire Co.,Ltd)တို့၏ မွေးသဖခင်၊ မမြသက်မှူးပိုင်၊ မောင်ဇေယျာမင်းခန့်၊ မဆုမြတ်သီရိလွင်(ခ) Grace တို့၏အဘိုး၊ တူ/တူမ ၂၃ ယောက်တို့၏ချစ်လှစွာသော ဘကြီးငယ် ဦးတင်ထွတ်သည် ၅-၈-၂၀၁၇ (စနေနေ့) ည ၁၁း၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၈-၈-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံရေဝေးဓမ္မရိပ်သာ၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် ၄၄၊ အခန်း ၁၀၄၊ အင်းဝအိမ်ရာ၊ တောင်ဒဂုံမြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးညီညီ(စစ်တွေ-မင်းပြား)

## အသက် (၇၆) နှစ်

### ဒေသပါတီအတွင်းရေးမှူး(ငြိမ်း)၊ ရခိုင်ပြည်နယ်

စစ်တွေမြို့နေ (ဦးမြထွန်းအောင်-ဒေါ်လှဦးဖြူ)တို့၏ သား၊ ၊ အမှတ်(၂၁)၊ ထီးတန်းလမ်း၊ အိုးတန်းရပ်ကွက်နေ (ဦးမောင်ထွန်းကျော်-ဒေါ်သန်းကြွယ်)တို့၏ သားသမက်၊ ဒေါ်ခင်ခင်သန်း (ရွှေငါးဟင်းမွှေးမဆလာ) ၏ခင်ပွန်း၊ ဦးညီညီဦး(2/O.F.G)-ဒေါ်တင်မျိုးသီတာဦး (Ex-MAI)၊ ဦးညီညီဘု (C/O.F.G)-ဒေါ်မီမီခိုင်၊ ဦးညီညီလွင် (စုံစမ်းရေးမှူး/စ. စ. စ)-ဒေါ်ဌေးဌေးဝင်း (အလပြ/အမှတ်-၇၊ စစ်တွေမြို့)၊ ဦးညီညီဆွေ (လက်ထောက်ညွှန်ကြားရေးမှူး၊ ကျေးလက်ဦးစီးဌာန၊ ရခိုင်ပြည်နယ်)-ဒေါ်ခင်ခင်မြ၊ ဦးညီညီအောင် (2/E.F.G)-ဒေါ်ဥမ္မာမြင့်၊ ဦးညီညီဌေး (ရွှေငါးမဆလာလုပ်ငန်း)-(ဒေါ်ဆုမွန်ထွန်း)၊ ဒေါ်ညီစန္ဒာဝေ-ဦးထွန်းမင်း(1st mate-F.G)၊ ဒေါက်တာညီညီသန်းဌေး (မိုးမိတ်ပြည်သူ့ဆေးရုံ)၊ မောင်ညီညီသန်းဖြိုး(BPA-YIEco)တို့၏ မွေးသဖခင်၊ မြေးကိုးယောက်တို့၏အဘိုးရှင် ဦးညီညီသည် ၅-၈-၂၀၁၇ (စနေနေ့) နံနက် ၁၁း၁၀ နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၃)၊ သုံးလွှာ၊ မဟာဗေဒါလမ်း၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၇(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အနိစ္စ

## ဒေါ်ခင်ချို(ညောင်လေးပင်)

## အသက် (၉၆) နှစ်

ပဲနွယ်ကုန်းမြို့နေ (ဦးပြန့်လှော်-ဒေါ်အင်နား)တို့၏သမီးကြီး၊ ညောင်လေးပင်မြို့နေ (ဦးတိုက်စွမ်း-ဒေါ်ထိုးဝါး)တို့၏ သမီးချွေးမ၊ (ဦးပုလေး)၏ဇနီး၊ ပဲနွယ်ကုန်းမြို့နေ ဦးသန်းထွန်း-ဒေါ်ခင်လေးချို(မေဟွားစတိုး)၊ ဦးကြည်မြင့်-ဒေါ်ခင်ခင်လေး၊ ရန်ကုန်မြို့၊ ဓမ္မစေတီလမ်းနေ ဒေါက်တာ ဦးမောင်မောင်ကြည် (Diamond Hotel၊ ချောင်းသာ)-ဒေါ်ခင်စန်းမြင့်(ခင်သူဇာလွင် စိန်ရတနာဆိုင်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)၊ ရန်ကုန်မြို့၊ (၆)မိုင်ခွဲ၊ ရွှေဟင်္သာလမ်း၊ စပယ်ခြံ(၃)လမ်း၊ အမှတ်(၁၈၆)၊ လှိုင်မြို့နယ်နေ ဦးမောင်မောင်လွင်၊ ဦးမောင်မောင်အေး၊ ဒေါ်ခင်လေးဝေ(ခ)မဝေတို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေး လေးယောက်တို့၏ အဘွားသည် ၅-၈-၂၀၁၇ (စနေနေ့) ညနေ ၆း၁၅ နာရီတွင် စပယ်ခြံ(၃)လမ်း၊ အမှတ် (၁၈၆)၊ ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ညောင်လေးပင်မြို့၊ တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၇ (သောကြာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့၊ အမှတ် (၁၈၆)၊ စပယ်ခြံ (၃)လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ကြင်ပွား(ခ)ဒေါ်ခင်လေးရီ

## အသက် (၉၁) နှစ်

### ဒိုက်ဦး/မြောင်းမြ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အမှတ်(၅၁၆)နေ [ဦးသိန်းအောင် (တိုင်းတရားသူကြီး-ငြိမ်း)]၏ဇနီး၊ ဦးရဲထွဋ်(ခ)ဦးကျော်သိန်း-ဒေါ်တင်တင်ခိုင်၊ (ဒေါက်တာဦးလှရှိန်)၊ ဒေါ်မေစီအောင်(လ/ထ ညွှန်မှူး၊ ငြိမ်း၊ ဗဟိုဘဏ်)၊ ဒေါ်ဘေဘီအောင်-(ဒေါက်တာထွန်းထွန်း)၊ ဦးသိန်းတင်-(ဒေါ်အေးအေးတိုး)၊ (ဦးကျင်သိန်း)-ဒေါ်လှလှမြင့်၊ ဦးအေးမြင့်-ဒေါ်စန်း(တရားရေး)တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၆-၈-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၉း၃၀ နာရီတွင် မအူပင်မြို့၊ ပတ္တမြားသိင်္ဂီလမ်း၊ အမှတ်(၄၁) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် မအူပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၇ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့နေအိမ်နှင့် မအူပင်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း

## ဦးမြင့်လွင်

### လက်ထောက်မန်နေဂျာ

### လယ်-စိုက်-ရှင်း၊ စီမံ/မျိုးစေ့

## အသက်(၈၂)နှစ်

### အသင်းဝင်နံပါတ်(၀၇၅၄)

မြောက်ဒဂုံ၊ (၄၅)ရပ်ကွက်နေ ဦးမြင့်လွင်သည် ၃-၈-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

## ဒေါ်မြင့်မြင့်အေး(ခ)ဒေါ်ချိုတူး

## အသက်(၅၉)နှစ်

ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ တော်ဝင်ရပ်ရှင်ရုံ၊ (ဦးမျိုးမြင့်-ဒေါ်ကြည်ကြည်)တို့၏သမီး၊ ဒေါက်တာဦးသစ်လွင်-ဒေါ်မြင့်မြင့်ကြည်၊ (ဒေါ်နီနီ)တို့၏ ညီမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသာဝတီလမ်း၊ အမှတ်(၄၀၂)နေ (ဦးဌေးလှိုင်)၏ဇနီး၊ ဦးကျော်သူရ(ခ)ကိုတူးတူး-ဒေါ်လှိုင်မြတ်နွယ်(ခ)ပိုပိုတို့၏မိခင်၊ မောင်ရဲရင့်သူရ၊ မောင်ထက်မြတ်သူရတို့၏ အဘွားသည် ၅-၈-၂၀၁၇ (စနေနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၇ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၇ (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မေမေလှိုင်(သထုံ)

## အသက် (၉၃) နှစ်

သထုံမြို့နေ (ဦးဘိုးချစ်-ဒေါ်မြမြ)တို့၏ သမီး၊ (ဒေါ်မမကြီး)၊ (ဦးအုန်းသွင်)၊ (ဦးသန်းမြင့်)၊ (ဦးအုန်းမြင့်)၊ (ဦးလှတင်)တို့၏ညီမ၊ (ဒေါ်မေမေညွန့်)၊ ဒေါ်ခင်ခင်ရီတို့၏အစ်မသည် ၅-၈-၂၀၁၇ ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၇ (တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မေမေလှိုင်(သထုံ)

## အသက် (၉၃) နှစ်

သထုံမြို့နေ(ဦးဘိုးချစ်-ဒေါ်မြမြ)တို့၏သမီး၊ တိုက်(၂၅၄)၊ အခန်း(၆)၊ (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ [ဒု-ဗိုလ်မှူးကြီးခင်မောင်ညွန့်(ငြိမ်း)၊ ကြည်း-၅၃၆၁]၏ဇနီး၊ ဒေါက်တာခင်မောင်သက်၊ ဦးခင်မောင်ထွန်း-ဒေါ်မေထား၊ ဒေါ်ခင်မိုးလှိုင်-ဗိုလ်မှူးခင်မောင်ထူး(ငြိမ်း)တို့၏မိခင်ကြီး၊ ဒေါက်တာအောင်မြင်၊ ဒေါ်ဖူးငုံသဲ-ဦးသန့်ဇင်နိုင်တို့၏ အဘွား၊ မသက်သဒ္ဓါ၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၅-၈-၂၀၁၇ ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၇ (တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးဒီဖိုး(ခ)ဖောင်ကက်ရီ အသက်(၉၀)

### သွားဘက်ဆိုင်ရာဆရာဝန်

ရန်ကုန်မြို့နေ (ဖောင်ဝန်ဆန်-ကျန်ကျူရင်)တို့၏သား၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၂၀၉)၊ ပထမထပ်၊ အခန်း(၈)၊ ပန်းဆိုးတန်းလမ်းနေ ဒေါ်လိမ်လိမ်၏ခင်ပွန်း၊ ဦးကျော်စွာ(စာရေးဆရာချစ်ဦးညို)-ဒေါ်မြင့်မြင့်အေး၊ (ဦးခင်ထွန်း)၊ ဦးမြင့်ထွေး-ဒေါ်မြင့်မြင့်ရီ၊ ဦးဝင်းစိန်၊ ဦးစိန်ထွန်း၊ ဦးရင်ဟုန်-ဒေါ်အေးအေးထွေး၊ ဦးအောင်ဇော်ထွန်းတို့၏ဖခင်၊ မသင်းခိုင်စိုး၊ ကျော်ဇေယျ၊ ဖြူမွန်သိမ့်၊ ဘေဘီလေး၊ အောင်ဖြိုးပိုင်၊ မေသက်ဖြိုးပိုင်တို့၏ အဘိုး ဦးဒီဖိုး(ခ)ဖောင်ကက်ရီသည် ၆-၈-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၃း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၈-၂၀၁၇ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## မယ်တော် ဒေါ်သန်းမြင့်(ဟင်္သာတ)

## အသက်(၇၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ အင်ရမ်းကျေးရွာအုပ်စု၊ မအူကုန်ကျေးရွာနေ (ဦးဖိုးစိန်မြ-ဒေါ်မယ်မြ)တို့၏သမီး၊ (ဦးမောင်စိန်-ဒေါ်မယ်မှုန်)တို့၏သမီးချွေးမ၊ ဦးဟန်သိန်း၏ချစ်လှစွာသောဇနီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဗောဓိရိပ်ငြိမ်ဆရာတော် (ပုဒ္ဓေါ်ရသ) ဘဒ္ဒန္တကုန္ဒာစရိယ၏မယ်တော်၊ ဟင်္သာတမြို့နယ်၊ မအူကုန်ကျေးရွာနေ ဦးခင်လှိုင်-ဒေါ်ညွန့်ရီ၊ ဒေါ်ဝင်းဌေး၊ ဦးခင်ဝင်း-ဒေါ်အုန်းလှ၊ ဦးဝင်းနိုင်ဦး-ဒေါ်ခင်သီတာထွေး၊ ကိုဇော်လွင်-မအေးအေးနွယ်တို့၏မွေးသမိခင်၊ မြေး ၁၈ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၅-၈-၂၀၁၇ (စနေနေ့) ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် မှော်ဘီမြို့ မြို့မသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစံလှ(ဟင်္သာတ) (၆၈)နှစ်

### အ. လ. က(၃)၊ တ/ဥ ကျောင်းဆရာဟောင်း

### တရားလွှတ်တော်ရှေ့နေ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ သီရိရတနာလမ်း၊ အမှတ်(၉၄၆)နေ (ဦးလှမောင်-ဒေါ်မြ)၊ (ဦးကျော်စိန်-ဒေါ်တင်ခ)တို့၏သား၊ ဦးရန်အောင်-ဒေါ်အုန်းငွေ၊ ဦးခင်တင့်-ဒေါ်အုန်းမေတို့၏မောင်၊ ဦးလှမြင့်-ဒေါ်သန်းမြ၊ ဦးဌေးအောင်-ဒေါ်တင့်တင့်၊ ဦးသန်းအောင်-ဒေါ်ကျင်လှိုင်၊ (ဦးဌေးလွင်)-ဒေါ်ရင်နုတို့၏ အစ်ကိုကြီး၊ ဒေါ်ရင်မြင့်၏ခင်ပွန်း၊ ဒေါ်လှမွန်မွန်မြင့် (တရားလွှတ်တော်ရှေ့နေ)၊ ဦးလှမောင်မောင်မြင့် (Snow Everest Co.,Ltd)-ဒေါ်စုစုလွင်(မြန်မာ့သစ်လုပ်ငန်း)တို့၏မွေးသဖခင်သည် ၆-၈-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇း၃၅ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၈-၈-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါက်တာကျော်ဝင်း (၆၄)နှစ်

### (BVS 1972-1979)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ (ဦးလှမြင့်-ဒေါ်သန်းကြည်)တို့၏ သားငယ်၊ ရန်ကင်းမြို့နယ်နေ ( ဦးလှအေး-ဒေါ်အေးမြင့်)တို့၏ သားသမက်၊ (ဦးအောင်သန်း)-ဒေါ်ခင်ခင်နွယ်၊ ဒေါ်နုနုဝင်း(တွဲဖက်ပါမောက္ခ-ငြိမ်း၊ မြန်မာစာဌာန)၊ ဒေါ်ခင်သန်းဝင်း(အဝေးသင်-ငြိမ်း)တို့၏ ညီ/မောင်၊ ဦးလှဇော် (MCG Co., Ltd)-ဒေါ်ဆွေဆွေဝင်း(အမက-၁၊ ကမာရွတ်၊ ငြိမ်း)တို့၏အစ်ကို၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ တိုက်(၃၃၂)၊ အခန်း(၁)နေ မောင်ထက်အောင်ဖြိုး (Supervisor, Sony Myanmar)၊ ဒေါက်တာသီရိဆုဝေ (ရောဂါရှာဖွေရေး မွေး၊ကုဦးစီး)တို့၏ မွေးသဖခင်၊ ဒေါက်တာဝေဝေခင်(ဒု-ညွှန်မှူး-ငြိမ်း၊ မွေးကုဦးစီး)၏ ချစ်လှစွာသောခင်ပွန်း ဒေါက်တာကျော်ဝင်း(BVS rgn)သည် ၅-၈-၂၀၁၇ (စနေနေ့) ည ၁၁း၅၅နာရီတွင် ရန်ကုန်ဆေးရုံကြီး နှလုံးရောဂါအထူးကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၇ (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၇ (သောကြာနေ့)တွင် ရန်ကင်းနေအိမ်သို့ ရက်လည်တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်တူး အသက်(၆၀)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ (၆၄)လမ်း၊ အမှတ်(၂၇)နေ ဦးကျင်ဟို-ဒေါ်မြစိန်တို့၏သမီး၊ (ဦးမောင်မောင်-ဒေါ်သိန်းကြည်)တို့၏ သမီးချွေးမ၊ ဦးတင်လင်း၏ ဇနီး၊ ဦးအောင်ကျင်လင်း၊ ဦးအောင်ကျင်မင်း-ဒေါ်မြတ်မြတ်ကို၊ ဒေါက်တာစည်သူလင်း-ဒေါက်တာခင်မာကြည်တို့၏မိခင်၊ မောင်စည်သူဘုန်းမြင့်၏အဘွားသည် ၅-၈-၂၀၁၇ (စနေနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၇ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကရင်တိုင်းရင်းသားများ၏ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာပွဲတော် ရန်ကုန်မြို့၌ကျင်းပ

**ရန်ကုန် ဩဂုတ် ၆**

ကရင်တိုင်းရင်းသားတို့ ယုံကြည်မြတ်နိုးတန်ဖိုးထားကာ ထိန်းသိမ်းလျက်ရှိသည့် ရိုးရာဓလေ့များစွာအနက်မှ ဝါခေါင်လအတွင်း ကျင်းပသော ချည်ဖြူဖွဲ့မင်္ဂလာ ရိုးရာဓလေ့ပွဲတော်ကို ယနေ့နံနက်ပိုင်းက ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားရှိ ပြည်နယ် ကျက်သရေကျောင်း၌ ကျင်းပသည်။

ကရင်ရိုးရာ ချည်ဖြူဖွဲ့ခြင်းဆိုသည်မှာ ချည်ဖြူဖြင့် လက်ကို ရစ်ပတ်ချည်နှောင်ပြီး မင်္ဂလာပြုခြင်းဖြစ်သည်။ ကွဲကွာနေသောဆွေမျိုးများ ပြန်လည်ဆုံတွေ့နိုင်စေရန်၊ မိသားစုများ ပြန်လည်စုစည်းရန်၊ စာပေ၊ စကား၊ အနုပညာ၊ ဝတ်စားဆင်ယင်မှုနှင့် ရိုးရာဓလေ့များ မပျောက်ကွယ်စေရန်၊

**စာမျက်နှာ ၁၄ ကော်လံ ၄ သို့ ❖**



## တာဝန်သိစိတ်ဖြင့် ရပ်တည်ခဲ့သည့် နိုင်ငံသားများအား ကျေးဇူးတင်ရှိကြောင်း ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**"ပြည်သူသို့ကျေးဇူးတင်လွှာ"**
**၁၃၇၉ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်**
**(၂၀၁၇ ခုနှစ် ဩဂုတ်လ ၆ ရက်)**

၁။ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့တွင် ဩဂုတ်လ ၂ ရက်နေ့မှ ဩဂုတ်လ ၅ ရက်နေ့အထိ မျိုးချစ်အဖွဲ့အမည်ခံ သံဃာအချို့နှင့် လူပုဂ္ဂိုလ်အချို့တို့က နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ပျက်ပြားစေရန် ထိုင်သပိတ်များပြုလုပ်ကာ ဆန္ဒပြမှုများ ဆောင်ရွက်ခဲ့ပါသည်။

၂။ ပြည်သူလူထုအနေဖြင့် ၎င်းလုပ်ရပ်များကို ထောက်ခံခြင်း၊ ပူးပေါင်းပါဝင်ခြင်းများ မပြုခဲ့သည့်အပြင်၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များကလည်း ဥပဒေနှင့်အညီ တည်ငြိမ်စွာဖြင့် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ခဲ့ကြပါသည်။

၃။ နိုင်ငံ၏ရေရှည်အကျိုးကိုမျှော်ကိုးပြီး နိုင်ငံသူ နိုင်ငံသားတို့က တာဝန်သိစိတ်ဖြင့် ရပ်တည်ခဲ့ခြင်းအတွက် ကျေးဇူးဥပကာရ အထူးပင်တင်ရှိကြောင်း ထုတ်ပြန်အပ်ပါသည်။

ရိုးရာလက်ဝှေ့မကျေပွဲ

## စိုးလင်းဦး ရှုံးကြွေးမဆပ်နိုင်ဘဲ သရေဖြင့်သာကျေနပ်ခဲ့ရ

**ရန်ကုန် ဩဂုတ် ၆**

ရိုးရာလက်ဝှေ့မကျေပွဲ ပြန်လည်ထိုးသတ်သည့်ပွဲတွင် စိုးလင်းဦးသည် ဇွန် ၁၀ ရက်က ရှုံးနိမ့်ခဲ့သည့်ရှုံးကြွေးကို မဆပ်နိုင်ဘဲ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ယနေ့ယှဉ်ပြိုင်သော နောက်ဆုံးပွဲစဉ်ဖြစ်သည့် စိုးလင်းဦးနှင့်အာသာဆာလာဒ်ဒိုက်တို့ မကျေပွဲပြန်လည်တွေ့ဆုံပွဲတွင် သူတို့နှစ်ဦး ကြိုးဝိုင်းပေါ်တက်ရောက်လာကတည်းက ပရိသတ်အချစ်တော် စိုးလင်းဦးကို အားပေးသံက အားကစားရုံတစ်ခုလုံး ဟိန်းထွက်လာသည်။ ပြိုင်ဘက်နှစ်ဦး ဒုတိယအကြိမ် မကျေပွဲတွေ့ဆုံမှုတွင် ပထမအချီ စတင်ကတည်းက နှစ်ဦးစလုံး တိုက်စစ်ဆင်သည်။ အရပ်အမောင်းသာသည့် မွေထိုင်းလက်ဝှေ့ကျော် ဆာလာဒ်ဒိုက်မျက်နှာကို စိုးလင်းဦး၏ ပင့်လက်သီးများက တရစပ်ဝင်နေသည်။ အလွယ်ဖြိုမရမှန်း သိသွားသည့် ဆာလာဒ်ဒိုက်မှာ စိုးလင်းဦးကို သတိထားနေရသည်။ ဒုတိယအချီတွင် ဆာလာဒ်ဒိုက် လက်သီးနှင့်တံတောင်တစ်ပြိုင်တည်းတွဲသုံးသည်။ စိုးလင်းဦးက လျင်သည်။ အလွတ်ရှောင်ထွက်သည်။ တစ်ခါတစ်ရံ ဆာလာဒ်ဒိုက်၏ ပါဝါပြင်းဒူးပျံကို စိုးလင်းဦး သတိထားနေရသည်။

**စာမျက်နှာ ၅ ကော်လံ ၅ သို့ ❂**



စိုးလင်းဦး (မြန်မာ)နှင့် ဆာလာဒ်ဒိုက် (ပိုလန်)တို့ ယှဉ်ပြိုင်ထိုးသတ်နေကြစဉ်။



ကျောက်စိမ်းအတွဲများကို ရတနာကုန်သည်များ လွတ်လပ်စွာ စိတ်ကြိုက်လေ့လာကြစဉ်။

## (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျောက်စိမ်းအတွဲများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချ

**နေပြည်တော် ဩဂုတ် ၆**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပပြီး ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စတင်ရောင်းချပေးသည်။

**ဩဂုတ် ၂ ရက်မှ ၄ ရက်အထိ ကျောက်မျက် ၁၀၅ တွဲကို ယူရို ၃ ဒသမ ၀၆ သန်းဖြင့် ရောင်းချနိုင်ခဲ့**

ပြပွဲပဉ္စမနေ့တွင် နံနက် ၈ နာရီခွဲမှ စ၍ ပြည်တွင်းပြည်ပ ရတနာကုန်သည်များသည် သတ်မှတ်ဇရိယာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်း အတွဲများနှင့် မဏိရတနာ ကျောက်စိမ်းခန်းမ မြေညီထပ်နှင့် ပထမထပ်တို့တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်း အတွဲများကို မိမိတို့စိတ်ကြိုက် လွတ်လပ်စွာ ကြည့်ရှုလေ့လာရွေးချယ်

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❍**



